# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကြည်လင်သောစိတ်ဖြင့် ချမ်းသာစွာနေရ**

တရားတည်းဟူသောအမြိုက်ရေကိုသောက်ရသူသည် အထူးသန့်ရှင်းကြည်လင်သောစိတ်ဖြင့် ချမ်းသာစွာ နေရ၏။ ပညာရှိသည် အခါခပ်သိမ်းအရိယာသူတော်ကောင်းတို့ ဟောအပ်သော (ဗောဓိပက္ခိယ) တရား၌ မွေ့လျော်၏။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၇၉)


၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၄ ရက် ၂၀၂၃ ခုနှစ်၊ ဩဂုတ် ၁၅ ရက်၊ အင်္ဂါနေ့ အတွဲ (၆၂)၊ အမှတ်(၃၁၅)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်တွင်း၌ ဆေးဝါးများ လုံလောက်စွာ ထုတ်လုပ်နိုင်ရေးအတွက် ပြည်ပမှ ဆေးဝါးကုန်ကြမ်းများ တင်သွင်း၍ ပြည်တွင်းစက်မှုလုပ်ငန်းများဖြင့် ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ

နေပြည်တော် ဩဂုတ် ၁၄

စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်း BPI Pharmaceutical Museum နှင့် မြွေဆိပ်ဖြေဆေး အေးခဲခြောက်ထုတ်လုပ်ရေးစက် Freeze Dryer Machine အသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် မြန်မာ့ဆေးဝါးလုပ်ငန်း၊ ဆေးဝါးစက်ရုံ (အင်းစိန်)၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးလုပ်ငန်း၊ ဆေးဝါးစက်ရုံ(အင်းစိန်)မှ ဝန်ထမ်းများ၊ တာဝန်ထမ်းဆောင်ဆဲနှင့် အငြိမ်းစား ဆေးဝါးပညာရှင်ကြီးများ တက်ရောက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❖



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ မြွေဆိပ်ဖြေဆေးထုတ်လုပ်ရေးဌာန၌ မြွေဆိပ်ဖြေဆေး ထုတ်လုပ်နေမှုများကို ကြည့်ရှုစဉ်။


ယနေ့ *ဖတ်စရာ*

**မာရဝိဇယမြတ်ဗုဒ္ဓ စည်ကားသိုက်မြိုက်စွာ ပူဇော်ကြ**
ဆောင်းပါး စာ ၆

**မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူ ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြည်ညို၊ အထူးစည်ကားများပြား**
ပြည်တွင်းသတင်း စာ ၈

**မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်၏ ကုန်သွယ်မှုအခြေအနေ**
စီးပွားရေးသတင်းများ စာ ၁၄

## အစွမ်းထက်ဆေးဝါးများ ထုတ်လုပ်နိုင်ရေး ဆေးဝါးသုတေသနများ ပိုမိုဆောင်ရွက်

ဘီပီအိုင်ဟုဆိုလျှင် မြန်မာနိုင်ငံထုတ် အာနိသင်ထက်မြက်သော ဆေးဝါးများ၏ အမှတ်တံဆိပ်ဖြစ်သည်ဟူ၍ မြန်မာနိုင်ငံသားတိုင်း သိကြသည်။ တရုတ်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်စသည့် ပတ်ဝန်းကျင်နိုင်ငံများမှ တင်သွင်းလာသည့် အလားတူ ဆေးဝါးများနှင့်ယှဉ်လျှင် ဘီပီအိုင်မှ ထုတ်သည့် ဆေးများက အာနိသင် ပိုမိုကောင်းမွန်သလို ဈေးနှုန်းကလည်း ပိုမိုမြင့်မားနေတတ်သည်ကို ဈေးကွက်တွင် တွေ့ရသည်။

မြန်မာနိုင်ငံ ဆေးဝါးထုတ်လုပ်ရေးစက်ရုံကို တစ်ခေတ်တစ်ခါက Burma Pharmaceutical Industry (BPI) ဟူ၍ ထင်ရှားကျော်ကြားခဲ့သည့်အလျောက် ၎င်းအမှတ်တံဆိပ်ကိုသာ ပြည်သူလူထုက ခေတ်အဆက်ဆက်စွဲခဲ့ကြသည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် ဖဆပလအစိုးရလက်ထက်တွင် ပြည်တော်သာ စီမံကိန်း၏ ကဏ္ဍတစ်ရပ်အဖြစ် ပေါ်ထွန်းလာခဲ့သော ဘီပီအိုင်၏ သက်တမ်းမှာ လာမည့်နှစ်ဆိုလျှင် နှစ် ၇၀ တင်းတင်းပြည့်ပြီဖြစ်သည်။ အင်းစိန် (ကြို့ကုန်း) တွင် စတင်ခဲ့သော ဘီပီအိုင်ဆေးဝါးထုတ်လုပ်ရေး စက်ရုံများသည် ရွာသာကြီး စက်ရုံခွဲ၊ ကျောက်ဆည် (အင်ရောင်း)၊ ပြင်ဦးလွင်စသည်ဖြင့် စက်ရုံများ တိုးတက်ဖြစ်ထွန်းလာသကဲ့သို့ တပ်မတော်၏ မှော်ဘီဆေးဝါးစက်ရုံ၊ ပြည်တွင်းရှိ ပုဂ္ဂလိက ဆေးဝါးစက်ရုံများ စသည်တို့မှ ထုတ်လုပ်လိုက်သမျှသော ဆေးဝါးများအားလုံး စုပေါင်းလိုက်လျှင်ပင် ပြည်တွင်းလိုအပ်ချက်၏ ၂၀ ရာခိုင်နှုန်းမျှကိုသာ ဖြည့်ဆည်းနိုင်သေးကြောင်း သိမှတ်ရသည်။

ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းများသည် အခြားကုန်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းများနှင့် မတူဘဲ အဆောက်အအုံများနှင့် စက်ပစ္စည်းများအတွက် သတ်မှတ်ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီစေရသကဲ့သို့ပင် ဆေးဝါးထုတ်လုပ်ရာတွင်လည်း ကောင်းမွန်သော ထုတ်လုပ်မှုနည်းစဉ် (GMP Guideline) အတိုင်း တိကျစွာ ထုတ်လုပ်ကြရသည်။ ဆေးဝါးတစ်မျိုးချင်းစီအတွက် ဆိုလျှင်လည်း ဆေး၏ ဖော်မြူလာနှင့် စံချိန်စံညွှန်းကိုက်ညီသော ထုတ်လုပ်မှုနည်းစဉ်များကို တိကျစွာ လိုက်နာဆောင်ရွက်ကြရခြင်းဖြစ်ရာ နည်းပညာမြင့်မားခြင်းနှင့်အတူ ရင်းနှီးမြှုပ်နှံမှုမှာလည်း ကြီးမားသည်။ မိမိတို့နိုင်ငံတွင် ဆေးနှင့် ဆေးပစ္စည်းများ နှစ်စဉ်အမေရိကန်ဒေါ်လာ သန်း ၄၀၀ ဖိုးခန့် တင်သွင်းနေရခြင်းဖြစ်ရာ ပြည်တွင်းဆေးဝါးလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် ပမာဏကြီးမားလှစွာသော ကွက်လပ်ကျန်ရှိနေသည်။

မြန်မာ့ဆေးဝါးလုပ်ငန်း၊ ဆေးဝါးစက်ရုံ (အင်းစိန်) တွင် ဩဂုတ် ၁၄ ရက်က BPI Pharmaceutical Museum ဖွင့်ပွဲကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် အမှာစကားပြောကြားရာတွင် "အစွမ်းထက်သည့် ဆေးဝါးများ ထုတ်လုပ်နိုင်ရေး ဆေးဝါးသုတေသနလုပ်ငန်းများကို ပိုမိုဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် ပြည်တွင်း၌ ဆေးဝါးမလုံလောက်မှုများကြောင့် ပြည်ပမှ နှစ်စဉ်တင်သွင်းနေရကြောင်း၊ ပြည်တွင်း၌ ဆေးဝါးများလုံလောက်စွာ ထုတ်လုပ်နိုင်ရေးအတွက် ပြည်ပမှ ဆေးဝါးကုန်ကြမ်းများ တင်သွင်း၍ ပြည်တွင်းစက်မှုလုပ်ငန်းများဖြင့် ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ အများအသုံးပြုသည့် ဆေးဝါးများကို ပြည်တွင်းလုံလောက်မှုရှိအောင် ဆောင်ရွက်ရန်လိုကြောင်း" ထည့်သွင်းပြောကြားခဲ့သည်။

ဆေးဝါးသုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဆေးဝါးအမယ်သစ်များ တီထွင်ထုတ်လုပ်ခြင်းတို့တွင် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ပြုလုပ်၍ ပြည်တွင်းဆေးနှင့် ဆေးပစ္စည်းလိုအပ်ချက်ကို တစ်နှစ်ထက်တစ်နှစ် ပိုမိုဖြည့်ဆည်းပေးနိုင်ရန်နှင့် ရေရှည်တွင် ဆေးဝါးထုတ်လုပ်သော နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်ကာ မြန်မာနိုင်ငံထုတ် ဆေးနှင့် ဆေးပစ္စည်းများ ပြည်ပဈေးကွက်များသို့ တွင်ကျယ်စွာ တင်ပို့နိုင်ရေးအတွက် နိုင်ငံတော်အပိုင်းမှရော ပုဂ္ဂလိက ကဏ္ဍကပါ မဖြစ်မနေ အားထုတ်ကြိုးပမ်းကြရေး တိုက်တွန်းနှိုးဆော်အပ်ပါကြောင်း။ ။

## တရားမအထူးအယူခံမှု (၄) မှုကို ရုံးထိုင်ကြားနာပြီး တရားမအထူးအယူခံမှု (၁) မှုကို ပလပ်သည့် အမိန့်ချမှတ်

နေပြည်တော် ဩဂုတ် ၁၄

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးကြည်သိန်း၊ ဦးတင်ဟုန်၊ ဦးသောင်းနိုင် နှင့် ဦးသိန်းကိုကို တို့ ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁) ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ထိန်းချုပ်ရေး ညွှန်ကြားချက်များနှင့်အညီ ရုံးထိုင်၍ တရားမအထူးအယူခံမှုအမှတ် ၁၃/၂၀၂၃ (ရောဝတီ)၊ ၄၀/၂၀၂၂ (စစ်ကိုင်း)၊ ၃/၂၀၂၃ (ရှမ်း) နှင့် ၄/၂၀၂၃ (ရှမ်း)၊ စုစုပေါင်း တရားမအထူးအယူခံမှု (၄) မှု တို့ကို ရုံးထိုင်ကြားနာခဲ့ပြီး တရားမအထူးအယူခံမှုအမှတ် ၁၃/၂၀၂၃ (ရောဝတီ) အမှုကို ပလပ်သည့် အမိန့်ချမှတ်ခဲ့ကြောင်းသိရသည်။ **သတင်းစဉ်**



## (၇) ကြိမ်မြောက် တရုတ် - တောင်အာရှကုန်စည်ပြပွဲ၊ (၂၇)ကြိမ်မြောက် တရုတ်(ကူမင်း) ပို့ကုန် / သွင်းကုန် ကုန်စည်ပြပွဲဖွင့်ပွဲနှင့် ဆက်စပ်အခမ်းအနားများသို့ တက်ရောက်ရန် ပြည်ထောင်စုဝန်ကြီးများ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် ဩဂုတ် ၁၄

(၇) ကြိမ်မြောက် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲ၊ (၂၇) ကြိမ်မြောက် တရုတ် (ကူမင်း) ပို့ကုန်/သွင်းကုန် ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားနှင့် ၂၀၂၃ ခုနှစ် မဟာမဲခေါင် ဒေသခွဲ စီးပွားရေးစင်္ကြံ အုပ်ချုပ်သူများဖိုရမ်နှင့် အခြားဆက်စပ်အခမ်းအနားများသို့ တက်ရောက်ရန် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးတို့ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြသည်။

ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့အား သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါ အခမ်းအနားများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ယူနန်ပြည်နယ် ပြည်သူ့အစိုးရတို့က ကြီးမှူး၍ ကူမင်းမြို့ ၌ ဩဂုတ် ၁၆ ရက် မှ ၂၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(၇)ကြိမ်မြောက် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲကို "Solidarity Coordination & Coordination for Common Development" ခေါင်းစဉ်ဖြင့် ကျင်းပမည်ဖြစ်ပြီး ပြပွဲတွင် ကဏ္ဍစုံပြခန်းပေါင်း ၁၅ ခန်း ပါဝင်မည်ဖြစ်ကြောင်း၊ 4th China–South Asia Cooperation Forum၊ 2023 GMS Economic Corridor Governors Forum၊ The 16th China – Southeast Asia Business Forum၊The 4th Forum on China – South Asia Technology Transfer and Collaborative Innovation၊ The 11th China – South Asia & Southeast Asia Arts Week၊ The 4th Lancang – Mekong၊ Audiovisual Week တို့ အပါအဝင် ဖိုရမ် ၁၀ ခုကျော်ကိုလည်း တစ်ပြိုင်နက်တည်း ကျင်းပသွားမည်ဖြစ်ကြောင်း၊ တရုတ်-တောင်အာရှ ကုန်စည်ပြပွဲ ဒစ်ဂျစ်တယ်ပလက်ဖောင်းကို အွန်လိုင်းတွင် တစ်ပြိုင်နက်တည်း တင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းကုန်စည်ပြပွဲကို တရုတ်နိုင်ငံနှင့် တောင်အာရှနိုင်ငံများ၊ အရှေ့တောင်အာရှ နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုဖလှယ်ရေး ပိုမိုမြှင့်တင်စေရန်၊ ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးသွားရန်နှင့် ချစ်ကြည်ရင်းနှီးမှုများကို မျှဝေသွားရန်ဟူသော ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်းနှင့် (၂၇) ကြိမ်မြောက် တရုတ် (ကူမင်း) ပို့ကုန်/ သွင်းကုန်ပြပွဲကိုလည်း ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)၌ Certificate in Digital Marketing and Innovation-CDMI(Batch-I) ဖွင့်လှစ်မည်

ရန်ကုန် ဩဂုတ် ၁၄

သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)၌ ဒစ်ဂျစ်တယ်နည်းလမ်းဖြင့် ဈေးကွက်ဖော်ဆောင်ရေးလုပ်ငန်းများကို တတ်သိနားလည်ပြီး အသုံးချနိုင်စေရန်၊ ပြိုင်ဘက်လုပ်ငန်းများထက် သာလွန်သော ဈေးကွက်ဖော်ဆောင်ရေးဆိုင်ရာ သဘောတရားများ၊ နည်းလမ်းများနှင့် ဆန်းသစ်တီထွင်မှုများကို သိရှိစေရန်၊ လက်တွေ့ဈေးကွက်ဖော်ဆောင်ရာ၌ ကြုံတွေ့ရမည့် ပြဿနာများကို ဖြေရှင်းရာတွင် နည်းစနစ်ကျစွာ တွေးခေါ်တီထွင် ဆန်းသစ်နိုင်စေရေးအတွက် အထောက်အကူပြုနိုင်စေရန်နှင့် နိုင်ငံတကာအဆင့် ဈေးကွက်ဖော်ဆောင်ရေးဆိုင်ရာ နည်းပညာများကို ကျွမ်းကျင်စွာအသုံးပြုနိုင်သည့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်စေရန် ရည်ရွယ်၍ Certificate in Digital Marketing and Innovation–CDMI (Batch–I) Free Online Certificate Course ကို ၂၀၂၃ ခုနှစ် ဩဂုတ်လ၊ အောက်တိုဘာလနှင့် နိုဝင်ဘာလများတွင် အပတ်စဉ် စနေနေ့နှင့် တနင်္ဂနွေနေ့များ၌ နံနက် ၉ နာရီမှ ၁၂ နာရီအထိ ဖွင့်လှစ်သင်ကြားပို့ချသွားမည်ဖြစ်သည်။

သင်တန်းသို့ တက်ရောက်လိုသူများအနေဖြင့် https://forms.gle/FX5QmvXRrJvYcF8U9 Link မှတစ်ဆင့် Google Form တွင် ဖြည့်စွက်ပြီး ၁၆-၈-၂၀၂၃ ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် BPI Pharmaceutical Museum အထိမ်းအမှတ်ကျောက်စာတိုင်အား အမွှေးနံ့သာ ပက်ဖျန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ Museum Directory Map ကို ကြည့်ရှုစဉ်။

❖ *ရွှေဖုံးမှ*

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က BPI Pharmaceutical Museum အထိမ်းအမှတ်ကျောက်စာတိုင်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာများ ပက်ဖျန်းပေးသည်။ ထို့နောက် ၁၉၅၄ ခုနှစ်၊ ဧပြီ ၂၃ ရက်တွင် ဝန်ကြီးချုပ်ဟောင်း ဦးနု စိုက်ထူခဲ့သည့် မြန်မာနိုင်ငံဆေးဝါးလုပ်ငန်း အထိမ်းအမှတ်ကျောက်တိုင်ကို ကြည့်ရှုလေ့လာကြသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က "BPI ဆေးဝါးထုတ်လုပ်မှုသမိုင်းပြခန်း" BPI Pharmaceutical Museum ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Feature Wall၊ Museum Directory Map ၊ မှတ်တမ်းဓာတ်ပုံများနှင့် ပန်းချီကားများကို ကြည့်ရှုကြသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Museum ရှင်းလင်းဆောင်သို့ ရောက်ရှိကြပြီး စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် မြန်မာ့ဆေးဝါးစက်ရုံ (အင်းစိန်)သို့ ရောက်ရှိစစ်ဆေးစဉ် လမ်းညွှန်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ဆေးဝါးထုတ်လုပ်ရေးဆိုင်ရာ အဆောက်အဦများ ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးမှု၊ မြွေဆိပ်ဖြေဆေးများ တိုးမြှင့်ထုတ်လုပ်နိုင်ရေးဆောင်ရွက်ခဲ့မှု၊ ဆေးဝါးများထုတ်လုပ်ရာတွင် အရည်အသွေးပြည့်မီသည့် ပစ္စည်းများ အသုံးပြုထုတ်လုပ်လျက်ရှိမှု၊ ပြည်ပမှ ဆေးဝါးများ တင်သွင်းမှုကို လျှော့ချနိုင်ရေးအတွက် ပြည်တွင်း၌ ဆေးဝါးများထုတ်လုပ်မှုကို တိုးမြှင့်ဆောင်ရွက်လျက်ရှိမှု၊ ဆေးဝါးများ ဈေးနှုန်းသက်သာစွာဖြင့် ပြည်သူများ ဝယ်ယူအသုံးပြုနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ ဆေးဝါးအမယ်သစ်များ ထပ်မံတိုးမြှင့်ထုတ်လုပ်လျက်ရှိမှု၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိစေရေးအတွက် စနစ်တကျဖြင့် ဆောင်ရွက်လျက်ရှိမှု၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများထုတ်လုပ်လျက်ရှိမှု၊ BPI ဆေးဝါးထုတ်လုပ်မှုသမိုင်းပြခန်း (BPI Pharmaceutical Museum) ၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းတင်ပြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Museum ရှင်းလင်းဆောင်၌ တင်ပြချက်များနှင့်စပ်လျဉ်းပြီး အမှာစကားပြောကြားစဉ်။

**❖ နိုင်ငံတော်ပိုင်စက်မှုလုပ်ငန်းများသည် ပြည်သူများ၏သက်သာချောင်ချိရေးအတွက် ဦးတည်ဆောင်ရွက်နေခြင်းဖြစ်**

**❖ မိမိတို့ထုတ်လုပ်လိုက်သည့် ထုတ်ကုန်ပစ္စည်းများကို ပြည်သူများ ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူအသုံးပြုနိုင်ပြီး ပြည်သူများအတွက် အကျိုးရှိအောင် ဆောင်ရွက်ရန်လို**

**❖ ထုတ်ကုန်ပစ္စည်းများ၏အရည်အသွေးများ ကောင်းမွန်နေရန်နှင့် ထုပ်ပိုးမှုများလည်း ကောင်းမွန်ရန်လို**

ထို့နောက် မြန်မာ့ဆေးဝါးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာ အောင်ခိုင်က BPI ဆေးဝါးထုတ်လုပ်မှုသမိုင်းပြခန်း တည်ဆောက်ခဲ့မှု၊ မြွေဆိပ်ဖြေဆေးအေးခဲခြောက်စက် တပ်ဆင်ဆောင်ရွက်ခဲ့မှုနှင့် မြန်မာ့ဆေးဝါးလုပ်ငန်း၏ ဆေးဝါးထုတ်လုပ်မှုနှင့် ရောင်းချမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

**သမိုင်းမော်ကွန်းထိုးနိုင်ခဲ့သည့်ရက်ဖြစ်**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တင်ပြချက်များနှင့်စပ်လျဉ်းပြီး အမှာစကား ပြောကြားရာတွင် ယနေ့သည် မြန်မာ့ဆေးဝါးလုပ်ငန်း၊ ဆေးဝါးစက်ရုံ(အင်းစိန်)အတွက် သမိုင်းမော်ကွန်းထိုးနိုင်ခဲ့သည့်ရက်ဖြစ်ပါကြောင်း၊ မည်သည့်လုပ်ငန်းကို ဆောင်ရွက်သည် ဖြစ်စေ မှတ်တမ်းထားရှိမှုသည် အရေးကြီးကြောင်း၊ *စာမျက်နှာ ၄ သို့*



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က "BPI ဆေးဝါးထုတ်လုပ်မှုသမိုင်းပြခန်း" BPI Pharmaceutical Museum ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ BPI ဆေးဝါးထုတ်လုပ်မှုသမိုင်းပြခန်းအတွင်း စိတ်ဝင်တစားဖြင့် လှည့်လည်ကြည့်ရှုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက BPI ဆေးဝါးထုတ်လုပ်မှုသမိုင်းပြခန်းဖွင့်လှစ်ခြင်း အထိမ်းအမှတ်အဖြစ် အမှတ်တရလက်ဆောင်ကို ဂါရဝပြုပေးအပ်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ၊ တာဝန်ရှိသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

*စာမျက်နှာ ၃ မှ*

မှတ်တမ်းတင်လုပ်ငန်းများ ဆောင်ရွက်ထားခြင်းဖြင့် မိမိတို့လုပ်ငန်းအတွက်သာမက နိုင်ငံတော်အတွက်လည်း များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း၊ **ယင်းမှတ်တမ်းများမှတစ်ဆင့် သမိုင်းကို သိနိုင်သကဲ့သို့ အနာဂတ်အတွက် သုံးသပ်မှုမှန်ကန်သော ဆုံးဖြတ်ချက်ထွက်ပေါ်လာစေရေး အထောက်အကူပြုမည်ဖြစ်**ကြောင်း၊ သမိုင်းကြောင်းကောင်းများရှိခဲ့သည့် ဆေးဝါးစက်ရုံတစ်ခုအနေဖြင့် မှတ်တမ်းပြတိုက်ကို ဆောင်ရွက်၍ သမိုင်းကို ထိန်းသိမ်းနိုင်ခဲ့ခြင်းကြောင့် ဂုဏ်ယူပါကြောင်း။

**ပိုမိုတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်**

သမိုင်းများကို ဖော်ထုတ်လုပ်၍ လုပ်ငန်းများ ယခုထက်ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ စက်ပစ္စည်းများမှာ ခေတ်ကာလအရ ကြာမြင့်သွားပြီဖြစ်သော်လည်း အချို့မှာ ယနေ့အချိန်အထိ အသုံးပြုနိုင်သေးသည်များရှိသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် စက်ပစ္စည်းဟောင်းများကို နမူနာယူ၍ ထုတ်လုပ်မှုပိုင်းတွင် အထောက်အကူပြုနိုင်သည့် စက်ပစ္စည်းများကို ပြည်တွင်းမှ နည်းပညာရှင်များဖြင့် ဆောင်ရွက်နိုင်မည်ဆိုပါက များစွာအကျိုးရှိမည်ဖြစ်ကြောင်း၊ ဆေးဝါးစက်ရုံ (အင်းစိန်) မှ ထုတ်လုပ်သည့် ဆေးဝါးများ၏ အရည်အသွေးမှာ ခိုင်မာကောင်းမွန်ပြီးဖြစ်ကြောင်း၊ အဆိုပါ ရှိပြီးဖြစ်သည့် ခိုင်မာကောင်းမွန်မှုများအပေါ် အခြေခံ၍ ဆေးဝါးထုတ်လုပ်မှုလုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ကြရန်လိုကြောင်း။

ဆေးကုသမှုနှင့်ပတ်သက်၍ နှစ်စဉ်သုတေသနလုပ်ငန်းများနှင့် ညီလာခံများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ဆေးကုသမှုများအပေါ်မူတည်၍ ဆေးဝါးများ၏ အရည်အသွေးများမှာလည်း ပြောင်းလဲလာကြောင်း၊ ဆေးဝါးများ၏ အရည်အသွေးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက အာနိသင်တန်ဖိုးများမှာလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ ကျန်းမာရေးတွင် ပညာပေးခြင်း၊ ကာကွယ်ခြင်းနှင့် ကုသခြင်း ဟူ၍ သုံးပိုင်းရှိကြောင်း၊ မြန်မာ့ဆေးဝါးလုပ်ငန်း၏ကဏ္ဍမှာ ကာကွယ်ခြင်းနှင့် ကုသခြင်းပိုင်းတွင် ပါဝင်ကြောင်း၊ မိမိတို့နိုင်ငံ၏ မျှော်မှန်းသက်တမ်းမှာ အခြားနိုင်ငံများထက် နည်းပါးလျက်ရှိကြောင်း၊ ထို့ကြောင့် ပြည်သူများ၏ကျန်းမာရေးနှင့် ပတ်သက်၍ ပညာပေးခြင်း၊ ကာကွယ်ခြင်းနှင့် ကုသခြင်းများကို ဆောင်ရွက်ပေးနိုင်ရန်လိုကြောင်း၊ ထိုသို့ ဆောင်ရွက်ချိန်တွင် အစွမ်းထက်သည့် ဆေးဝါးများကို အသုံးပြုနိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ အစွမ်းထက်သည့်ဆေးဝါးများ ထုတ်လုပ်နိုင်ရေး ဆေးဝါးသုတေသနလုပ်ငန်းများကို ပိုမိုဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် ပြည်တွင်း၌ ဆေးဝါးမလုံလောက်မှုများကြောင့် ပြည်ပမှ နှစ်စဉ်တင်သွင်းနေရကြောင်း၊ ပြည်တွင်း၌ ဆေးဝါးများ လုံလောက်စွာ ထုတ်လုပ်နိုင်ရေးအတွက် ပြည်ပမှ ဆေးဝါးကုန်ကြမ်းများတင်သွင်း၍ ပြည်တွင်းစက်မှုလုပ်ငန်းများဖြင့် ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ အများအသုံးပြုသည့် ဆေးဝါးများကို ပြည်တွင်းလုံလောက်မှုရှိအောင် ဆောင်ရွက်ရန်လိုကြောင်း၊ တပ်မတော်ဆေးဝါးစက်ရုံများမှလည်း နှစ်စဉ်ထုတ်လုပ်လျက်ရှိကြောင်း၊ အလားတူ ပုဂ္ဂလိကဆေးဝါးထုတ်လုပ်မှုလုပ်ငန်းများမှ ဆေးဝါးများ ထုတ်လုပ်နိုင်ရေးအတွက်လည်း မြန်မာ့ဆေးဝါးလုပ်ငန်းမှ ကူညီဆောင်ရွက်ပေးရန်လိုကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံ့အကျိုးကို ကြည့်၍ ဆောင်ရွက်ကြရန်လိုကြောင်း။

**အသိအမှတ်ပြုမှတ်တမ်းတင်ဂုဏ်ပြု**

နိုင်ငံတော်ပိုင်စက်မှုလုပ်ငန်းများသည် ပြည်သူများ၏ သက်သာချောင်ချိရေးအတွက် ဦးတည်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ မိမိတို့ထုတ်လုပ်လိုက်သည့် ထုတ်ကုန်ပစ္စည်းများကို ပြည်သူများ ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူအသုံးပြုနိုင်ပြီး ပြည်သူများအတွက် အကျိုးရှိအောင် ဆောင်ရွက်ရန်လိုကြောင်း၊ ထုတ်ကုန်ပစ္စည်းများ၏ အရည်အသွေးများ ကောင်းမွန်နေရန်နှင့် ထုပ်ပိုးမှုများလည်း ကောင်းမွန်ရန်လိုကြောင်း၊ ပစ္စည်းချင်းတူပါက ဈေးနှုန်းသက်သာရမည်၊ ဈေးနှုန်းချင်းတူပါက အရည်အသွေး ပိုမိုကောင်းမွန်ရမည်ဖြစ်ကြောင်း၊ ဆေးဝါးများသည် လူ့အသက်အတွက် တန်ဖိုးဖြတ်မရသည့် အရာများဖြစ်ကြောင်း၊ မြန်မာ့ဆေးဝါးလုပ်ငန်း၊ ဆေးဝါးစက်ရုံ (အင်းစိန်)မှ ပြည်သူများအတွက် လိုအပ်သည့်ဆေးဝါးများကို ထုတ်လုပ်နေခြင်းဖြစ်သည့်အတွက် နိုင်ငံအတွက် များစွာအထောက်အကူပြုသည့် စက်ရုံတစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် ယခုကဲ့သို့ ဆေးဝါးထုတ်လုပ်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည့် ဆေးဝါးပညာရှင်များ၊ လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများနှင့် ယခင်ကတာဝန်ထမ်းဆောင်ခဲ့သည့် ဝန်ထမ်းများအားလုံးကို မိမိအနေဖြင့် အသိအမှတ်ပြုမှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် BPI ဆေးဝါးထုတ်လုပ်မှု သမိုင်းပြခန်းအတွင်း စိတ်ဝင်တစားဖြင့် လှည့်လည်ကြည့်ရှုကြပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးပြောကြားသည်။

**အမှတ်တရလက်ဆောင်ကို ဂါရဝပြုပေးအပ်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က BPI ဆေးဝါးထုတ်လုပ်မှုသမိုင်းပြခန်း ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။ ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက BPI ဆေးဝါးထုတ်လုပ်မှုသမိုင်းပြခန်း ဖွင့်လှစ်ခြင်း အထိမ်းအမှတ်အဖြစ် အမှတ်တရလက်ဆောင်ကို ဂါရဝပြုပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများ၊ တာဝန်ရှိသူများသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြွေဆိပ်ဖြေဆေးထုတ်လုပ်ရေးဌာနသို့ ရောက်ရှိကြရာ စက်ရုံမှူးနှင့် တာဝန်ရှိသူများက မြွေဆိပ်ဖြေဆေး ထုတ်လုပ်နေမှုများကို ရှင်းလင်းတင်ပြပြီး မြွေဆိပ်ဖြေဆေး အေးခဲခြောက်ထုတ်လုပ်ရေးစက် Freeze Dryer Machine အသစ်နှင့် *စာမျက်နှာ ၅ သို့*

စာမျက်နှာ ၄ မှ

ပတ်သက်၍ စက်၏စွမ်းဆောင်ရည်များ၊ အသုံးပြုပုံများနှင့် ထုတ်လုပ်ပုံအဆင့်ဆင့်တို့ကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ထုတ်လုပ်မှုနည်းစဉ်များနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြွေဆိပ်ဖြေဆေး အေးခဲခြောက်ထုတ်လုပ်ရေးစက် Freeze Dryer Machine အသစ်ကို ခလုတ်နှိပ်၍ စတင်လည်ပတ်စေသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြွေဆိပ်ဖြေဆေး အေးခဲခြောက်ထုတ်လုပ်ရေးစက် Freeze Dryer Machine အသစ်ကို ခလုတ်နှိပ်၍ စတင်လည်ပတ်စဉ်။

### ဆတက်ထမ်းပိုးဆောင်ရွက်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာ့ဆေးဝါးစက်ရုံ(အင်းစိန်) မှ ဝန်ထမ်းများ၊ တာဝန်ထမ်းဆောင်ဆဲနှင့် အငြိမ်းစားဆေးဝါးပညာရှင်ကြီးများနှင့်အတူ ဝန်ထမ်းစုပေါင်းစားရိပ်သာ၌ နေ့လယ်စာကို အတူတကွ သုံးဆောင်ကြသည်။ နေ့လယ်စာ သုံးဆောင်အပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာ့ဆေးဝါးလုပ်ငန်း BPI သည် ရှေးယခင်နှစ်ပေါင်းများစွာကတည်းကပင် အရည်အသွေးပြည့်ဝသည့် ဆေးဝါးများကို ထုတ်လုပ်ခဲ့ပြီး ယခုအချိန်အထိ နာမည်ကောင်းဖြင့် ကျော်ကြားလျက်ရှိကြောင်း၊ မြန်မာ့ဆေးဝါးလုပ်ငန်း BPI မှ ထုတ်လုပ်သည့် မြွေဆိပ်ဖြေဆေးအပါအဝင် အခြားသောဆေးဝါးမျိုးစုံတို့သည် လူတို့၏ အသက်အန္တရာယ်ဖြစ်စေနိုင်သည့် ရောဂါဘယများမှ ကာကွယ်ခြင်းနှင့် ကုသခြင်းတို့ကို စွမ်းဆောင်ပေးနိုင်ပြီး လူသားတို့အတွက် များစွာအကျိုးဖြစ်ထွန်းစေသဖြင့် မွန်မြတ်သည့် အလုပ်တစ်ခုလည်းဖြစ်ကြောင်း၊ မြန်မာ့ဆေးဝါးလုပ်ငန်း BPI အနေဖြင့် ရှိပြီးဖြစ်သည့် အရည်အသွေးကောင်းများကို ဆက်လက်ထိန်းသိမ်းနိုင်ခြင်းမှာလည်း ယခင်တာဝန် ထမ်းဆောင်ခဲ့သည့် ဆေးဝါးပညာရှင်ကြီးများ၏ လက်ဆင့်ကမ်းမျှဝေမှု၊ မျိုးဆက်သစ်ဝန်ထမ်းများ၏ ကြိုးစားအားထုတ်မှုတို့ကြောင့်ပင်ဖြစ်သဖြင့် မိမိအနေဖြင့် များစွာ ချီးကျူးအသိအမှတ်ပြုပါကြောင်း၊ နောင်တွင်လည်း ယခုထက်ပို၍ နိုင်ငံ့အကျိုး၊ ပြည်သူလူထုတို့၏အကျိုးကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာ့ဆေးဝါးစက်ရုံ(အင်းစိန်)မှ ဝန်ထမ်းများ၊ တာဝန်ထမ်းဆောင်ဆဲနှင့် အငြိမ်းစား ဆေးဝါးပညာရှင်ကြီးများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

မြန်မာ့ဆေးဝါးလုပ်ငန်း BPI ကို ၁၉၅၄ ခုနှစ်၊ ဧပြီ ၂၃ ရက်တွင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုက အထိမ်းအမှတ်ကျောက်တိုင်ကို စိုက်ထူခဲ့ပြီး ၁၉၅၈ ခုနှစ်၊ ဧပြီ ၂၃ ရက်တွင် နိုင်ငံတော်သမ္မတ ဦးဝင်းမောင်က ဗမာနိုင်ငံဆေးဝါး စက်ရုံ(Burma Pharmaceutical Industry,BPI) အမည်ဖြင့် ဖွင့်လှစ်ခဲ့ပြီး ဆေးဝါး ၄၁ မျိုးနှင့် ကပ်ရောဂါကာကွယ်ဆေး ခြောက်မျိုးတို့ကို စတင်ထုတ်လုပ်ခဲ့သည်။ မြန်မာ့ဆေးဝါးလုပ်ငန်း BPI အနေဖြင့် အရည်အသွေးအာနိသင်ထက်မြက်သည့် ဆေးဝါးများကို သင့်တင့်မျှတသည့်ဈေးနှုန်းဖြင့် ခေတ်အဆက်ဆက်ထုတ်လုပ်ရောင်းချခဲ့ကာ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ဆေးဝါးထုတ်လုပ်မှုအခန်းကဏ္ဍကို ဦးဆောင်လျက်ရှိပြီး မြန်မာ့ဆေးဝါးလုပ်ငန်း BPI မှ လူ့စွမ်းအားအရင်းအမြစ်ကို အခြေပြု၍ ဆေးဝါးစက်ရုံ (အင်းစိန်)၊ သုတေသနဌာန၊ ဆေးဝါးစက်ရုံ(ရွာသာကြီး)၊ ဆေးဝါးစက်ရုံ(အင်ရောင်း)၊ မြွေဆိပ်ဖြေဆေးထုတ်လုပ်ရေးဌာနခွဲ(မှော်ဘီ)၊ မြင်းမွေးမြူရေးစခန်း(မြစ်ခြေ)၊ ဆေးဝါးစက်ရုံ(ပြင်ဦးလွင်)၊ တပ်မတော်ဆေးဝါးစက်ရုံ(မှော်ဘီ)၊ မြင်းမွေးမြူရေးစခန်း (ရန်ပယ်)၊ မြင်းမွေးမြူရေးစခန်း (ဟဲဟိုး)၊ ဆေးဝါးစက်ရုံ(စစ်ကိုင်း) နှင့် ဆေးဝါးတက္ကသိုလ်(ရန်ကုန်၊ မန္တလေး) တို့ကို တိုးချဲ့ဆောင်ရွက်နိုင်ခဲ့သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်အရ BPI ဆေးဝါးထုတ်လုပ်မှုသမိုင်းပြခန်းကို မြန်မာနိုင်ငံ၏ နိုင်ငံပိုင်စက်ရုံအနေဖြင့် နှစ်ပေါင်း ၆၀ ကျော် ခေတ်အဆက်ဆက် ဆေးဝါးထုတ်လုပ်မှုအတွေ့အကြုံများ၊ စက်ပစ္စည်းများ၊ ထုတ်လုပ်မှုနည်းစဉ်များ၊ မိုငြမ်းအသုံးပြုသော ဆေးကျမ်းကြီးများ၊ လူ့စွမ်းအားအရင်းအမြစ် အခြေပြုဖွံ့ဖြိုးတိုးတက်လာမှုများ၊ တန်ဖိုးရှိသော သမိုင်းဖြစ်ရပ်များအား ထိန်းသိမ်းရန်နှင့် နောင်လာနောက်သားများ သိရှိလေ့လာနိုင်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့် စပ်လျဉ်း၍ ဝန်ကြီးဌာနများအား ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းများဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၁၄**

မြန်မာအီလက်ထရောနစ် မဲပေးစက်နှင့်စပ်လျဉ်း၍ ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီး ဌာန (၁) ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန (၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦးနှင့် ဦးကိုကိုလွင်၊ ကော်မရှင်ရုံးမှ တာဝန်ရှိသူများနှင့် ဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးကိုကိုလွင်က မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ တာဝန်ရှိသူက Myanmar Electronic Voting Machine (MEVM) စမ်းသပ်တည်ဆောက်ထားရှိမှုနှင့်ပတ်သက်၍ ထိန်းချုပ်စက် (Control Unit)၊ ဆန္ဒပြုစက် (Ballot Unit)၊ ဆန္ဒပြုချက် မှန်ကန်မှု ရှိ/မရှိ ပြသသောစက် (Verification Unit)၊ မဲပုံးနှင့် ဘက်ထရီများ ဖွဲ့စည်းတည်ဆောက်ထားရှိမှု၊ ထည့်သွင်းအသုံးပြုထားသည့် စက်များနှင့် အသုံးပြုရခြင်း ရည်ရွယ်ချက်များ၊ မဲပေးစက်မှ မဲရလဒ်များ ထုတ်ယူရေတွက်ခြင်း၊ မဲပေးစက်ကို ထုပ်ပိုးသိမ်းဆည်းခြင်းနှင့် မဲပေးစက်၏ လုံခြုံစိတ်ချရမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးအောင်လွင်ဦးက မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) တည်ဆောက်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်တို့က မြန်မာအီလက်ထရောနစ် မဲပေးစက်နှင့် စပ်လျဉ်း၍ ဖြည့်စွက်အကြံပြုဆွေးနွေးသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် တာဝန်ရှိသူများနှင့် အရာထမ်း၊ အမှုထမ်း ၈၆ ဦးတို့က မြန်မာအီလက်ထရောနစ်မဲပေးစက်အား လေ့လာကြည့်ရှုပြီး လက်တွေ့အသုံးပြု၍ စမ်းသပ်မဲပေးခြင်းများကို ဆောင်ရွက်ကြသည်။ **(ဝဲပုံ)**

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံးမှ တာဝန်ရှိသူများသည် စက်မှုဝန်ကြီးဌာနသို့ သွားရောက်ပြီး မြန်မာအီလက်ထရောနစ် မဲပေးစက်နှင့်စပ်လျဉ်း၍ ရှင်းလင်း ပြောကြားခြင်းနှင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းများကို ဆောင်ရွက်ခဲ့ရာ အရာထမ်း၊ အမှုထမ်း ၈၅ ဦး တက်ရောက်၍ လက်တွေ့မဲပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မင်းလှမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးစီမံကိန်းရန်ပုံငွေဖြင့် ဆိုလာရေတင်စနစ်အသုံးပြု၍ မိုးစပါးစိုက်ပျိုး

**အထက်မင်းလှ ဩဂုတ် ၁၄**

မင်းလှမြို့နယ်၌ တိုင်းဒေသကြီးအစိုးရအဖွဲ့ နိုင်ငံ့စီးပွားမြှင့်တင်ရေးစီမံကိန်းရန်ပုံငွေဖြင့် ဆိုလာရေတင်စနစ် (မြေအောက်ရေ)အသုံးပြု၍ မိုးစပါးစိုက်ပျိုးခြင်းကို ယမန်နေ့နံနက်က တောင်သူ ဒေါ်စိန်ရင်၏ တစ်ဧက စိုက်ကွက်တွင် ရောပဒေသာမျိုး စိုက်ပျိုးခဲ့သည်။

အဆိုပါ နိုင်ငံ့စီးပွားမြှင့်တင်ရေးစီမံကိန်းရန်ပုံငွေဖြင့် ဆိုလာရေတင်စနစ် (မြေအောက်ရေ)အသုံးပြု၍ မိုးစပါးစိုက်ပျိုးခြင်းဆောင်ရွက်ရာတွင် ကွင်းအမှတ်(၈၆၁-B)တွင် စိုက်ဧရိယာဧကပေါင်း ၃၈၀ ရှိပြီး တောင်သူပေါင်း ၃၂၁ ဦးခန့် စိုက်ပျိုးလုပ်ကိုင်လျက်ရှိကာ မိုးစပါးစိုက်ပျိုးခြင်းဆောင်ရွက်ရာသို့ မြို့နယ်နိုင်ငံ့စီးပွားမြှင့်တင်ရေးစီမံကိန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးသန်းထွန်းအောင်နှင့် အဖွဲ့များက ကြည့်ရှုစစ်ဆေးခဲ့သည်။ **(ယာပုံ)**

**ဇာဇာ(အထက်မင်းလှ)**



# မာရဝိဇယမြတ်ဗုဒ္ဓ စည်ကားသိုက်မြိုက်စွာပူဇော်ကြ

ဘကြီးကောင်း



မာရဝိဇယဘုရားကြီးအား ညပိုင်းတွင် လာရောက်ဖူးမြော်သည့် အနယ်နယ်အရပ်ရပ်မှ ပြည်သူများကို ဩဂုတ် ၁၄ ရက်က စည်ကားစွာ တွေ့ရစဉ်။

မောင်မြင့်အေးရေ . . .

မာရဝိဇယမြတ်ဗုဒ္ဓကို ရပ်နီးရပ်ဝေးက ရဟန်းရှင်လူ ပြည်သူတွေ အများအပြား စည်ကားသိုက်မြိုက်စွာ လာရောက်ဖူးမြော်ကြည်ညိုကြတာ တွေ့မြင်ရတော့ စိတ်ထဲမှာ အလွန်ကြည်နူးလိုက်တာလေ။

တို့မြန်မာလူမျိုးဆိုတာ ရှေးဘိုးစဉ်ဘောင်ဆက် ကတည်းက ရွှေပြောင်ပြောင် တောင်ပေါ်က ဘုရားကအစ ထုံးဖြူဖွေးဖွေး စေတီလေးအဆုံး လက်အုပ်လေးတချီချီနဲ့ မြတ်ဗုဒ္ဓကို ရည်မှန်းပြီး ပူဇော်ကန်တော့ကြတာ မြန်မာ့ရိုးရာယဉ်ကျေးမှုရဲ့ ရှေးအစဉ်အလာ တစ်ရပ်ပါပဲ။

## စေတီလေးပါးသတ်မှတ်

ဗုဒ္ဓစာပေကျမ်းဂန်ထဲမှာ သမ္မာသမ္ဗုဒ္ဓ - အလုံးစုံသောတရားကို သိတော်မူသော မြတ်စွာဘုရား၊ ပစ္စေကဗုဒ္ဓ - အသီးအခြားပွင့်တော်မူသော ဘုရားငယ်၊ သာဝက - ဘုရားရဲ့ တပည့်သား သံဃာတော်၊ စက္ကဝတ္တိရာဇာ - စကြာဝတေးမင်းတို့ ဟာ စေတီထိုက်သူလေးဦးဖြစ်ပြီး၊ စေတီအားဖြင့် တော့ ဓာတုစေတီ- မြတ်စွာဘုရားရှင်၏ သရီရ ဓာတ်တော် မွေတော်များ၊ ဓမ္မစေတီ - တရားတော်၊ ပရိဘောဂစေတီ-မြတ်စွာဘုရား၏ အသုံးအဆောင်၊ ဥဒ္ဒိဿစေတီ - မြတ်စွာဘုရားကိုယ်စား ရုပ်တု ဆင်းတုတော်ဆိုတဲ့ စေတီလေးပါး သတ်မှတ်ခဲ့တာ ကိုး။

လောကသားတို့အတွက် ဓမ္မတည်းဟူသော မီးရှူးတန်ဆောင်ကြီးကို လောကကြီးအလယ် ထိန်လင်းနေအောင် ထွန်းညှိတော်မူခဲ့ပြီး မြတ်ဗုဒ္ဓ ဟာ သက်တော်၈၀ အရွယ်မှာ ခန္ဓပရိနိဗ္ဗာနလို့ခေါ်တဲ့ ခန္ဓာရဲ့ချုပ်ငြိမ်းမှု ပရိနိဗ္ဗာန်စံတော်မူပြီးနောက် ကြွင်းကျန်ရစ်တဲ့ သရီရဓာတ်တော်များကိုပူဇော်ဖို့ စစ်ချီလာကြတဲ့ ခုနစ်ပြည်ထောင်မင်းအပေါင်းကို အကြံပြုတဲ့ ဒေါဏပုဏ္ဏားကြီးရဲ့ အကြံပြုစကားက လည်း အလွန်မှတ်သားနာယူဖို့ ကောင်းပါတယ်။

ဒေါဏပုဏ္ဏားကြီးက "အားလုံးတစ်ညီတည်း ဓာတ်တော် မွေတော်တွေကို ခွဲဝေကြရအောင်။ ရှစ်ပုံ ပုံကြမယ်။ ထိုထိုအရပ်ဒေသတွေမှာ၊ ကိုယ့်ဒေသကိုယ်မြတ်စွာဘုရားရဲ့ စေတီပုထိုးတွေ ကျယ်ကျယ်ပြန့်ပြန့်ရှိကြပါစေ။ ထူးခြားတဲ့ လောကကြီးရဲ့မျက်လုံးသဖွယ်ဖြစ်တဲ့ မြတ်စွာဘုရား ကိုကြည်ညိုတဲ့ ပုဂ္ဂိုလ်တွေဟာ လောကကြီးမှာ အများ ကြီးရှိပါတယ်။ ဒါကြောင့်မို့ ဆိုင်ရာဆိုင်ရာ ဒေသတွေမှာ မြတ်စွာဘုရားရဲ့ဓာတ်တော် မွေတော် တွေ တည်ထားတဲ့ စေတီပုထိုးတွေ ကမ္ဘာအနှံ့အပြား နိုင်ငံအနှံ့ရှိနေတာကောင်းပါတယ်"လို့ အကြံပြုခဲ့ တာဖြစ်ပါတယ်။

## ဂေါတမဘုရားအပါအဝင် ကိုးဆူပဲရှိ

ဒီပင်္ကရာမြတ်စွာဘုရားမှစပြီး နှစ်ကျိပ်လေးဆူ (၂၄ ဆူ)သောဘုရားရှင်တွေအနက် သရီရဓာတ်တွေ နဲ့ပတ်သက်ပြီး ကမ္ဘာ့အနှံ့ ကိုးကွယ်ရစ်ရအောင် အစိတ်အမြွှာမြွှာအဖြစ် အဓိဋ္ဌာန်ပြုခဲ့တဲ့ရှင်တော် ဘုရားများမှာ ဂေါတမဘုရားအပါအဝင် ကိုးဆူပဲ ရှိတယ်လို့ နာယူမှတ်သားဖူးပါတယ်။

၂၄ ဆူသော ဘုရားရှင်တွေထဲမှာ ရေဝတဗုဒ္ဓ၊ သောဘိတဗုဒ္ဓ၊ ပဒုမဗုဒ္ဓ၊ သုမေဓဗုဒ္ဓ၊ အတ္တဒဿီဗုဒ္ဓ၊ ဖုဿဗုဒ္ဓ၊ ဝေဿဘူဗုဒ္ဓ၊ ကောဏာဂမနဗုဒ္ဓနဲ့ ဂေါတမဗုဒ္ဓ ။ ဒီကိုးဆူသော ဘုရားရှင်တွေက လောကသားတို့ရဲ့အကျိုးအတွက် သရီရဓာတ်တော် တွေ အစိတ်အမြွှာမြွှာဖြစ်ပြီးတော့ လူတွေ မြောက်များစွာ မိမိအရပ်ဒေသမှာ ကိုးကွယ်ခွင့် ရအောင် အဓိဋ္ဌာန်ထားတော်မူခဲ့တာ ဖြစ်ပါတယ်။

## ဓာတ်တော်တွေ ကြွင်းကျန်ရစ်ခဲ့

ယခုဘဒ္ဒကမ္ဘာမှာ ပွင့်တော်မူတဲ့ ဘုရားလေးဆူ အနေနဲ့က ကကုသန္ဓမြတ်စွာဘုရားနဲ့ ကဿပ မြတ်စွာဘုရားရှင်တို့က ဓာတ်တော်တစ်ဆူတည်း ကြွင်းကျန်ရစ်ခဲ့ပြီး ကောဏာ ဂမနမြတ်စွာဘုရားနဲ့ ဂေါတမမြတ်စွာဘုရားရှင်တို့ကတော့ ထူးခြားတဲ့ အဓိဋ္ဌာန်ကြောင့် ဓာတ်တော်တွေဟာ အစိတ်စိတ် အမြွှာမြွှာကြွင်းကျန်ရစ်ခဲ့တာ ဖြစ်ပါတယ်။ ဂေါတမ မြတ်စွာဘုရားရှင် ရုပ်ကလာပ်တော် တေဇော ဓာတ်လောင်တဲ့အခါမှာ ကြွင်းကျန်ရစ်ခဲ့တဲ့ ဓာတ်တော်မွေတော်တွေဟာ စုစုပေါင်းဓာတ်တော် ၁၆ စိပ် (သို့မဟုတ်) ၁၆ ပြည်မျှဖြစ်ပါတယ်။

ဂေါတမမြတ်စွာဘုရားနဲ့ကျန်တဲ့ ရှစ်ဆူသော ဘုရားရှင်တို့ဟာ မိမိတို့ရဲ့ခန္ဓာကိုယ်က ဖြစ်ပေါ် လာတဲ့ဓာတ်တော်တွေကို အစိတ်စိတ်အမြွှာမြွှာ ဖြစ်စေပြီး ကမ္ဘာအနှံ့တစ်ဆူဆီ တစ်ဆူဆီပြန့်သွားတဲ့ အခါမှာ စေတီပေါင်းမြောက်မြားစွာ တည်ထားပူဇော် ခွင့်ရအောင် ရည်ရွယ်တော်မူခဲ့ခြင်း ဖြစ်ပါတယ်။ အနည်းဆုံး နတ်ပြည်ချမ်းသာကိုပေးစွမ်းနိုင်တဲ့ ကုသိုလ်မျိုးကို ဆည်းပူးအားထုတ်ပြီးသားဖြစ်သွား အောင် လောကသားတွေရဲ့ အကျိုးအတွက် အဓိဋ္ဌာန် တော်မူခဲ့ကြတာဖြစ်တယ်လို့ နာယူမှတ်သားမိပါ တယ်။

## တစ်ဆူပွင့်ဖို့ရာ အလွန်ခဲယဉ်း

မဟာပရိနိဗ္ဗာနသုတ်မှာလည်း ဗုဒ္ဓမြတ်စွာရဲ့ ဓာတ်တော်မွေတော်တွေနဲ့ပတ်သက်ပြီး မြတ်စွာ ဘုရားဆိုတာ နတ်မင်းတွေကလည်း ကိုးကွယ်တယ်၊ နဂါးမင်းတွေကလည်း ကိုးကွယ်တယ်၊ လူမင်းတွေ ကလည်း ကိုးကွယ်တယ်၊ အလွန်မြင့်မြတ်တဲ့ဘုရင် တွေကလည်းပဲ ကိုးကွယ်ကြတယ်။ မြတ်စွာဘုရားရဲ့ ဓာတ်တော် မွေတော်တွေကို ရရှိတဲ့အခါမှာ လက်အုပ်ချီမိုးပြီး ရှိခိုးလိုက်ကြပါ။ ဘာကြောင့်လဲ လို့ဆိုရင် "ဗုဒ္ဓါပါဒေ ကပ္ပသတေဟိ ဒုလ္လဘော" ဘုရားဆိုတာဟာ ကမ္ဘာကမ္ဘေအလွန်ရှည်ကြာသော် လည်း တစ်ဆူပွင့်ဖို့ရာ အလွန်ခဲယဉ်းတယ်။ အလွန် ခဲယဉ်းတဲ့ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ရဲ့ ဓာတ်တော် မွေတော်တွေကို အားရပါးရရှိခိုး လိုက်ကြပါဆိုတဲ့စကားနဲ့ နိဂုံးချုပ်ထားတာ နာယူ မှတ်သားခဲ့ရပါတယ်။

မြတ်စွာဘုရားရှင်ကို ကြည်ညိုကြတဲ့ ပုဂ္ဂိုလ် များဟာ မြတ်စွာဘုရားရှင်ဓာတုစေတီ၊ ပရိဘောဂ စေတီနဲ့ ဥဒ္ဒိဿစေတီတို့ကို ရှိခိုးပူဇော်ခွင့်ရခဲ့ကြလို့ ကောင်းကျိုးချမ်းသာတွေ ရရှိခဲ့ကြသလို အကျိုး စီးပွားပျက်ပြားလိုတဲ့စိတ်နဲ့ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတို့နဲ့ ပစ်မှားမိခဲ့ကြတဲ့ ပုဂ္ဂိုလ်အချို့ဟာ လည်း မကောင်းကျိုးတွေ အကျိုးပေးလာတဲ့အခါမှာ ဆင်းရဲဒုက္ခတွေ ခံစားခဲ့ကြရတဲ့ သာဓကတွေလည်း ရှိခဲ့ပါတယ်။

## ပိဋကတ်သုံးပုံ နှုတ်ငုံဆောင်နိုင်သူ

ယသောရတမည်သော ဥပါသကာကြီးဟာ ကဿပမြတ်စွာဘုရားရှင်ရဲ့တပည့်တစ်ဦးဖြစ်ပြီး ပိဋကတ်သုံးပုံ နှုတ်ငုံဆောင်နိုင်သူ အနာဂါမ်အဆင့် ရှိပါတယ်။ ဥပါသကာကြီးဟာ ပရိနိဗ္ဗာန်စံဝင်ပြီ ဖြစ်တဲ့ ကဿပမြတ်စွာဘုရားရှင်ရဲ့စေတီတော်ကြီး ပြီးစီးရေးအတွက် ဇမ္ဗူဒိပ်တစ်ခွင်လုံး လှည့်လည် နိဗ္ဗာန်ဆော်ရင်း အန္ဓဝန်တောအုပ်အတွင်း တစ်ဦး တည်းရောက်ရှိလာပါတယ်။

ဒီတောအုပ်က ကဿပဘုရားရှင်လက်ထက်မှာ လူသူအရောက်အပေါက်နည်းပြီး ခိုးသားဓားပြ ထူပြောတဲ့ တောကြီးမျက်မည်းတစ်ခုလည်း ဖြစ်ပါတယ်။ ခိုးသားဓားပြတွေဟာ ဥပါသကာကြီးကို စေတီတော်ကြီးအတွက်လှူခဲ့လေသမျှ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားတွေပါလိမ့်မယ်ထင်ပြီး ဖမ်းဆီး ဓားပြတိုက်ပါတော့တယ်။

ဒါပေမယ့် ဥပါသကာကြီးဟာ ရလာသမျှလှူဖွယ် ဝတ္ထုများကို ညမဆိုင်းဘဲ စေတီ တော်ကြီးတည်ရာသို့ လှည်းကြုံနဲ့ပို့နေတာကို ဓားပြတွေက မသိကြဘူး။ ဥပါသကာကြီး ကိုယ်ပေါ်မှာ အဝတ်တစ်ထည် ကိုယ်တစ်ခုပဲ ပါလာတာကိုတွေ့မှပဲ သိတော့တယ်။ သို့ပေမယ့် ဓားပြအများစုက ဥပါသကာကြီးဟာ မင်းပေါက်စိုးပေါက်ဖြစ်တဲ့အတွက် သူတို့လုပ်ရပ် ပေါ်ပြီး အပြစ်ဒဏ်သင့်မှာစိုးလို့ သာသနာ့အကျိုး ဆောင် ဥပါသကာကြီးကို နှုတ်ပိတ်သတ်ဖြစ်ခဲ့ကြ လေတယ်။ သတ်မိတဲ့ဓားပြတွေဟာ တောအုပ်ထဲမှာ ပဲ လတ်တလော မျက်ကန်းဘဝကို ရောက်သွားခဲ့ကြ တယ်လို့ဆိုတယ်။ ဒါကြောင့် ဂေါတမဘုရားရှင် လက်ထက်တော်ကာလမှာ ဒီတောအုပ်ကို အန္ဓဝန် တောလို့ခေါ်တွင်ခဲ့ကြတယ်။ သူကန်းတောလို့ အဓိပ္ပာယ်ရပါတယ်။

*စာမျက်နှာ ၇ သို့*

**❋ မဟာပရိနိဗ္ဗာနသုတ်မှာလည်း ဗုဒ္ဓမြတ်စွာရဲ့ ဓာတ်တော် မွေတော်တွေနဲ့ပတ်သက်ပြီး မြတ်စွာဘုရားဆိုတာ နတ်မင်းတွေ ကလည်း ကိုးကွယ်တယ်၊ နဂါးမင်းတွေကလည်း ကိုးကွယ်တယ်၊ လူမင်းတွေကလည်း ကိုးကွယ်တယ်၊ အလွန်မြင့်မြတ်တဲ့ ဘုရင်တွေကလည်းပဲ ကိုးကွယ်ကြတယ်။ မြတ်စွာဘုရားရဲ့ ဓာတ်တော် မွေတော်တွေကို ရရှိတဲ့အခါမှာ လက်အုပ်ချီမိုးပြီး ရှိခိုးလိုက်ကြပါ။ ဘာကြောင့်လဲလို့ဆိုရင် "ဗုဒ္ဓါပါဒေ ကပ္ပသတေဟိ ဒုလ္လဘော" ဘုရားဆိုတာဟာ ကမ္ဘာကမ္ဘေ အလွန်ရှည်ကြာသော်လည်း တစ်ဆူပွင့်ဖို့ရာ အလွန်ခဲယဉ်းတယ်။ အလွန်ခဲယဉ်းတဲ့ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ် ရဲ့ ဓာတ်တော် မွေတော်တွေကို အားရပါးရရှိခိုး လိုက်ကြပါဆိုတဲ့စကားနဲ့ နိဂုံးချုပ်ထားတာ နာယူမှတ်သားခဲ့ရပါတယ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း CMIS Database Training လက်တွေ့ အသုံးပြုခြင်းသင်တန်း ဖွင့်ပွဲအခမ်းအနား တက်ရောက်




**နေပြည်တော် ဩဂုတ် ၁၄**

လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုဆိုင်ရာ သတင်း အချက်အလက်စနစ် (Social Management Information System–SMIS) ၏ အစိတ်အပိုင်းတစ်ခုဖြစ်သော ဖြစ်ရပ်စီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ် (Case Management Information System – CMIS) Software Digital Platform ကို အသုံးပြု၍ “CMIS Database Training လက်တွေ့အသုံးပြုခြင်း” သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပသည်။ **(အပေါ်ယာပုံ)**

ဖွင့်ပွဲအခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော် သတင်းနည်းပညာဌာနမှ တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအနေဖြင့် လူမှုရေးရာ ဖြစ်ရပ် စီမံခန့်ခွဲမှုစနစ်ဖြင့် ကာကွယ်စောင့်ရှောက်ရန် လိုအပ်သော ကလေးသူငယ်များ၊ လူကုန်ကူးခံရသော ကလေးသူငယ်များ၊ ဥပဒေနှင့် ငြိစွန်းလျက်ရှိသော ကလေးသူငယ်များ၊ ရုပ်ပိုင်းဆိုင်ရာနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း၊ အလွဲသုံးခြင်း၊ လျစ်လျူရှုခြင်း၊ ခေါင်းပုံဖြတ်ခြင်း ခံရသော ကလေးသူငယ်များ၊ လူကုန်ကူးခံရသော ကလေးသူငယ်များအပါအဝင် အထူးစောင့်ရှောက်ရန် လိုအပ်သော ကလေးသူငယ်များ၏ အချက်အလက်များကို SMIS စနစ်ဖြင့် လက်တွေ့အသုံးပြုနိုင်ရန်အတွက် တပ်မတော် သတင်းနည်းပညာဌာနမှ နည်းပညာအကူအညီပေး၍ ရေးဆွဲခဲ့ရာ Case Management Program ရေးဆွဲဆောင်ရွက်မှု (၉၀ ရာခိုင်နှုန်း)နှင့် CMIS Software Digital Platform အသုံးပြုမှု (၉၀ ရာခိုင်နှုန်း) ရေးဆွဲပြီးစီးပြီးဖြစ်ပါကြောင်း၊ SMIS Software ဖြင့် လူမှုဝန်ထမ်းဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် ပြည်သူသို့ ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများ ပိုမိုကောင်းမွန်ထိရောက်လာစေခြင်း၊ သတင်းအချက်အလက်များ ပိုမိုလုံခြုံစိတ်ချရခြင်း၊ ထိန်းသိမ်းထားနိုင်ခြင်း၊ စီမံခန့်ခွဲနိုင်ခြင်းကဲ့သို့သော အကျိုးကျေးဇူးများစွာ ရရှိမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ သင်တန်းသို့ နေပြည်တော်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ သင်တန်းသား သင်တန်းသူ ၇၀ တက်ရောက်ကြောင်းနှင့် သင်တန်းကာလမှာ ဩဂုတ် ၁၄ ရက်မှ ၁၈ ရက်အထိ ငါးရက်ကြာ ဖွင့်လှစ်သွားမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## စစ်တွေမြို့၌ ဒေသတစ်ခု ထုတ်ကုန်တစ်ခု ပေါ်ထွန်းလာစေရေး လက်ရက်ကန်းနည်းပညာ သင်တန်းဖွင့်လှစ်

**စစ်တွေ ဩဂုတ် ၁၄**

သမဝါယမကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ရခိုင်ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း(စစ်တွေ)မှ ကြီးမှူး၍ ဒေသတစ်ခု ထုတ်ကုန်တစ်ခု စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်မည့် လက်ရက်ကန်းနည်းပညာသင်တန်းဖွင့်ပွဲအခမ်းအနားကို စစ်တွေမြို့နယ် ဝါဘိုကျေးရွာတွင် ယနေ့ နံနက် ၁၀ နာရီခွဲက ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ရခိုင်ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူးက သင်တန်းဖွင့် အမှာစကားပြောကြားသည်။

ထို့နောက် ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း (ကျောင်းအုပ်)မှ သင်တန်းသူများကိုယ်စား သင်တန်းသူ တစ်ဦးအား သင်တန်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။ **(အောက်ပုံ)**

အဆိုပါသင်တန်းသို့ သင်တန်းသူ ၁၅ ဦး တက်ရောက်လျက်ရှိကာ ယနေ့မှ စက်တင်ဘာ ၁၄ ရက်အထိ တစ်လကြာ ဖွင့်လှစ်သွားမည်ဖြစ်ပြီး မွမ်းမံသင်တန်း ၁၅ ရက်ကြာ ထပ်မံသင်ကြားပေးမည်ဖြစ်ကြောင်းနှင့် ယင်းသင်တန်းပြီးမြောက်ပါက သင်တန်းထူးချွန်သူ ငါးဦးကို ရွေးချယ်၍ နိုင်ငံတော်မှတစ်ဦးလျှင် ငွေကျပ် ၁၀ သိန်းနှင့်ညီမျှသည့် ရင်းနှီးမတည်ပစ္စည်းများ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



## နတ်တလင်းမြို့နယ်၌ အာဟာရ ရက်သတ္တပတ်လှုပ်ရှားမှုဆောင်ရွက်



**နတ်တလင်း ဩဂုတ် ၁၄**

နတ်တလင်းမြို့နယ်၌ ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ အာဟာရရက်သတ္တပတ် လှုပ်ရှားမှုအဖြစ် ကိုယ်ဝန်ဆောင်မိခင်များအား အသိပညာပေး ဟောပြောခြင်းနှင့် အာဟာရထောက်ပံ့ပေးအပ်ခြင်းကို မြို့နယ်ကျန်းမာရေးဌာန၌ ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ အေးအေးသန့်က အမှာစကားပြောကြားပြီး ကျန်းမာရေးမှူးအဆင့်(၁) ဒေါ်ရီရီမြင့်က ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် အိုင်အိုဒင်းဓာတ်အရေးပါပုံနှင့် စားသုံးသင့်သည့် အစားအစာများကို ပြောကြားသည်။

ထို့နောက် ခရိုင်မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ဝင်းမာနှင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ငုံဖူးဝေမြင့်တို့က အာဟာရအုပ်စု သုံးစုအကြောင်းကို ရှင်းလင်းပြောကြားပြီး ကိုယ်ဝန်ဆောင်မိခင်များအား ကြက်ဥ၊ အိုင်အိုဒင်းဆားနှင့် ကိုယ်ဝန်ဆောင်အားဆေးများ ထောက်ပံ့ပေးအပ်ခဲ့သည်။ **ဝေယံဖြိုး(ပြန်/ဆက်)**

### နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဩဂုတ် ၁၄**

မွန်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ယနေ့ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**

*စာမျက်နှာ ၆ မှ*

နောက်တစ်ဦးကတော့ ဇဋိလ။ ဂေါတမမြတ်စွာဘုရားရှင်လက်ထက်တော်မှာ ထင်ရှားတဲ့သူဌေးကြီးလေးဦးထဲကတစ်ဦးအနေနဲ့ ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးအများစု အမှတ်ရနေသူတစ်ဦး ဖြစ်ပါတယ်။ ကဿပဘုရားရှင်လက်ထက်တော်ကာလမှာ ဇဋိလဟာ ရွှေပန်းတိမ်သည်တစ်ဦး ဖြစ်ခဲ့ပါတယ်။

ကဿပဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီးနောက် ကြွင်းကျန်ရစ်တဲ့ဓာတ်တော်တွေကို စေတီတည်တဲ့အခါမှာ ရွှေမလုံလောက်တဲ့အတွက် ရဟန္တာအရှင်မြတ်တစ်ပါးဟာ မြို့ထဲဝင်ပြီး အလှူရှင် ဒါယကာအရှာထွက်ခဲ့တယ်။ ဇဋိလလောင်းလျာ ရွှေပန်းတိမ်ရှေ့ရပ်ပြီး လှူဖို့နှိုးဆော်တိုက်တွန်းတဲ့အခါမှာ ဇဋိလလောင်းလျာဟာ ဇနီးသည်နဲ့ အချင်းများပြီး စိတ်နှလုံးညည်းညူခိုက်မို့ “အရှင်ဘုရားတို့စေတီကို ဂင်္ဂါမြစ်ထဲသာမျှောလိုက်ပါတော့”လို့ ဆိုလိုက်မိတယ်။

ဇနီးသည်ကကြားတော့ “ရှင်ဟာ ကျွန်ုပ်ကို အမျက်ထွက်ငြားက ကျွန်ုပ်ကိုသာ ပုတ်ခတ်ဆဲရေးပြောဆိုပါလေ့၊ မြတ်စွာဘုရားရှင်အား အဘယ်ကြောင့်ပုတ်ခတ်ပြောဆို ရပါသလဲ”လို့ပြောမှ သတိသံဝေဂရပြီး ရဟန္တာအရှင်မြတ်ကို တောင်းပန်စကားဆိုပါတယ်။

### စေတီတော်အတွက် ရွှေစင်ရွှေသားတွေ လှူဒါန်း

ရဟန္တာအရှင်မြတ်ကလည်း “ငါ့အား သင်ပြစ်မှားသည်မဟုတ်၊ ဗုဒ္ဓသရီရဖြစ်တဲ့ ဘုရားကိုသာ ပြစ်မှားခြင်းဖြစ်တဲ့အတွက် ဘုရား၌သာပူဇော်ကန်တော့လော့”လို့ မိန့်ကြားတော်မူပါတယ်။

ဇဋိလလောင်းလျာ ရွှေပန်းတိမ်သည်လည်း စိုသောဆံပင်၊ စိုသောအဝတ်ပုဆိုးတို့နဲ့ ဓာတ်တော်ဌာပနာတိုက်အတွင်းသို့ သွားရောက်ပြီး ဇမ္ဗူရစ် ရွှေပန်းခိုင်သုံးခုနဲ့ တောင်းပန်ရှိခိုးပူဇော်ခဲ့ပါတယ်။ စေတီတော်အတွက်လိုအပ်နေတဲ့ ရွှေစင်ရွှေသားတွေကိုလည်း လှူဒါန်းခဲ့ပါတယ်။

လှူဒါန်းခဲ့တဲ့ကောင်းမှုကံ စေတနာတို့ကြောင့် ရွှေပန်းတိမ်သည်ဟာ ဂေါတမဘုရားရှင်လက်ထက်မှာ ထင်ရှားတဲ့ သူဌေးကြီးတစ်ဦး ဖြစ်လာခဲ့ပေမယ့် “အရှင်ဘုရားတို့စေတီကို ဂင်္ဂါမြစ်ထဲသာမျှောလိုက်ပါတော့”ဆိုတဲ့ အကုသိုလ်ဝစီကံကြောင့် ယခုလက်ရှိငယ်စဉ်ဘဝ အပါအဝင် ခုနစ်ဘဝတိုင်တိုင် ရေမျှောခံခဲ့ရတယ်လို့ နာယူမှတ်သားမိပါတယ်။

ဒါကြောင့်မို့ ကံ ကံ၏အကျိုးကို ယုံကြည်ကြတဲ့ ထေရဝါဒဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးအများစုဟာ ဘုရား၊ တရား၊ သံဃာရတနာမြတ်သုံးပါးနဲ့ ဆက်စပ်ပြီး မကောင်းသော ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတွေ မိမိသန္တာန်မှာ မဖြစ်ပေါ်အောင်၊ ကောင်းမြတ်သော ကုသိုလ်စေတနာကံတွေသာ ပေါ်ပေါက်လာအောင် ယောနိသော မနသီကာရစိတ်နဲ့ နှလုံးသွင်းပူဇော်လေ့ရှိကြပါတယ်။

### စိတ်ထဲကွင်းကွင်းကွက်ကွက် ပေါ်လာ

သီဟိုဠ်ခေတ်ကာလက ပုဏ္ဏဝလ္လိကကျောင်းမှာ သီတင်းသုံးနေတဲ့ မဟာတိဿ မထေရ်မြတ်ဟာ တစ်ခုသော လပြည့်နေ့ညချမ်းအချိန် ကျောင်းတွင်း စေတီရင်ပြင်ကို သွားရင်း လသာသာမှာကြည်နူးစိတ်နဲ့အတူ “ဒီလိုသာယာတဲ့ အချိန်အခါမျိုးမှာ ရဟန်းရှင်လူ ပရိသတ်လေးပါး လူအများဟာ မဟာစေတီကို ရှိခိုးပူဇော်နေကြမှာပဲ”လို့ စဉ်းစားမိတဲ့အခါ တစ်ချိန်ကဖူးမြော်ခဲ့ဖူးတဲ့ မဟာစေတီကြီးဟာ စိတ်ထဲကွင်းကွင်းကွက်ကွက် ပေါ်လာပါတယ်။

ထိုမှဆက်ကာ ဘုရားရှင်ရဲ့ “အရဟံ” စသော ဂုဏ်တော်များကို နှလုံးသွင်း အာရုံပြုမိတဲ့အခါ မထေရ်မြတ်ရဲ့သန္တာန်မှာ နှစ်သက်မှုပီတိများဖြစ်ပွားလာပြီး အဆုံးမှာတော့ ကိုယ်ပါ အထက်သို့မြောက်ပျံတက်ကြွခြင်းဆိုတဲ့ ဥဗ္ဗေဂါပီတိအစွမ်းကြောင့် ကောင်းကင်ထက် တက်ပျံသွားပြီး မိမိစိတ်ထဲ ထင်စွဲနေတဲ့အဝေးရှိ မဟာစေတီကြီး ရင်ပြင်ပေါ်သို့ အလိုလို ရောက်သွားခဲ့ပါတယ်။ ရောက်မှာပဲ မိမိရောက်နေကြောင်းသိရတယ်လို့ ဆိုပါတယ်။

မာရဝိဇယမြတ်ဗုဒ္ဓအပါအဝင် စေတီထိုက်တဲ့ မြတ်စွာဘုရားရှင်ရဲ့ ဓာတုစေတီ၊ ပရိဘောဂစေတီ၊ ဥဒ္ဒိဿစေတီတော်လာ ဘုရားဖူးပြည်သူများအနေဖြင့်လည်း မြတ်စွာဘုရားရှင်ကို ဖူးမြော်ကြည်ညိုကြရာမှာ ဗုဒ္ဓါနုဿတိ ဘာဝနာဖြစ်အောင် ပုံတော်ကို ဂုဏ်တော်ကပ်ပြီး ရှိခိုးပူဇော်ကြစို့ရဲ့။ အဂါဝရ မဖြစ်အောင် ဆင်ခြင်ကြစို့ရဲ့။ သန့်ရှင်းမှုဖြင့် ကုသိုလ်ယူကြစို့ကွဲ့။ ။

ကျမ်းကိုး –

ပါမောက္ခချုပ် ဆရာတော် ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသ၏“လောကသားတို့အတွက် မြတ်ဗုဒ္ဓ၏ကြိုးပမ်းချက်(စတုတ္ထတွဲ)”။

ဓမ္မစရိယ ဦးဌေးလှိုင်၏ “သီဟိုဠ်ခေတ် စံတော်ဝင် အရိယာများ”။

ဝဏ္ဏသီရိ၏ “ညီတော်အာနန္ဒာ၏ တစ်သက်တာမှတ်တမ်း (ပထမတွဲ)”။

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူ ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြည်ညို၊ အထူးစည်ကားများပြား

**နေပြည်တော် ဩဂုတ် ၁၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိ မြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထား ပူဇော်အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော် အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ် ကြီးအား ယနေ့တွင်လည်း နံနက် ၆ နာရီမှ စတင် ၍ အများပြည်သူ ဖူးမြော်ကြည်ညိုခွင့်ပြုခဲ့ရာ အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညို ကြသည့် ရဟန်းရှင်လူ ဘုရားဖူးပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်သူများဖြင့် အထူးစည်ကားလျက်ရှိသည်ကို ဩဂုတ် ၁၄ ရက်က တွေ့ရစဉ်။

ဦးစွာ တာဝန်ရှိသူများက ဘုရားဖူးပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် စိတ်လက်အေးချမ်း စွာ ဘုရားဖူးမြော်နိုင်ရေးအတွက် ဘုရားမုခ်ဦးများရှေ့ တွင် လုံခြုံရေးအရ လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ပေးပြီး သံဃာတော်များ၊ မသန်စွမ်းသူများ နှင့် သက်ကြီးရွယ်အိုများ ဘုရားရင်ပြင်တော်သို့ သွားလာရေးလွယ်ကူစေရန်အတွက် မော်တော်ယာဉ် ငယ်များဖြင့် စနစ်တကျပို့ဆောင်ပေးသည်။



မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း ညပိုင်း လာရောက်ဖူးမြော်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

ထို့နောက် ဘုရားဖူးရဟန်းရှင်လူ ပြည်သူများ သည် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး စိတ်အေးချမ်းသာစွာဖြင့် တရားဘာဝနာပွားများခြင်း၊ အသင်းအဖွဲ့အလိုက် ဝတ်ရွတ်ပူဇော်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထား ပူဇော်ထားသည့် ဘုရားရင်ပြင်တော်ပေါ်သို့ အလွယ် တကူ တက်ရောက်ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် စက်လှေကားကိုလည်း ထည့်သွင်းတည်ဆောက် ထားရှိရာ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများ အတွက် များစွာအဆင်ပြေလှပြီး စိတ်အေးချမ်းသာ စွာဖြင့် ဘုရားဖူးမြော်ကြည်ညိုနေကြသည့် မြင်ကွင်း ကိုလည်း တွေ့မြင်ရသည်။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထား ပူဇော်ထားသည့် ရင်ပြင်တော်ပတ်လည်၌ ဂန္ဓကုဋိ တိုက် ၂၄ ဆောင်ကို စကျင်ကျောက်များဖြင့် တည်ဆောက်ထားရှိရာ ဘုရားဖူးပြည်သူများအနေ ဖြင့် စိတ်အေးချမ်းသာစွာ ဂန္ဓကုဋိတိုက်တော်များ အတွင်းမှ ဘုရားကြီးကို ဖူးမြော်ကြည်ညိုကြသည်။

ထို့ပြင် ဘုရားဖူး ရဟန်းရှင်လူ ပြည်သူများအနေ ဖြင့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ချိန်တွင် ပိဋကတ်သုံးပုံတော်လာ အဋ္ဌကထာ ဋီကာကျမ်းစာများကို တစ်ပါတည်း လေ့လာဖတ်ရှုကြည်ညိုနိုင်ရေးအတွက် စကျင် ကျောက်ချပ်များပေါ်၌ ခေတ်မီစက်ကိရိယာများ အသုံးပြု၍ ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ကျောက်စာတော်များ ထွင်းထုထည့်သွင်းထား သည့် ကျောက်စာရုံစေတီတော် အဆူ ၇၂၀ ကို ရုပ်ပွား တော်မြတ်ကြီး၏ ရှေ့မျက်နှာမူရာ တည့်တည့်၌ တည်ဆောက်ပူဇော်ထားရှိရာ စိတ်ဝင်စားစွာ ဖူးမြော် လေ့လာကြည်ညိုကြသည်။

အဆိုပါ ကျောက်စာရုံစေတီတော်များကို မန္တလေးမြို့ မဟာကုသိုလ်တော်ဘုရား ကျောက်စာရုံ များ ပုံစံယူ၍ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး မည်သည့် ကျောက်စာရုံ၌ ပိဋကတ်သုံးပုံကျမ်းစာများကို လေ့လာသည်ဖြစ်စေ ကျောက်စာရုံများမှ ထွက်သည့် အခါ၌ ဘုရားကြီး၏ မျက်နှာတော်ကို တွေ့မြင်ဖူးမြော် ကြည်ညိုနိုင်ရန်နှင့် ပိဋကတ်သုံးပုံ အဋ္ဌကထာဋီကာ ကျမ်းစာများသည်လည်း ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်သူများဖြင့် အထူးစည်ကားလျက်ရှိသည်ကို ဩဂုတ် ၁၄ ရက်က တွေ့ရစဉ်။

မျက်နှာတော်မူရာတွင် တည်ရှိနေရန် စစ်အင်ဂျင် နီယာ ညွှန်ကြားရေးမှူးရုံးမှ ပညာရှင်များ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီမှ ပညာရှင်များ၊ အခြားအရပ် ဘက် ကျွမ်းကျင်ပညာရှင်များက စနစ်တကျတွက် ချက် တည်ဆောက်ထားခြင်းဖြစ်ပြီး ဘုရားဖူးပြည်သူ များအနေဖြင့် ဝင်ရောက်ဖူးမြော်ရာ၌ ကျောက်စာရုံ စေတီတော်များ၏ ဗိသုကာလက်ရာ၊ အင်ဂျင်နီယာ ပညာရပ်များကိုလည်း လေ့လာနိုင်မည်ဖြစ်သည်။

ထို့ပြင် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားပူဇော်ထားရှိရာ ဗုဒ္ဓဥယျာဉ်တော်အတွင်း၌ ဩဝါဒါစရိယဆရာတော်ကြီးများ၏ ဩဝါဒခံယူလျက် ပိဋကတ်တော်လာအဆိုများနှင့် မဟာဗုဒ္ဓဝင်ကျမ်းဂန် တော်များနှင့်အညီ ပြည့်စုံစွာ တည်ထားကိုးကွယ် ထားသည့် မုစလိန္ဒကန်နှင့် နဂါးရုံဘုရားတို့ကိုလည်း ဘုရားဖူးပြည်သူများက ကြည်ညိုစွာဖြင့် ဖူးမြော်ကြ သည်။

ထို့ပြင် ရုပ်ပွားတော်မြတ်ကြီး ပရိဝုဏ်တော် အတွင်းနှင့် ဗုဒ္ဓဥယျာဉ်တော်အတွင်း၌ စနစ်တကျ တည်ဆောက်ထားရှိသည့် ရေပန်းရင်ပြင်နှင့် ရေပန်း ဝိုင်းအကြီး၊ ရေပန်းဝိုင်းအသေးနေရာများ၌လည်း ဘုရားဖူးပြည်သူများအနေဖြင့် မိသားစုလိုက် သော်လည်းကောင်း၊ မိတ်ဆွေသူငယ်ချင်းအစုအဖွဲ့ လိုက်သော်လည်းကောင်း ပျော်ရွှင်စွာ အမှတ်တရ ဓာတ်ပုံရိုက်နေကြသည့် ဘုရားဖူးပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ထားပူဇော်ထား သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော် မြတ်ကြီးနှင့် ဘုရား ကျောင်းကန်များအား လာရောက်ဖူးမြော်ကြည်ညို ကြသည့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူ များ ခေတ္တအနားယူနိုင်စေရေးအတွက် ကျွန်းတိုင်များ အသုံးပြု၍ မြန်မာ့လက်ရာများဖြင့် ရေးမှုမပျက် ဆောက်လုပ်ထားသည့် သုခမ္မာဇရပ်များတွင်လည်း အေးချမ်းစွာ အပန်းဖြေအနားယူကြသူများဖြင့် စည်ကားလျက်ရှိသည်။

ထို့ပြင် ဗုဒ္ဓဥယျာဉ်တော်အတွင်း မာရဝိဇယ ကျောင်းတော်နှင့် သာသနာရေးဆိုင်ရာ အခမ်းအနား များကို ခမ်းနားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် သံဃာ တော်အပါး ၉၀၀ နှင့် လူပရိသတ် ၁၂၀၀ ဝင်ဆံ့နိုင် သည့် အလျား ၂၉၆ ပေ၊ အနံ ၂၃၃ ပေ၊ အမြင့် ၉၄ ပေ ရှိ အဂ္ဂါဓိပတိ သာသနဝိမာန်တော်ကြီးကိုလည်း ခမ်းနားထည်ဝါစွာဖြင့် တည်ဆောက်ထားရှိမှုကို လည်း ရဟန်းရှင်လူပြည်သူအများက ဝင်ရောက် လေ့လာကြည်ညိုကြသည်။

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်ကြည်ညိုကြသည့် အနယ်နယ် အရပ်ရပ်မှ ရဟန်းရှင်လူ ပြည်သူများအနေဖြင့် ကြည်ညိုသဒ္ဓါပွားများလျက် စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် အလှူငွေများကို ပေးအပ်လှူဒါန်း လျက်ရှိကြပြီး ခုနစ်ရက် သားသမီးအလှူရှင်များ အနေဖြင့်လည်း ဘုရားဖူးပြည်သူများ သုံးဆောင်နိုင် ရန်အတွက် သက်သတ်လွတ် သီးစုံဒံပေါက်များကို အာဟာရဒါနစတုဒိသာအဖြစ် ကျွေးမွေးလှူဒါန်း ကြသည်။

အဆိုပါ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရဟန်းရှင်လူအများပြည်သူများအနေဖြင့် ဩဂုတ် ၈ ရက်မှ ၁၆ ရက်အထိ နံနက် ၆ နာရီမှ ည ၈ နာရီ အတွင်း အခမဲ့လာရောက်ဖူးမြော်ကြည်ညိုနိုင်ရန် ဖွင့်လှစ်ထားရှိကြောင်းနှင့် ယနေ့တွင် အနယ်နယ် အရပ်ရပ်မှ ရဟန်းရှင်လူ ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုကြရာ အထူးပင် စည်ကားများပြားလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ကမ္ဘာ့အကြီးဆုံး စကျင်ကျောက်ဘုရားကြီးတည်ပြီး စကျင်ကျောက်တွေနဲ့ ပရိဝုဏ်ကြီးတစ်ခုလုံး ပြုလုပ်ထားတဲ့အတွက် မြန်မာနိုင်ငံအနေနဲ့ ကမ္ဘာကိုချပြလို့ရတဲ့ ပြယုဂ်တစ်ခုဖြစ်လာပါတယ်

ဥူးတိဿ

နေပြည်တော် ဩဂုတ် ၁၄

**ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း တည်ထားသည့် ကမ္ဘာ့ဉာဏ်တော်အမြင့်ဆုံး ထိုင်တော်မူ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဩဂုတ် ၈ ရက်မှစတင်၍ ရဟန်းရှင်လူ အများပြည်သူတို့ လာရောက်ဖူးမြော်နိုင်ရန် ဖွင့်လှစ်ထားရှိရာ သတ္တမမြောက်နေ့ဖြစ်သည့် ဩဂုတ် ၁၃ ရက်တွင် ဖူးမြော်သူညေ့်ပရိသတ်များဖြင့် တိုးမပေါက်အောင် စည်ကားလျက်ရှိသည်ကို မြင်တွေ့ရသည်။**

အနယ်နယ်အရပ်ရပ်မှ ဖူးမြော်သူများ၏ ကြည်ညိုသဒ္ဓါအားကောင်းစွာ လှူဒါန်းပူဇော်နေမှုများနှင့် ပျော်ရွှင်ကြည်နူးစွာ လေ့လာနေမှုများကို မြင်တွေ့ရသည်။ ထို့ကြောင့် လာရောက်ဖူးမြော်သူများ၏ ပီတိစကားသံများကို စုစည်းဖော်ပြလိုက်ပါသည်။


ဥူးတိဿ


ဦးသန်းညွန့်


ဒေါ်စောနု


ဦးထွန်းဖြူ


ကိုဆန်းထူး


ကိုအောင်ပိုင်


မောင်ကောင်းခန့်သွင်

**ဥူးတိဿ**
**ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မစိုးရိမ်ကျောင်းတိုက်**

မြန်မာနိုင်ငံမှာ စကျင်ကျောက်တွေထွက်တယ်၊ ဒါပေမယ့် စကျင်ကျောက်နဲ့ပတ်သက်ပြီး ပြယုဂ်မရှိဘူး၊ ကမ္ဘာကိုချပြစရာ နေရာမရှိပါဘူး။ ယခုအခါ ကမ္ဘာ့အကြီးဆုံး စကျင်ကျောက်ဘုရားကြီးတည်ပြီး စကျင်ကျောက်တွေနဲ့ ပရိဝုဏ်ကြီးတစ်ခုလုံး ပြုလုပ်ထားတဲ့အတွက် မြန်မာနိုင်ငံအနေနဲ့ ကမ္ဘာကိုချပြလို့ရတဲ့ ပြယုဂ်တစ်ခုဖြစ်လာပါတယ်။ နိုင်ငံတကာကိုလည်းချပြလို့ရသလို မြန်မာ့ဂုဏ်ကိုလည်း ဆောင်ပါတယ်။ များသောအားဖြင့် ကျောက်စိမ်းစေတီ၊ ရွှေနဲ့ပတ်သက်တဲ့ဘုရားတွေ၊ ကြေးနဲ့ပတ်သက်တဲ့ဘုရားတွေ အများကြီးရှိပါတယ်။ စကျင်ကျောက်နဲ့ မာရဝိဇယဘုရားကြီး တည်ထားလိုက်တဲ့အတွက် ကမ္ဘာကလည်း မြန်မာနိုင်ငံမှာ စကျင်ကျောက်တွေ ထွက်ရှိပါလားဆိုတာ သိလာကြတယ်။ နိုင်ငံအတွက် အင်မတန်မှ ဂုဏ်ရှိပါတယ်။

ဒါ့အပြင် ဘုရားကြီးမှာ မြန်မာ့ယဉ်ကျေးမှုတွေ ပြည့်ပြည့်စုံစုံ တွေ့ရပါတယ်။ ဘုရားနဲ့ပတ်သက်တဲ့ ဗုဒ္ဓဝင်တွေ၊ ကနုတ်တွေက မြန်မာ့ယဉ်ကျေးမှုစစ်စစ်တွေ တွေ့ရပါတယ်။ သာသနာတည်ရှိနေသရွေ့၊ မြန်မာနိုင်ငံ တည်ရှိနေသရွေ့ တည်ရှိနေဦးမှာပါ။ နှစ်တွေဘယ်လောက်ပြောင်းလဲပြောင်းလဲ ဘုရားကြီးကတော့ တည်ရှိနေမှာပါ။ ဗုဒ္ဓဘာသာအတွက် သမိုင်းအစဉ်အဆက်ကောင်းနေဦးမှာပါ။

ကျောက်စာတိုက်နဲ့ ပတ်သက်ပြီး အလွန်ကောင်းပါတယ်။ ကိုယ့်နိုင်ငံက ထေရဝါဒနိုင်ငံဖြစ်တဲ့အတွက် ပါဠိစကားလုံးကိုတော်တော်များများ ပြည်သူတွေက ရင်းနှီးကြတယ်။ တော်တော်များများ ဖတ်တတ်ကြတယ်။ နောက်တစ်ခုကအပေါ်မှာ မြန်မာစာပါ ပြန်ပေးထားတဲ့အတွက် အားလုံးဖတ်လို့ရပါတယ်။ နိုင်ငံတကာက ပါဠိကျွမ်းကျင်တဲ့ ဆရာတော်တွေ ကြွလာတဲ့အခါလည်း ဖတ်လို့ရပါတယ်။ အဲဒီတော့ ဒီကျောက်စာတိုက်နဲ့ ပတ်သက်ပြီး ပြည့်စုံလွန်းပါတယ်လို့ ပြောချင်ပါတယ်။

ဘုရားကြီးကို သုံးနှစ်လောက်ဆိုတဲ့ အချိန်တိုအတွင်းမှာပြီးစီးအောင် တည်ထားနိုင်တာကလည်း ဂုဏ်ယူစရာပါ။ မာရဝိဇယဘုရားကြီးကို ပြည်သူတွေအနေနဲ့ လာရောက်ဖူးမြော်စေချင်ပါတယ်။ ဗုဒ္ဓဘာသာဝင်မဟုတ်တဲ့ တခြားဘာသာဝင်တွေအနေနဲ့လည်း လာရောက်လေ့လာစေချင်ပါတယ်။ ဘာသာ သာသနာအတွက် အများကြီးသမိုင်းဝင်သွားပါပြီ။

**ဥူးကောသလ္လ**
**မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်**

မာရဝိဇယဘုရားကြီးရဲ့ ပရိဝုဏ်ထဲရောက်ကတည်းက စိတ်ကြည်နူးမှုက အရင်ဆုံးဖြစ်ခဲ့ပါတယ်။ ကိုယ့်ဒေသကနေ တကူးတက ယူလာခဲ့တဲ့ စကားဖြူပန်းလေးတွေကို သေသေချာချာလေး ကပ်လှူပြီးတော့ ဂုဏ်တော်တွေမှန်းပြီး လှူဒါန်းလိုက်ရတဲ့ ဒါနစွမ်းအားဟာလည်း ကြည်နူးမှုတွေထဲက တစ်ခုပါ။ အများပြည်သူတွေ ထောင်ချီ၊ သောင်းချီပြီး ဖူးမြော်နေတာမြင်တွေ့ရတော့ အားပါးတရ ဝမ်းပန်းတသာ မုဒိတာပွား သာခုခေါ်မိပါတယ်။ မလာနိုင်၊ မဖူးနိုင်သေးတဲ့ ပြည်သူတွေကိုလည်း လာရောက်ဖူးမြော်စေချင်ပါတယ်။ ကိုယ်ကြည်နူးရတဲ့ပီတိလို ပြည့်ပြည့်ဝဝရစေချင်တယ်။ တစ်ဆင့်စကားနဲ့ကြားရတဲ့ ပီတိနဲ့ ကိုယ်တိုင်ဖူးမြော်ခွင့်ရတဲ့ပီတိတွေက မတူနိုင်ပါဘူး။

အရာဝတ္ထုတစ်ခုတိုင်းဟာ ကာလအပိုင်းအခြားတစ်ခု ရောက်သွားရင် ပျက်စီးတတ်တာများပါတယ်။ အဲဒီထဲမှာမှ စာအုပ်စာပေတွေ၊ ပိဋကတ်သုံးပုံတွေ စီမံထားတာအများကြီးရှိပါတယ်။ ကျောက်စာတိုက်ဆိုတာ ပကတိသောပစ္စည်းဥစ္စာတွေနဲ့စာရင် နှစ်ပေါင်းမြောက်မြားစွာ တည်ရှိနိုင်တဲ့အတွက်ကြောင့် ကျောက်စာတိုက်ကို ပူဇော်ခြင်း၊ ရေးထိုးခြင်းဟာ အင်မတန်မှလုပ်နိုင်ခဲတဲ့ အလုပ်တစ်ခု၊ နောက်တစ်ချက်က အရှည်သဖြင့်ကို ရည်မျှော်မှန်းထားပြီး ဆောင်ရွက်ထားတဲ့ အမြော်အမြင်တစ်ခုလို့ တွေးမိပါတယ်။ ကျောက်စာကြီးတစ်ခု တည်ထောင်နိုင်ဖို့ မလွယ်ကူသလို တည်တံ့ဖို့အတွက်လည်း ကျန်ရှိတဲ့အရာဝတ္ထုတွေထက် ခိုင်ခိုင်မာမာတည်ရှိတဲ့အတွက် ကျောက်စာတိုက်တွေ ပူဇော်ထားရှိခြင်းဟာလည်း အမြော်အမြင်ကြီးမားခြင်းတစ်ခုလို့ ခံယူမိပါတယ်။ ဘုရားကြီးကို ဖူးမြော်ရင်းနဲ့ တရားတော်တွေ၊ ဇာတ်တော်ကြီးတွေကိုလည်း တစ်ခါတည်း ဖူးမြော်နိုင်အောင် နေရာစနစ်တကျ စီမံထားတာဖြစ်ပါတယ်။ ပြည့်ပြည့်စုံစုံပူဇော်နိုင်အောင် တည်ထားပေးတဲ့အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်မိပါတယ်။ သာခုအကြိမ်ကြိမ်ခေါ်ပါတယ်။

**ဦးသန်းညွန့်၊ တပ်ကုန်းမြို့နယ်**

ကျွန်တော်က အသက် ၈၂ နှစ် ရှိပါပြီ။ မာရဝိဇယဘုရားကြီးကို ဖူးမြော်ဖို့အတွက် ဩဂုတ် ၂ ရက်က တစ်ကြိမ်လာပါတယ်။ အဲဒီနေ့ကတော့ ဖူးမြော်ခွင့်မရခဲ့ပါဘူး။ ဒီနေ့တော့ ဖူးမြော်ရတာ ဝမ်းသာပီတိဖြစ်မိပါတယ်။ သတင်းတွေမှာ တွေ့ရှိကတည်းက ဖူးမြော်လိုစိတ်တွေပြင်းပြခဲ့ပါတယ်။ မာရဝိဇယဘုရားကြီးတည်ထားတဲ့အတွက် မြန်မာနိုင်ငံမှာရှိတဲ့ ဗုဒ္ဓဘာသာဝင်အားလုံးကလည်း အံ့ဖွယ်မာရဝိဇယဘုရားကြီးကို လာရောက်ဖူးမြော်ကြတဲ့ ပြည်သူပေါင်း သောင်းချီပြီးရှိပါမယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်များမှာရှိကြတဲ့ ပြည်သူတွေလည်း လာရောက်ဖူးမြော်ကြည်ညိုကြပါလို့ မေတ္တာစကားပါးချင်ပါတယ်။

**ဒေါ်စောနု၊ ရမည်းသင်းမြို့နယ်**

ကျွန်မ အသက်က ၇၁ နှစ်ရှိပါပြီ။ ရွာမှာဆိုတော့ ရေဒီယိုအမြဲနားထောင်ပါတယ်။ ရေဒီယိုထဲမှာကြားဖူးနေတော့ အပြင်မှာ ဖူးမြော်ချင်တဲ့ဆန္ဒတွေက တားလို့မရတာနဲ့ မာရဝိဇယဘုရားကြီးကို သားသမီးတွေမအားတဲ့အတွက် တစ်ယောက်တည်း လာရောက်ဖူးမြော်တာပါ။ သားသမီးတွေနဲ့ နောက်တစ်ကြိမ် လာရောက်ဖူးမြော်ဦးမှာပါ။ ကြည်ညိုသဒ္ဓါပွားရ၊ စိတ်ချမ်းသာရ၊ ပီတိဖြစ်ရနဲ့ ဘုရားကြီးတည်ထားပေးတဲ့ ဘုရားတကာအပေါင်းတို့လည်း ဘေးဘယာတွေကင်းဝေးပြီး ကျန်းမာချမ်းသာပါစေ။ ပြည်သူတွေလည်း ကျန်းမာချမ်းသာပါစေလို့ ဆုတောင်းမေတ္တာပို့သပါတယ်။

**ဦးထွန်းဖြူ၊ ရမ်းဗြဲမြို့နယ်**

ကျွန်တော်က ရခိုင်တိုင်းရင်းသားတစ်ဦးပါ။ နေပြည်တော်ကို အလည်လာရင်းနဲ့ ဖူးခွင့်ကြုံတော့ မာရဝိဇယဘုရားကြီးကို ဖူးမြော်ခွင့်ရခဲ့ပါတယ်။ ဗုဒ္ဓဘာသာဝင်တစ်ဦးအနေနဲ့ ဒီလောက်ကြီး ကျယ်ခမ်းနားတဲ့ ဘုရားပရိဝုဏ်ကြီးထဲမှာ သပ္ပာယ်ကြည်ညိုစရာ အလွန်ကောင်းတဲ့ မာရဝိဇယဘုရားကြီးကို ဖူးမြော်ရတာ စိတ်ချမ်းသာမှုအပြည့်ဖြစ်ပေါ်မိပါတယ်။ ကျွန်တော့် ဇာတိမြေရောက်တဲ့အခါ ဘုရားကြီးကို သွားရောက်ဖူးမြော်ကြဖို့ သတင်းစကားတွေ ဖြန့်ဝေပေးချင်တဲ့စိတ်တွေက ကိန်းအောင်းနေပါတယ်။

နိုင်ငံတော်အကြီးအကဲများနဲ့ ရဟန်းရှင်လူပြည်သူများ ကျန်းမာချမ်းသာကြပါစေလို့ ဘုရားကြီးမှာ မေတ္တာပို့ဆုတောင်းပေးပါတယ်။

**ကိုဆန်းထူး၊ ပျဉ်းမနားမြို့**

မိသားစုလိုက် မာရဝိဇယဘုရားကြီးကို လာရောက်ဖူးမြော်တာပါ။ ဗုဒ္ဓဘာသာဝင်တစ်ယောက်အနေနဲ့ အင်မတန်ကြည်ညိုဖွယ်ကောင်းတယ်လို့ မြင်မိပါတယ်။ ဘုရားရှင်ဟောကြားထားတဲ့ တရားတော်တွေကို ထွင်းထုထားတဲ့ ကျောက်စာတိုက်တွေကိုလည်း ဖူးမြော်လေ့လာခဲ့ပါတယ်။ ပညာရှင်တွေကိုလည်း ကျေးဇူးတင်ပါတယ်။ တရားတော်တွေဆိုတာ စာလေးတစ်လုံးမှ အမှားမခံပါဘူး။ မှားလိုက်တာနဲ့ အဓိပ္ပာယ်တွေပြောင်းသွားမယ်။ သမိုင်းမှာလည်း အမှတ်မှားကုန်နိုင်ပါတယ်။ အနုစိတ်ထွင်းထားတဲ့ တရားတော်တွေကိုလည်း ပြည်သူတွေအနေနဲ့ ဘုရားကြီးဖူးမြော်ရင်း မကျန်မလပ်အောင် ဝင်ရောက်ဖူးမြော်လေ့လာကြပါလို့ တိုက်တွန်းနှိုးဆော်ပါတယ်။

**ကိုအောင်ပိုင်၊ သာစည်မြို့နယ်**

ကျွန်တော်တို့ လူငယ်တွေစုပြီး မနက် ၅ နာရီကတည်းက မာရဝိဇယဘုရားကြီးဖူးမြော်ဖို့ ကားနဲ့ထွက်လာကြတာပါ။ ဆိုရှယ်မီဒီယာမှာ ဘုရားကြီးကို ဖူးရတဲ့အခါ အတွေးတစ်ခုဝင်လာပါတယ်။ ကိုယ်တိုင်သွားရောက်ဖူးမြော်ရရင် အလွန်ကြည်ညိုစရာ ကောင်းမယ်လို့ တွေးမိပါတယ်။ ဒါနဲ့ သူငယ်ချင်းတွေနဲ့တိုင်ပင်ပြီးတော့ လာရောက်ဖူးမြော်ဖြစ်တာပါ။

ကျွန်တော်တို့လို နယ်ဝေးက လာရောက်ဖူးမြော်တဲ့ ပြည်သူတွေကို သက်သတ်လွတ်ဒံပေါက်ဘူးတွေ စတုဒိသာကျွေးပါတယ်။ ဘုရားကြီးရဲ့ ပရိဝုဏ်ထဲမှာ ဘုရားကျောင်းကန် ဇရပ်ပြည့်ပြည့်စုံစုံအပြင် ကျောက်စာတိုက်တွေ၊ ဇာတ်နိပါတ်တော်တွေနဲ့ အများကြီးဗဟုသုတရပါတယ်။ ဗုဒ္ဓဘာသာဝင်တစ်ယောက်အနေနဲ့ကတော့ အတိုင်းမသိ ဝမ်းသာကြည်နူးမိပါတယ်။ နိုင်ငံတော်အကြီးအကဲနဲ့ အလှူရှင်တွေကိုလည်း ဘုရားကြီးတည်ထားတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်။ လူငယ်တွေအနေနဲ့လည်း လာရောက်ဖူးမြော် ကြည်ညိုကြပါလို့ တိုက်တွန်းနှိုးဆော်ချင်ပါတယ်။

**မောင်ကောင်းခန့်သွင်၊ Grade-9၊ နေပြည်တော် အထက(၆)**

ကျွန်တော်တို့ သူငယ်ချင်းတွေစုပြီး မာရဝိဇယဘုရားကြီးကို လာရောက်ဖူးမြော်ကြတာပါ။ ကျွန်တော်တို့လို ကျောင်းသားလူငယ်တွေအနေနဲ့ ဘုရားကြီးပရိဝုဏ်ထဲမှာ ထည့်သွင်းတည်ဆောက်ထားတဲ့ ကျောက်စာတိုက်တွေ၊ ဇာတ်တော်ကြီးတွေနဲ့ ဗောဓိညောင်ပင်ကိုလည်း ဖူးမြော်လေ့လာခဲ့ရပါတယ်။ ဘုရားကြီးပရိဝုဏ်အတွင်းမှာ စကျင်ကျောက်တွေအသုံးပြုပြီး တည်ဆောက်ထားတာက အံ့ဩမှင်တက်စေပါတယ်။ ကျောင်းသားတစ်ယောက်အနေနဲ့ ကျောင်းသင်ခန်းစာတွေအပြင် ဘာသာတရားကိုလည်း ကိုင်းရှိုင်းမယ်၊ လေ့လာလိုက်စားမယ်၊ ထိန်းသိမ်းမယ်ဆိုရင် ကျွန်တော်တို့ ဗုဒ္ဓဘာသာဟာ ကမ္ဘာတည်သရွေ့ရှိနေမှာပါ။ တစ်နိုင်ငံလုံးမှာရှိတဲ့ ကျောင်းသား ကျောင်းသူတွေကိုလည်း စကျင်ကျောက်နဲ့ထုဆစ်ထားတဲ့ ကမ္ဘာ့အကြီးဆုံး မာရဝိဇယဘုရားကြီးကို လာရောက်ဖူးမြော်ကြပါလို့ နှိုးဆော်ချင်ပါတယ်။

**တွေ့ဆုံမေးမြန်း-ဟိန်းထက်ဇော် (မြန်မာ့အလင်း)**
**ဓာတ်ပုံ- အိမ့်ဘီလီယံမောင်**

# မြန်မာသတင်းစာသက်တမ်း ၁၈၇ နှစ်ပြည့်ခရီးနှင့် ၁၀၉ နှစ်ပြည့် သမိုင်းဝင် မြန်မာ့အလင်း (အပိုင်း- ၄)

သီဟစည်သူ

*(ယမန်နေ့မှအဆက်)*

### မြန်မာသတင်းစာများ သမိုင်းကို သုံးသပ်ခြင်း

မြန်မာသတင်းစာများ သမိုင်းကို ပြန်လှန်သုံးသပ်ကြည့်ရလျှင်မူ ခေတ်ဦး သတင်းစာများမှသည် ၁၉၂၀ ပြည့်နှစ်မှ ၁၉၂၉ ခုနှစ်အတွင်း ထုတ်ခဲ့သည့် သတင်းစာများတွင် နိုင်ငံရေးလှုပ်ရှားမှုများ ပိုမိုထင်ဟပ်ခဲ့သည်။ ခေတ်ဦး သတင်းစာအများစုသည် အဖွဲ့အစည်း တစ်ခုခုကို ထောက်ခံရေးသားလေ့ရှိကြသည်။ ထိုအချိန်တွင် ကာရန်သွင်း နဘေထပ် သတင်းစာအရေးအသားလည်း အနည်းငယ်ပျောက်သလောက် ဖြစ်လာကာ သတင်းကို ထောင့်စုံအောင် ထည့်သွင်းပြီး သတင်းအနေအထား အပြင်အဆင်၊ ခေါင်းစည်းတပ်ပုံ စသည်တို့ ထူးခြားတိုးတက်လာသည်။ ကာတွန်း အသုံးပြုမှုလည်း အရှိန်ရလာခဲ့ပြီး သတင်းဓာတ်ပုံများလည်း အသုံးပြုလာခဲ့သည်။ သတင်းဖန်တီးမှုအပိုင်းတွင်လည်း သတင်းထောက်ရှိသည် ဆိုရုံမျှသာဖြစ်ပြီး အပျော်တမ်း သတင်းထောက်များအဆင့်သာ ရှိနေသေးသည်။ ထိုခေတ်သတင်းစာများသည် တိုင်းပြည်ကောင်းစားရေးအတွက် များစွာအထောက်အကူဖြစ်စေခဲ့သည်။ မြန်မာနိုင်ငံ ဗြိတိသျှ လက်အောက်ခံဘဝတွင် သူရိယနှင့် မြန်မာ့အလင်း သတင်းစာကြီးများတွင် ရေးသားဖော်ပြခဲ့သည့် သတင်း၊ ဆောင်းပါး၊ အတွေးအမြင်များသည် ကိုလိုနီစနစ်ထမ်းပိုးကို ပခုံးပေါ်မှ ခွာချလိုစိတ်ပြင်းပြလာပြီး တစ်တိုင်းပြည်လုံး နိုင်ငံရေး မျက်စိပွင့်ကာ နိုးနိုးကြားကြား ဖြစ်ပေါ်လာစေခဲ့သည်။

၁၉၃၀-၃၉ ခုနှစ်များအတွင်း မြန်မာသတင်းစာများတွင် ခေါင်းကြီးပိုင်း အရေးအသား ထိမိလာပြီး ပင်တိုင်ဆောင်းပါးများလည်း အရှိန်တက်လာခဲ့သည်။ အစိုးရက အပြင်းအထန် အရေးယူနေသည့်ကြားမှပင် မြန်မာ့လွတ်လပ်ရေး တိုက်ပွဲများတွင် ထိထိရောက်ရောက် ပါဝင်ဆင်နွှဲခဲ့ကြသည်။ ယင်းကာလများတွင် မြန်မာ့အလင်းအပါအဝင် ထင်ရှားသော သတင်းစာကြီးများ၏စောင်ရေသည်လည်း တစ်ဟုန်ထိုး တိုးတက်ခဲ့ပေသည်။

ထိုအချိန်က မြန်မာသတင်းစာများ၏ ဩဇာသက်ရောက်မှုနှင့် ပတ်သက်၍ စာရေးဆရာ ဗန်းမော်တင်အောင်က “ဗြိတိသျှ ကိုလိုနီဝါဒသမားများ၏ ဒိုင်အာခီအုပ်ချုပ်ရေး၊ (၉၁) ဌာနအုပ်ချုပ်ရေးနှင့် ဒုတိယကမ္ဘာစစ်ကြီး အပြီး စက္ကူဖြူအုပ်ချုပ်ရေးများကို မြန်မာတစ်မျိုးသားလုံးက ထကြွကန့်ကွက်ခြင်း ပြုခဲ့ကြသော နိုင်ငံရေးကာလများက **မြန်မာသတင်းစာများသည် ပြည်သူအများ၏ အကျိုးစီးပွားနှင့် ဆက်စပ်ကာ ပါဝင်ခဲ့ကြပါသည်။ ဒိုင်အာခီနိုင်ငံရေးကာလက သူရိယ၊ မြန်မာ့အလင်း အစရှိသော နေ့စဉ်သတင်းစာကြီးများနှင့် ဒီးဒုတ်၊ ဗန္ဓုလအစရှိသော ဂျာနယ်ကြီးများသည် အလွန်တရာ ထင်ရှားလှသော အမျိုးသားလွတ်လပ်ရေး တိုက်ပွဲဝင် သတင်းစာကြီးများပင် ဖြစ်ပါသည်”** ဟု ၁၉၆၂ ခုနှစ်က ပြုလုပ်သည့် ပြည်လုံးကျွတ် သတင်းထောက်သင်တန်းတွင် “မြန်မာသတင်းစာများနှင့် ၎င်းတို့၏ တာဝန်ဝတ္တရားများ” ခေါင်းစဉ်ဖြင့် ထည့်သွင်းပို့ချခဲ့သည်။



၅-၄-၁၉၃၉ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာပါ ဗိုလ်အောင်ကျော်အရေးနှင့်ပတ်သက်သည့် ခေါင်းကြီး။



(၉၁) ဌာနအုပ်ချုပ်ရေးကို ဆန့်ကျင်သည့်အနေဖြင့် ခေါင်းကြီးမရေးဘဲ ချန်လှပ်ထားခဲ့သည့် ၁-၄-၁၉၃၉ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ။

### ဒုတိယကမ္ဘာစစ်တွင်းကာလ

မြန်မာသတင်းစာများ တိုးတက်မှု အရှိန်ကောင်းလာဆဲတွင် ဒုတိယကမ္ဘာစစ်မီး တောက်လောင်လာသည်။ စစ်အတွင်းကာလတွင် သူရိယ၊ မြန်မာ့အလင်း၊ ဗမာ့ခေတ်၊ တိုင်းချစ်သတင်းစာ အချို့ အခက်အခဲများကြားမှပင် ဆက်လက်ထုတ်ဝေနိုင်ခဲ့သည်။ ဗမာ့ခေတ်၊ သူရိယ၊ မြန်မာ့အလင်းသတင်းစာတို့သည် ဂျပန်ခေတ် စစ်ကြေးနန်းသတင်းများကို သတင်းစာမျက်နှာဖုံးများတွင် ဦးစားပေးဖော်ပြခဲ့ကြသည်။ ထို့ပြင် မလွတ်လပ်သည့်အကြားမှ ရသမျှ အခွင့်အရေးကို လက်လွတ်မခံဘဲ အမျိုးသားလွတ်မြောက်ရေး၊ နယ်ချဲ့ဆန့်ကျင်ရေး တို့အတွက် ကြိုးစားပမ်းစား ရေးသားခဲ့ကြသည်။

### စစ်ပြီးစ

စစ်ပြီးစ ၁၉၄၅-၁၉၄၆ ခုနှစ်များအတွင်း သတင်းစာများ အလျှိုလျှိုထပ်မံပေါ်ထွက်လာပြီး လွတ်လပ်ရေးအတွက် ဦးတည်ရေးသားခဲ့ကြသည်။ ဗမာ့ခေတ်သတင်းစာက စတင်၍ အဆုံးသတ်ကြိယာပစ္စည်း “ကြောင်း” ကို ဖြုတ်ကာ “၏၊ သည်” ဖြင့် အစားထိုးပြီး သတင်းကို ကျစ်ကျစ်လျစ်လျစ် တိုတိုတုတ်တုတ် ဖြစ်အောင် ရေးသားဖော်ပြခဲ့ကြသည်။

### ဆိုရှယ်လစ်ခေတ်သတင်းစာများ

၁၉၆၂ ခုနှစ် မတ် ၂ ရက်နောက်ပိုင်း တော်လှန်ရေးကောင်စီနှင့် တော်လှန်ရေးအစိုးရဖွဲ့ပြီး နောက်ပိုင်း မြန်မာသတင်းစာလောက၏ အခန်းကဏ္ဍပြောင်းလဲလာခဲ့သည်။ ၁၉၆၂ ခုနှစ် မတ်လတွင် ထုတ်ဝေနေသော သတင်းစာစောင်ရေ ၄၀ ရှိခဲ့ပြီး မြန်မာသတင်းစာ စောင်ရေ ၂၀၊ အင်္ဂလိပ်သတင်းစာ လေးစောင်၊ တရုတ်ဘာသာသတင်းစာ ခြောက်စောင်နှင့် အိန္ဒိယဘာသာသတင်းစာ ကိုးစောင်၊ ချင်းဘာသာသတင်းစာ တစ်စောင်ပါဝင်ကြောင်း သိရသည်။ ၁၉၆၃ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် တော်လှန်ရေးကောင်စီအစိုးရ၏ ပထမဆုံးသတင်းစာဖြစ်သည့် လုပ်သားပြည်သူ့နေ့စဉ် (မြန်မာ) သတင်းစာကို စတင်ထုတ်ဝေခဲ့သည်။ တစ်ဖန် ၁၉၆၄ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်နေ့တွင် လုပ်သားပြည်သူ့နေ့စဉ် (အင်္ဂလိပ်)ကို ထုတ်ဝေခဲ့ပြန်သည်။ ၁၉၆၃- ၁၉၆၄ ခုနှစ်အတွင်း ပုဂ္ဂလိကပိုင်သတင်းစာများအနက်မှ နိုင်ငံသစ်သတင်းစာ၊ ထွန်းနေ့စဉ်၊ မန်းခေတ်သတင်းစာ၊ ယုဝတီ၊ ပြည်ထောင်စုနေ့စဉ်၊ အမျိုးသားသတင်းစာ၊ မန္တလေးမြန်မာ့လမ်းစဉ်၊ သမာဓိနှင့် နေးရှင်း (အင်္ဂလိပ်) သတင်းစာများ ရပ်ဆိုင်းသွားခဲ့သည်။

*စာမျက်နှာ ၁၁ သို့*




၂၄-၂-၁၉၃၉ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာပါ “ယနေ့သတိပြုရန် အခန်း”။

❑ **မြန်မာသတင်းစာများ၏ ဩဇာသက်ရောက်မှုနှင့် ပတ်သက်၍ စာရေးဆရာ ဗန်းမော်တင်အောင်က “ဗြိတိသျှ ကိုလိုနီဝါဒသမားများ၏ ဒိုင်အာခီအုပ်ချုပ်ရေး၊ (၉၁) ဌာနအုပ်ချုပ်ရေးနှင့် ဒုတိယကမ္ဘာစစ်ကြီးအပြီး စက္ကူဖြူအုပ်ချုပ်ရေးများကို မြန်မာတစ်မျိုးသားလုံးက ထကြွကန့်ကွက်ခြင်း ပြုခဲ့ကြသော နိုင်ငံရေးကာလများက မြန်မာသတင်းစာများသည် ပြည်သူအများ၏ အကျိုးစီးပွားနှင့် ဆက်စပ်ကာ ပါဝင်ခဲ့ကြပါသည်။ ဒိုင်အာခီနိုင်ငံရေးကာလက သူရိယ၊ မြန်မာ့အလင်း အစရှိသော နေ့စဉ်သတင်းစာကြီးများနှင့် ဒီးဒုတ်၊ ဗန္ဓုလအစရှိသော ဂျာနယ်ကြီးများသည် အလွန်တရာ ထင်ရှားလှသော အမျိုးသားလွတ်လပ်ရေး တိုက်ပွဲဝင်သတင်းစာကြီးများပင် ဖြစ်ပါသည်” ဟု ၁၉၆၂ ခုနှစ်က ပြုလုပ်သည့် ပြည်လုံးကျွတ် သတင်းထောက်သင်တန်းတွင် “မြန်မာသတင်းစာများနှင့် ၎င်းတို့၏ တာဝန်ဝတ္တရားများ” ခေါင်းစဉ်ဖြင့် ထည့်သွင်းပို့ချခဲ့**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် လူမှုဖူလုံရေးအဖွဲ့၏ ကွန်ပျူတာအခြေခံ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား



**နေပြည်တော် ဩဂုတ် ၁၄**

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့၏ ကွန်ပျူတာအခြေခံသင်တန်း အမှတ်စဉ် (၁/၂၀၂၃) ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက လူမှုဖူလုံရေးအဖွဲ့ (ရုံးချုပ်) စုဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်၊ ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အရာထမ်းများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီး က ဝန်ထမ်းများအတွက် ကွန်ပျူတာပညာရပ်အား ကျွမ်းကျင်ပိုင်နိုင်စွာ လက်တွေ့အသုံးပြုနိုင်ရန်နှင့် ဌာနတွင်း လုပ်ငန်းတာဝန်များ၊ ဝန်ထမ်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ သိသင့်သိထိုက်သည့် အသိပညာဗဟုသုတများကို အခြေခံအားဖြင့် နားလည်သိရှိစေရန် ရည်ရွယ်ဖွင့်လှစ်ပေးသည့် ယခုသင်တန်းကို တက်ရောက်ကြသည့် သင်တန်းသားများအနေဖြင့် သင်တန်းကာလအတွင်း မိမိတို့အတွက် အကျိုးရှိအောင်ရသလောက်ကြိုးစားသင်ယူသွားရန်နှင့် ဌာနမှ အားကိုးအားထားပြုထိုက်သည့် နိုင်ငံ့ဝန်ထမ်းကောင်းများ ဖြစ်အောင် အစဉ်ကြိုးစားအားထုတ် လုပ်ကိုင်ကြရန်နှင့် ပေးအပ်လာသည့် တာဝန် ဝတ္တရားများကိုလည်း ကျေပွန်အောင်ထမ်းဆောင်သွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ကွန်ပျူတာအခြေခံသင်တန်း သင်ကြားပို့ချနေမှုကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ သင်တန်းကို အရာထမ်း၊ အမှုထမ်း ၄၀ တက်ရောက်ကြောင်းနှင့် သင်တန်းကာလမှာ ဩဂုတ် ၁၄ ရက်မှ ၂၅ ရက်အထိ ၁၀ ရက်ကြာ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အင်းစိန် အ. ထ. က (၈) ၌ လူငယ်အသိပညာပေး ဟောပြောပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၁၄**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (မြောက်ပိုင်းခရိုင်) နှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်အသိပညာပေးဟောပြောပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲကို ဩဂုတ် ၁၀ ရက်က အမှတ် (၈) အခြေခံ ပညာအထက်တန်းကျောင်း ဝေရတ်ခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂)ဦးဘိုကြည်၊ ခရိုင်ပြန်/ဆက်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးသိမ့်နှင့် ဒုတိယမြို့နယ် ပညာရေးမှူး ဒေါ်မိမိမော်တို့က အမှာစကားပြောကြားပြီး စာရေးဆရာမ တက္ကသိုလ်မြမဥ္ဇူက "ပတ်ဝန်းကျင်ကောင်း တည်ဆောက်ရအောင်" ခေါင်းစဉ်ဖြင့် ဟောပြောသည်။ ထို့နောက် ကျပန်းစကားပြောပြိုင်ပွဲကို စတင်ကျင်းပရာ အဆိုပါကျောင်းမှ ကျောင်းသား ကျောင်းသူများက "လူငယ်နှင့်နည်းပညာ၊ လူငယ်နှင့်စာပေ၊ လူငယ်နှင့် ခေါင်းဆောင်၊ လူငယ်နှင့်အားကစား" စသည့် ခေါင်းစဉ်ပါ အကြောင်းအရာများဖြင့် ယှဉ်ပြိုင်ခဲ့ကြသည်။

ထို့နောက် ကျပန်းစကားပြောပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုများနှင့် အထူးဆုရရှိခဲ့ကြသော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြကာ ရန်ကုန်မြောက်ပိုင်းခရိုင် ပြန်/ဆက်ဦးစီးဌာနရုံးမှ ခင်းကျင်းပြသထားသော အသိပညာပေး နံရံကပ်စာစောင်များ၊ သုတ၊ ရသ စာအုပ်များကို ကျောင်းသား ကျောင်းသူများက ကြည့်ရှုလေ့လာခဲ့ကြသည်။ **ခရိုင်(ပြန်/ဆက်)**

# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၁၄**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်း ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်နှင့် မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။ **မိုး/ဇလ**

*စာမျက်နှာ ၁၀ မှ*

ယင်းနောက် တော်လှန်ရေးကောင်စီသည် လုပ်သားပြည်သူအတွက်သတင်းစာလွတ်လပ်ခွင့်ကို အာမခံနိုင်ရန် သတင်းစာများကို ပြည်သူပိုင် ပြုလုပ်ရမည်ဟူသည့် ခံယူချက်ဖြင့် ၁၉၆၄ ခုနှစ် စက်တင်ဘာ ၁ ရက်တွင် ကြေးမုံသတင်းစာ၊ စက်တင်ဘာ ၁၁ ရက် တွင် ဗိုလ်တထောင်သတင်းစာ၊ စက်တင်ဘာ ၁၆ ရက်တွင် ဂါဒီယန်အင်္ဂလိပ် သတင်းစာများကို ပြည်သူပိုင်ပြုလုပ်ပြီး ပြန်ကြားရေးဝန်ကြီးဌာနက ဦးစီးကာ ဆက်လက်ထုတ်ဝေခဲ့သည်။

၁၉၆၇-၆၈ ခုနှစ်များအတွင်း လူထုသတင်းစာနှင့် မော်လမြိုင်မှ တနင်္သာရီ နေ့စဉ်သတင်းစာများ ထုတ်ဝေခွင့်ရပ်ဆိုင်းခံခဲ့ရသည်။ ယင်းအချိန်တွင် ပုဂ္ဂလိကထုတ်ဝေသည့် သတင်းစာမှာ မြန်မာ့အလင်း၊ ဟံသာဝတီနှင့် ရန်ကုန်သတင်းစာ သုံးစောင်သာ ကျန်ရှိတော့သည်။ ယင်းနောက် ၁၉၆၉ ခုနှစ် ဇန်နဝါရီ ၃ ရက်တွင် မြန်မာ့အလင်းနှင့် ဟံသာဝတီသတင်းစာ နှစ်စောင်ကို ပြည်သူပိုင်ပြုလုပ်ပြီး ဆက်လက်ထုတ်ဝေခဲ့သည်။ မြန်မာ့အလင်းသတင်းစာကို ယနေ့အချိန်အထိ ဆက်လက်ထုတ်ဝေဆဲဖြစ်သော်လည်း ဟံသာဝတီသတင်းစာမှာ ၁၉၇၈ ခုနှစ် ဇူလိုင် ၃၁ ရက်တွင် သတင်းစာထုတ်ဝေမှုကို ရပ်ဆိုင်းခဲ့သည်။

## ဒီမိုကရေစီခေတ် သတင်းစာများ

မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးစနစ်အား ဒီမိုကရေစီစနစ်သို့ ကူးပြောင်းပြီး သုံးနှစ်အကြာ ၂၀၁၃ ခုနှစ်တွင် အစိုးရက ပုဂ္ဂလိကသတင်းစာများ ထုတ်ဝေခွင့်ပြုခဲ့သည်။ ထိုစဉ်က The Voice Daily၊ ရွှေနိုင်ငံသစ်၊ ဒီမိုကရေစီတူဒေး၊ စံတော်ချိန်၊ ပြည်ထောင်စုနေ့စဉ်၊ The Daily Eleven အစရှိသည့် နေ့စဉ်ထုတ်ပုဂ္ဂလိကသတင်းစာ ၃၆ စောင်ခန့် ထုတ်ဝေခွင့်ပြုခဲ့ပြီး အချို့ပုဂ္ဂလိကသတင်းစာများမှာ နှစ်အနည်းငယ်အကြာတွင် စီးပွားရေးအရ တွက်ခြေမကိုက်မှု၊ ဈေးကွက်အရ နိုင်ငံပိုင်သတင်းစာများအား မယှဉ်ပြိုင်နိုင်မှု စသော အခြေအနေများကြောင့် တစ်စောင်ပြီး တစ်စောင် ဆိုသကဲ့သို့ ပြိုလဲကာ ထုတ်ဝေမှုများ ရပ်ဆိုင်းသွားခဲ့သည်။ ၂၀၂၀ ပြည့်နှစ်ကုန်ခန့်အထိ ပုဂ္ဂလိကသတင်းစာအဖြစ် ကျန်ရှိသည့် နေ့စဉ်ထုတ် မြန်မာဘာသာနှင့် အင်္ဂလိပ်ဘာသာတို့ဖြင့် ထုတ်ဝေသည့် သတင်းစာ ခုနစ်စောင်ခန့် ရှိနေသေးသည်။

## ယနေ့မျက်မှောက်ကာလ

ခေတ်သစ်သတင်းစာ လောကတွင် အွန်လိုင်းသတင်းမီဒီယာစနစ် ပိုမိုဖွံ့ဖြိုးလာခဲ့ပြီး အွန်လိုင်းလူထုဆက်သွယ်ရေးယန္တရားအဖြစ် ရပ်တည်လာသည့် သတင်းဌာနများစွာ ပေါ်ထွက်လာခဲ့ပြီဖြစ်သည်။ ၂၀၂၃ ခုနှစ် ဇွန် ၂၀ ရက်စွဲဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၏ ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများ ခွင့်ပြုပေးမှုအခြေအနေ ထုတ်ပြန်ချက်အရ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများ ပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ၁၀-၆-၂၀၂၃ ရက်နေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၆၉၈ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၃၃၀၀ နှင့် သတင်းအေဂျင်စီ လုပ်ငန်း ၄၀၃ ဦး စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၅၄၀၁ ဦးအား အသိအမှတ်ပြု လက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ယနေ့ အချိန်တွင် သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း



ကဲ့သို့သော ပုံနှိပ်မီဒီယာများ၊ ရုပ်သံမီဒီယာအပြင် သတင်းအချက်အလက် နည်းပညာခေတ်နှင့်အညီ တိုးတက်ပေါ်ပေါက်လာသည့် မီဒီယာ ပလက်ဖောင်းများစွာ ပေါ်ပေါက်လာခဲ့ပြီ ဖြစ်သည်နှင့်အညီ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ နည်းပညာ အစရှိသည့် ဘက်ပေါင်းစုံ သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ လွယ်ကူစွာ သိရှိနိုင်ကြပြီဖြစ်သည်။

ဤသို့လျှင် မြန်မာနိုင်ငံ သတင်းစာသမိုင်းတစ်လျှောက်တွင် တိုင်းပြည်အတွက် တာဝန်ထမ်းဆောင်ရင်း မြန်မာ့သတင်းစာပညာသည် ရာစုနှစ် နှစ်ခုစာနီးပါး ခရီးနှင်လာခဲ့ကြပေသည်။ သတင်းစာများ၏ တာဝန်နှင့် ဆောင်ရွက်ချက်များသည် သေးငယ်လှသည် မဟုတ်ပေ။ သတင်းစာများသည် တိုင်းပြည်နှင့် လူမျိုးနှင့်ချီ၍ ကြီးလေးသော တာဝန်များကို ထမ်းဆောင်ခဲ့ကြသည်။ ဆက်လက်၍လည်း ထမ်းဆောင်နေကြဆဲပင်။

သတင်းစာများသည် တိုင်းပြည်နှင့် လူမျိုးအတွက် ရှေ့ဆောင် လမ်းပြလည်း ဖြစ်ခဲ့ပေသည်။

သတင်းစာများသည် သမိုင်းကို ပြောနေကြသည်သာမက ကိုယ်တိုင်လည်း ပါဝင်လှုပ်ရှားခဲ့ကြသည်။ မြန်မာသတင်းစာများသည် မြန်မာနိုင်ငံ လွတ်လပ်ရေးကြိုးပမ်းစဉ် ကာလတစ်လျှောက် တိုင်းပြည်လွတ်လပ်ရေးအတွက် ပြည်သူကို ရှေ့ဆောင်လမ်းညွှန်မှု ပေးခဲ့ကြသည်သာမက ပြည်သူနှင့်အတူ လက်တွဲတိုက်ပွဲဝင်ခဲ့ကြပေသည်။

**(ယခုဆောင်းပါးသည် သမိုင်းမှတ်တမ်းများထဲမှ သတင်းစာအချို့၏ မှတ်မှတ်ထင်ထင် အဖြစ်အပျက်ကလေးများကိုသာ ဖော်ပြခဲ့ခြင်းသာ ဖြစ်ပါသည်။ မြန်မာသတင်းစာ သမိုင်းတစ်လျှောက်၌ တိုင်းပြည်အကျိုးပြု သတင်းစာများစွာ ပေါ်ထွက်ခဲ့ပါသည်။ သို့သော်လည်း ထိုသတင်းစာကြီးများ၏ ဂုဏ်ထူးများမှာကား သတင်းစာအသက် တစ်မနက် ဆိုသကဲ့သို့ မှတ်တမ်းဖိုင်တွဲများအဖြစ်သာ တဖြည်းဖြည်းမေးမှိန်ပျောက်ကွယ်သွားခဲ့ကြသည်။ ယင်းတို့အနက်မှ မြန်မာ့အလင်း သတင်းစာကြီးအကြောင်း အထူးတလည်ဖော်ပြခဲ့ခြင်းမှာ ဤသတင်းစာကြီးမှ သက်တမ်းနှစ်ပေါင်း ၁၀၉ နှစ်တိုင် သမိုင်းတစ်လျှောက် တိုင်းပြည်နှင့် လူမျိုးအကျိုးကို တစ်ဖက်တစ်လမ်းမှ မည်သို့ထမ်းရွက်ခဲ့သည်ကို အထိုက်အလျောက် သိရှိနားလည်သဘောပေါက်နိုင်ကြစေရန်သာ ရည်ရွယ်ရင်းဖြစ်ပါသည်။)**

**(မြန်မာ့အလင်း)**

ကိုးကား -

(၁) တက္ကသိုလ်ထင်ကြီး၏ မြန်မာနိုင်ငံ သတင်းစာများအညွှန်း (ပထမတွဲ)။

(၂) ချစ်ကြည်ရေး ကြည်ညွန့်၏ သမိုင်းဝင် သူရိယ- မြန်မာ့အလင်းနှင့် မြန်မာ့နိုင်ငံရေး။

(၃) ရတနာပုံနေပြည်တော် သတင်းစာ။

(၄) ယူပီအိုင်ဦးဘသန်း၏ ရှေးခေတ်မြန်မာသတင်းစာများ။

(၅) သတင်းစာတခေတ် ထူထောင်မည့် သူရိယနှင့် မြန်မာ့အလင်းတို့ပေါ်ခဲ့ ဆောင်းပါး၊ (၃-၁၂-၁၉၇၀ ပြည့်နှစ်ထုတ် မြန်မာ့အလင်းသတင်းစာ)။

(၆) သတင်းစာပညာသင်တန်း ပို့ချချက် ဘာသာရပ်များ။

(၇) မြန်မာနိုင်ငံ သတင်းစာသမိုင်းစာတန်း၊ ယူပီအိုင်ဦးဘသန်း၊ စာနယ်ဇင်းသမိုင်း စာတန်းများစာအုပ်။

## ကရင်အမျိုးသားအစည်းအရုံး / ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်-ငြိမ်းချမ်းရေးကောင်စီတပ်ဖွဲ့ဝင်နှင့် အိမ်ထောင်စုများသို့ ဆန်၊ ကျောင်းသုံးစာအုပ်၊ စာရေးကိရိယာ၊ စိုက်ပျိုးရေးသုံးမြေဩဇာများ ထောက်ပံ့

ဘားအံ ဩဂုတ် ၁၄

ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါ၍ ဩဂုတ် ၁၄ ရက် နံနက်ပိုင်းက ကရင်အမျိုးသား အစည်းအရုံး/ကရင်အမျိုးသား လွတ်မြောက်ရေး တပ်မတော်-ငြိမ်းချမ်းရေးကောင်စီ (KNU/KNLA-PC) ဗဟိုဌာနချုပ်တည်ရှိရာ ကော့ကရိတ်မြို့နယ် ထိုကော်ကိုးဒေသသို့ သွားရောက်၍ ၎င်းတို့၏ တပ်ဖွဲ့ဝင်နှင့် အိမ်ထောင်စုများသို့ ဆန်အိတ်များ၊ ကျောင်းသုံးပုံနှိပ်စာအုပ်၊ ဗလာစာအုပ်၊ ဆရာလမ်းညွှန်စာအုပ်၊ စာရေးကိရိယာနှင့် စိုက်ပျိုးရေးသုံး မြေဩဇာများကို ထောက်ပံ့ပေးအပ်သည်။

ထိုသို့ ထောက်ပံ့ပေးအပ်ရာတွင် ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားပြီး KNU/KNLA-PC ဥက္ကဋ္ဌ စောထော့လေးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။ ပြည်နယ်ဝန်ကြီးချုပ်က KNU/KNLA-PC တပ်ဖွဲ့ဝင်များက ဦးစီးဖွင့်လှစ်သော စာသင်ကျောင်း ၃၆ ကျောင်းမှ ကျောင်းသား ကျောင်းသူ ၃၉၈၀ အတွက် ပညာရေးဝန်ကြီးဌာနမှ ထောက်ပံ့သော KG တန်းမှ Grade-12 အထိ ပုံနှိပ်စာအုပ် အစုံ ၃၉၈၀၊ ဗလာစာအုပ် ဒါဇင် ၃၉၈၀၊ ဆရာလမ်းညွှန်စာအုပ် အစုံ ၁၆၀၊ ခဲတံ ၁၁၂၈ ဒါဇင်၊ ဘောပင် ဒါဇင် ၂၀၀၊ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ထောက်ပံ့သော ဆန်အိတ်များ၊ ဗလာစာအုပ်၊ ခဲတံ၊ ဘောပင်အစရှိသော စာရေးကိရိယာများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ထောက်ပံ့သော ယူရီးယားဓာတ်မြေဩဇာ အိတ် ၂၀၀ နှင့် သဘာဝမြေဩဇာ အိတ် ၁၀၀ တို့ကို ထောက်ပံ့ပေးအပ်ရာ KNU/KNLA-PC တပ်ဖွဲ့ဝင်များက ဦးစီးဖွင့်လှစ်သော စာသင်ကျောင်း ၃၆ ကျောင်းမှ ကျောင်းသား ကျောင်းသူများ ကိုယ်စား တပ်ဖွဲ့ဝင်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။



ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များ၊ KNU/KNLA-PC ဥက္ကဋ္ဌနှင့် တပ်ဖွဲ့ဝင်များသည် ထိုကော်ကိုး-ကျော်ခိုလမ်းပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်း၍ တောင်ကျရေ စီးဆင်းမှုများသောကြောင့် ပေ ၂၀ တံတားတစ်စင်း၏ ချဉ်းကပ်လမ်း ပျက်စီးမှုကို လမ်းပန်းဆက်သွယ်ရေးပြတ်တောက်မှု မဖြစ်ပေါ်စေရေး အရေးပေါ် ယာယီဘေလီတံတားပေ ၆၀ တည်ဆောက်ပြီးစီးမှုအား သွားရောက်ကြည့်ရှုစစ်ဆေးရာ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ယာယီဘေလီတံတား တည်ဆောက်ပြီးစီးမှု၊ လူစီးယာဉ်များနှင့် ပစ္စည်းသယ်ယာဉ်ငယ်များ ယခုလမ်းမှ ဖြတ်သန်းသွားလာနေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များသည် နဘူးကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းသို့ သွားရောက်ပြီး ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမများ၏ သင်ကြား၊ သင်ယူမှု အခြေအနေ၊ စာသင်ဆောင်၊ စာသင်ခန်း၊ ပရိဘောဂ ပြည့်စုံလုံလောက်မှု ရှိ၊ မရှိ အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အားပေးစကားများ ပြောကြားကာ နဘူးအထက်တန်းကျောင်း၌ ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူ ၇၇၄ ဦးနှင့် ဆရာ ဆရာမ ၃၃ ဦး အတွက် ဗလာစာအုပ် ဒါဇင် ၁၀၀ နှင့် အထွေထွေအသုံးစရိတ်ငွေကျပ် ငါးသိန်းတို့ကို ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ၁၆ ကုတင်ဆံ့ နဘူးတိုက်နယ်ပြည်သူ့ဆေးရုံသို့ သွားရောက်၍ဆေးရုံတက်ရောက် ကုသမှုခံယူနေသူများအား တစ်ဦးချင်း ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသ ဆောင်ရွက်ပေးထားမှု၊ ကျန်းမာရေး တိုးတက်ကောင်းမွန်လာမှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စွက်အစားအစာနှင့် ထောက်ပံ့ငွေများ ပေးအပ်ကာ အဆိုပါဆေးရုံတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဆေးရုံအုပ်ကြီးနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် ငွေကျပ်သုံးသိန်းနှင့် စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ကြွရှုပျံတက် လင်းယုန်ငှက်သို့ . . .

❖ လူငယ့်အားမာန်၊ ခြသေ့်စံသို့
မူဟန်အပြည့်၊ ရှိရဘိ၏
တတ်သိနားလည်၊ ပညာကြွယ်၍
စိတ်ဝယ်တက်ကြွ၊ နှလုံးလှပြီး
ကြွရှုပျံတက်၊ လင်းယုန်ငှက်သို့
ထလျက်အဟုန်၊ ပြင်းသည့်ပုံဖြင့်
လုံးစုံပြည့်ဝ၊ လူရွယ်လှကို
သိပ္ပမကျန် နာခံယူလျက်
ထက်မြက်လို့လ၊ ရှိကြရအောင်
ကြံဆောင်ကြိုးပမ်း သွက်သွက်လှမ်းလေ့။

❖ တိုင်းရေးပြည်ရာ၊ အဖြာဖြာကို
ညီညာဖြဖြ၊ နားလည်ရအောင်
လို့လတစိုက်၊ လိုက်နာဆွေးနွေး
အရေးအဖတ်၊ မှတ်မှတ်သားသား
ထားထားသိုသို၊ စိတ်လိုမလိုက်
သည်းခံထိုက်သား၊ စကားအရာ
လိမ္မာပါးနပ်၊ ဆိုရေးအပ်က
ဆိုကြဝံ့ဝံ့၊ မရွံ့မကြောက်
ထွင်းဖောက်အသွား၊ မိုးကြိုးလားသို့
ပြတ်သားတိတိ ဆိုကြဘိလေ့။

❖ နုနယ်ပျိုမျစ်၊ သွေးသစ်လောင်းလောင်း
ပန်းကောင်းတစ်ပွင့်၊ ချစ်ဖွယ်တင့်သို့
လူငယ်တို့မှာ၊ နာဆာကင်းစွ
လှပလန်းဆန်း၊ ဖူးငုံပန်းသို့
ရွှင်လန်းကျက်သရေ၊ တိုးဝေထင်လင်း
ကောင်းခြင်းဖြိုးကြွယ်၊ လွန်တင့်တယ်သည်
လူငယ်အားမာန်ပါတကား... ။ ။

**ဘိုမျိုး(ရွှေဘို)**

❊ *ကျောဖုံးမှ*

ရေလှိုင်းရိုက်ခတ်သောကြောင့် ရေမဆေးကျောက်ရှာဖွေသူ ၁၀ ဦးခန့် ရေကန်ထဲ မျောပါနစ်မြုပ်သွားခဲ့ကြောင်း သိရသည်။

အဆိုပါ ဖြစ်ပွားသည့်နေရာသို့ အေးမြသာယာရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့နှင့် လူမှုကူညီရေးအသင်းအဖွဲ့များပူးပေါင်း၍ ရှာဖွေကယ်ဆယ်ရေးများ ဆောင်ရွက်လျက်ရှိရာ မျောပါသွားသူများအနက် ဒဏ်ရာရသူ ခုနစ်ဦးတို့ကို ကယ်ဆယ်ရရှိကာ မြို့နယ်ပြည်သူ့ဆေးရုံကြီးတွင် ပို့ဆောင်ထားပြီး ကျန်သူများကိုလည်း ဆက်လက်ရှာဖွေလျက်ရှိကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

❍ *ကျောဖုံးမှ*

**သံလွင်မြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်ပေခွဲခန့် ကျော်လွန်ရောက်ရှိနေပါသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ပါသည်။

**ချင်းတွင်းမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခန့် ကျော်လွန်ရောက်ရှိနေပါသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ပါသည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ဘားအံမြို့နယ်နှင့် ဟုမ္မလင်းမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

## မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဗဟုသုတပြန့်ပွားရေးပြပွဲ ကျင်းပ

နေပြည်တော် ဩဂုတ် ၁၄

**မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့က ကြီးမှူး၍ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အောက်မှ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဗဟုသုတပြန့်ပွားရေးပြပွဲတစ်ရပ်ကို အများပြည်သူများ လေ့လာနိုင်ရန် ယနေ့တွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပသည်။**



အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သံမှူးကြီး Dr. Zheng Zhihong၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံက ထောက်ပံ့သည့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေး ရန်ပုံငွေဖြင့် စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြသော ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ပြပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြပွဲကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ အခြေခံပညာ အထက်တန်းကျောင်း ၁၀ ကျောင်းမှ ကျောင်းသားကျောင်းသူများအတွက် ဟောပြောပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲနှင့် ဆုပေးပွဲတို့ကို ဆက်လက်ကျင်းပသည်။

အဆိုပါဗဟုသုတပြန့်ပွားရေးပြပွဲကို ဩဂုတ် ၁၅ ရက်အထိ သင်္ဂဟဟိုတယ်၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံရှိ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေး အထူးရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် ပူးပေါင်းဆောင်ရွက်မှုများနှင့် မဲခေါင်-လန်ချန်း အဖွဲ့ဝင်နိုင်ငံများဖြစ်သော ကမ္ဘောဒီးယား၊ လာအို၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ဆောင်ရွက်ချက်များဆိုင်ရာ မှတ်တမ်းဓာတ်ပုံနှင့် စာရွက်စာတမ်းများကို ပြသထားသည်။

**သတင်းစဉ်**

## တိုင်ဖွန်းမုန်တိုင်း "လန်" ဂျပန်နိုင်ငံ ဟွန်ရှူးကျွန်းပေါ် ဦးတည်ရွေ့လျား




**တိုကျို ဩဂုတ် ၁၄**

တိုင်ဖွန်းမုန်တိုင်း "လန်" သည် ဂျပန်နိုင်ငံ၏ ပင်မကျွန်းဖြစ်သည့် ဟွန်ရှူးကျွန်းပေါ်သို့ ဦးတည်ရွေ့လျားလာနေကြောင်း သိရသည်။ အိုဆာကာ၊ ကျိုတိုနှင့် နာဂိုယာတို့သည် မုန်တိုင်းလမ်းကြောင်းတွင် ကျရောက်နိုင်ဖွယ်ရှိသည့် အဓိကမြို့ကြီးများဖြစ်သည်။

အဆိုပါ မုန်တိုင်းသည် ဩဂုတ် ၁၅ ရက်တွင် ကုန်းတွင်းပိုင်းသို့ ဝင်ရောက်ဖွယ်ရှိကြောင်း မျှော်လင့်ရပြီး ဒေသခံပြည်သူများအနေဖြင့် ထိခိုက်ပျက်စီးမှုအနည်းဆုံးဖြစ်စေရန် တတ်နိုင်သမျှ လုပ်ဆောင်လျက်ရှိသည်။ တိုင်ဖွန်းမုန်တိုင်းသည် ဂျပန်နိုင်ငံတောင်ဘက် ရေပြင်သို့ ဖြည်းညင်းစွာ ရွေ့လျားနေကြောင်း အာဏာပိုင်များက ပြောသည်။

တစ်နာရီလျှင် လေတိုက်နှုန်းမှာ ၁၂၆ ကီလိုမီတာအထိ တိုက်ခတ်နိုင်ဖွယ်ရှိသည်။ ဩဂုတ် ၁၅ ရက်အထိ အစ်ဇုကျွန်းတစ်ဝိုက်နှင့် ဂျပန်နိုင်ငံအလယ်ပိုင်း၊ အနောက်ပိုင်းရှိ ကမ်းရိုးတန်းဒေသများတွင် ပင်လယ်လှိုင်းကြီးနိုင်သည်။ ထို့အပြင် အင်္ဂါနေ့မွန်းလွဲပိုင်းအထိ ၂၄ နာရီအတွင်း တိုကိုင်းဒေသဝန်းကျင်တွင် မိုးသက်မုန်တိုင်းကျရောက်ကာ မိုးရေချိန် မီလီမီတာ ၄၀၀ အထိ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းထားသည်။

မြေပြိုကျခြင်း၊ ရေကြီးရေလျှံခြင်း၊ မြစ်ရေလျှံခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းများအတွက် သတိရှိကြရန် ပြည်သူများအား အာဏာပိုင်များက တိုက်တွန်းထားသည်။ ရှင်ကန်းဆန်း ကျည်ဆန်ရထားပြေးဆွဲမှု ကုမ္ပဏီများကလည်း နာဂိုယာနှင့် အိုကာယာမာတို့အကြား ပြေးဆွဲမှုအားလုံးကို ဩဂုတ် ၁၅ ရက်တွင် ရပ်ဆိုင်းသွားဖွယ်ရှိသည်။ ထို့အပြင် တိုကျိုနှင့် နာဂိုယာအကြား ပြေးဆွဲမှုများကိုလည်း သိသိသာသာ လျှော့ချသွားမည်ဖြစ်သည်။ **အင်န်အိတ်ချ်ကေ**



ဆိုလန်ခရိုင် ဂျာဒွန်ကျေးရွာ၌ မိုးသည်းထန်စွာရွာသွန်းပြီးနောက် မြေပြိုကျသည့်နေရာမှ ရွာသားတစ်ဦး၏ ပစ္စည်းများကို ကူညီရွှေ့ပြောင်းပေးစဉ်။

## အိန္ဒိယနိုင်ငံ ဟီမာချယ်ပရာဒက်ရှ်ပြည်နယ်တွင် ရေကြီးမှုနှင့် မြေပြိုမှုများကြောင့် သေဆုံးသူ ၂၁ ဦးရှိ၊ အများအပြား ပျောက်ဆုံးနေ

**နယူးဒေလီ ဩဂုတ် ၁၄**

အိန္ဒိယနိုင်ငံမြောက်ပိုင်း တောင်ကုန်းထူထပ်သည့် ဟီမာချယ်ပရာဒက်ရှ်တွင် မိုးရွာသွန်းမှုနှင့် ဆက်စပ်သည့် ဖြစ်စဉ်များကြောင့် ၂၁ ဦး ထက်မနည်း သေဆုံးပြီး အများအပြား ပျောက်ဆုံးနေကြောင်း အာဏာပိုင်များက ဩဂုတ် ၁၄ ရက်တွင် ပြောသည်။

ပြီးခဲ့သည့် ၂၄ နာရီအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လူအများအပြား သေဆုံးခဲ့ပြီး လက်ရှိအချိန်အထိ သေဆုံးသူ ၂၁ ဦး ရှိကြောင်း ဟီမာချယ်ပရာဒက်ရှ်ပြည်နယ် ဝန်ကြီးချုပ် ဆွတ်ခ်ဗင်ဒါဆင်း ဆူခူးက ပြောကြားသည်။

ရှင်းမ်လားမြို့၏ ဆမ်းမားတောင်ကုန်းဒေသရှိ သျှစ်ဗ် ဘုရားကျောင်းတွင် မြေပြိုမှုဖြစ်ပွားပြီး ငါးဦး သေဆုံးခဲ့ကြောင်း၊ အပျက်အစီးများအောက်တွင် ပိတ်မိနေသည်ဟု ယူဆရသည့် အခြားလူအများအပြား ပျောက်ဆုံးနေကြောင်း တာဝန်ရှိသူများကပြောသည်။ အလားတူ ပွဲဂ်လိဒေသ၌ မြေပြိုမှုကြောင့် လေးဦးသေဆုံးခဲ့သည်။ ဆိုလန်ခရိုင်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မိသားစုဝင် ခုနစ်ဦးသေဆုံးပြီး ဘလယ်ရာရွာတွင် မြေပြိုမှုကြောင့် တစ်ဦးသေဆုံးခဲ့သည်။ အလားတူ မန်ဒီမြို့၌ မြေပြိုမှုဖြစ်ပွားပြီးနောက် အိမ်တစ်လုံးပိမိပြီး သေဆုံးသူနှစ်ဦးနှင့် ဘန်ဘိုလာကျေးရွာတွင် အိမ်ပြိုကျပြီးနောက် သေဆုံးသူနှစ်ဦး ရှိခဲ့သည်။

အိန္ဒိယနိုင်ငံ ဟီမာချယ်ပရာဒက်ရှ်ပြည်နယ်၌ ဇွန်လနှောင်းပိုင်း မုတ်သုံရာသီစတင်ချိန်မှစ၍ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးမှုနှင့် မြေပြိုမှုများကြောင့် လူ့အသက်နှင့် ပစ္စည်းဥစ္စာများ ဆုံးရှုံးခဲ့ရသည်။ ဩဂုတ် ၁၃ ရက် ညနေပိုင်းအထိ မိုးရွာသွန်းမှုနှင့် ဆက်စပ်သေဆုံးသူ ၂၅၇ ဦး ရှိပြီး မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများကြောင့် ပြည်နယ်အတွင်း လမ်းပေါင်း ၇၅၂ ခုကိုလည်း ပိတ်ထားခဲ့ရကြောင်း ပြည်နယ်အရေးပေါ်ကယ်ဆယ်ရေးဌာနက ပြောကြားသည်။ **ဆင်ဟွာ**

## လေယာဉ်ပေါ်ပါ ခရီးသည်တစ်ဦး၏ အဖျက်ကြောင့် ဆစ်ဒနီလေဆိပ်၌ လေကြောင်းလိုင်း ၃၂ ခု ဖျက်သိမ်းခဲ့ရ

**ဆစ်ဒနီ ဩဂုတ် ၁၄**

ဆစ်ဒနီမှ မလေးရှားနိုင်ငံသို့ ပျံသန်းလာသော နိုင်ငံတကာလေကြောင်း အရေးပေါ်မတော်တဆမှု ဖြစ်ပွားပြီးနောက် ခရီးသည်တစ်ဦးကို ဖမ်းဆီးထိန်းသိမ်းထားကြောင်း ဩစတြေးလျဖက်ဒရယ်ရဲတပ်ဖွဲ့ (အေအက်ဖ်ပီ) က ဩဂုတ် ၁၃ ရက်တွင် ပြောသည်။

အသက် ၄၅ နှစ်အရွယ် အမျိုးသားတစ်ဦးကို အေအက်ဖ်ပီက ဖမ်းဆီးထားကြောင်းနှင့် လက်ရှိတွင် ခရီးသည်များကို လေယာဉ်ပေါ်မှ ရွှေ့ပြောင်းပေးပြီးဖြစ်ကြောင်း ထုတ်ပြန်ချက်တစ်ခုတွင် ဖော်ပြထားသည်။ အဆိုပါ ခရီးသည်ကို ဩဂုတ် ၁၃ ရက် နောင်းပိုင်းတွင် စွဲချက်တင်သွားဖွယ်ရှိကြောင်း သိရသည်။

ဒေသစံတော်ချိန် ညနေ ၅ နာရီ ၁၆ မိနစ်ဝန်းကျင်တွင် အာဏာပိုင်များအနေဖြင့် ဆစ်ဒနီ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ အရေးပေါ်မတော်တဆမှုတစ်ခုကို တုံ့ပြန်ဆောင်ရွက်ခဲ့ကြောင်း ရဲတပ်ဖွဲ့က ၎င်း၏ လူမှုကွန်ရက်အကောင့်တွင် ရေးသားဖော်ပြထားသည်။ အဆိုပါ မတော်တဆမှုဖြစ်ရပ်ကြောင့် ပြည်တွင်းလေကြောင်းလိုင်း ၃၂ ခုကို ဖျက်သိမ်းလိုက်ကြောင်းနှင့် အခြားသော ပြည်တွင်းလေကြောင်းလိုင်းများမှာလည်း မိနစ် ၉၀ အထိ ပျံသန်းပြေးဆွဲမှု နှောင့်နှေးကြန့်ကြာခဲ့ကြောင်း ဆစ်ဒနီလေဆိပ်က အတည်ပြုခဲ့သည်။

မလေးရှား လေကြောင်းလိုင်းအမှတ် MH122 မှာ ကွာလာလမ်ပူသို့ ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီ မိနစ် ၄၀ ဝန်းကျင်တွင် ပျံသန်းထွက်ခွာလာခဲ့သော်လည်း နောက်ပိုင်းတွင် လေယာဉ်ကို လမ်းကြောင်းပြောင်းကာ ဆစ်ဒနီသို့ ပျံသန်းခဲ့ကြောင်း အချိန်နှင့်တစ်ပြေးညီ လေကြောင်းခြေရာခံ Flightradar24 ၏ ထုတ်ပြန်ချက်အရ သိရသည်။

မလေးရှားသတင်းဌာန ဘာနာမာက လေယာဉ်ပေါ်တွင် ခရီးသည်တစ်ဦးက ဖျက်လိုဖျက်ဆီးပြုလုပ်မှုကြောင့် နောက်ကြောင်းပြန်လှည့်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း အစီရင်ခံဖော်ပြထားသည်။ ခရီးသည် ၁၉၄ ဦးနှင့် လေယာဉ်အမှုထမ်း ငါးဦးပါသော အဆိုပါ လေယာဉ်သည် ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီ ၄၇ မိနစ်တွင် ဘေးကင်းစွာ ဆင်းသက်နိုင်ခဲ့သည်။ **ဆင်ဟွာ**



## သီရိလင်္ကာခရီးသွားလုပ်ငန်းမှ ဇူလိုင်လအတွင်း အမေရိကန်ဒေါ်လာ ၂၁၉ သန်း ရရှိ

**ကိုလံဘို ဩဂုတ် ၁၄**

သီရိလင်္ကာနိုင်ငံသည် ဇူလိုင်လတွင် ခရီးသွားလုပ်ငန်းမှ အမေရိကန်ဒေါ်လာ ၂၁၉ သန်း ရရှိခဲ့ကြောင်း သီရိလင်္ကာ ဗဟိုဘဏ်၏ အချက်အလက်များကို ကိုးကား၍ ထိပ်တန်းခရီးသွားလုပ်ငန်းအရာရှိတစ်ဦးက ဩဂုတ် ၁၄ ရက်တွင် ပြောကြားသည်။

ပြီးခဲ့သည့်လတွင် သီရိလင်္ကာသို့ ခရီးသွား ၁၄၃၀၃၉ ဦး လာရောက်ခဲ့ကြောင်း၊ အစောပိုင်းက ညွှန်းသည်ဝင်ရောက်မှု ၄၇၂၈၃ ဦးရှိကြောင်း သီရိလင်္ကာ ခရီးသွားလာရေး ဖွံ့ဖြိုးတိုးတက်မှု အာဏာပိုင်အဖွဲ့ဥက္ကဋ္ဌ ပရီယန်သာ ဖာနန်ဒိုက ပြောကြားသည်။ ယခင်နှစ်က ခရီးသွားလုပ်ငန်းမှ စံချိန်တင် ဝင်ငွေရရှိခဲ့မှုမှာ ဒေါ်လာ ၇၆၄ ဒသမ ၆ သန်းသာ ရှိခဲ့သော်လည်း ယခုနှစ် ပထမ ခုနစ်လတွင် ခရီးသွားလုပ်ငန်းမှ ဒေါ်လာ ၁ ဒသမ ၀၉ ဘီလီယံအထိ ရရှိခဲ့ကြောင်း ၎င်းက ဆက်လက်ပြောသည်။

၎င်း၏အဆိုအရ ဩဂုတ် ၁ ရက်မှ ၁၀ ရက်အတွင်း ကမ္ဘာလှည့်ခရီးသွား ၅၁၅၉၄ ဦး သီရိလင်္ကာနိုင်ငံသို့ လာရောက်ခဲ့ပြီး ယခုနှစ်အတွင်း ကမ္ဘာလှည့်ခရီးသည် ၈၀၀၀၀၀ ကျော် ဝင်ရောက်ခဲ့ကြောင်း သိရသည်။

သီရိလင်္ကာနိုင်ငံ၏ ခရီးသွားလုပ်ငန်းသည် ၂၀၂၃ ခုနှစ်အတွင်း ခရီးသွား နှစ်သန်းကို ဆွဲဆောင်ရန် ရည်မှန်းထားသည်။ **ဆင်ဟွာ**

## အနောက်ဘက်ကမ်းနှင့် ဂါဇာကမ်းမြောင်ဒေသတို့၌ ကိုဗစ်-၁၉ မျိုးကွဲသစ် EG.5 တွေ့ရှိကြောင်း ပါလက်စတိုင်းကျန်းမာရေးဝန်ကြီးဌာနက ပြောကြား

**ရာမာလာ ဩဂုတ် ၁၄**

အနောက်ဘက်ကမ်းနှင့် ဂါဇာကမ်းမြောင်ဒေသတို့တွင် ကိုဗစ်-၁၉ မျိုးကွဲသစ်ကူးစက်ခံရသူ ၅၀ မှ ၁၀၀ အထိရှိကြောင်း ပါလက်စတိုင်းကျန်းမာရေးဝန်ကြီးဌာနက ဩဂုတ် ၁၄ ရက်တွင် ပြောကြားသည်။

ရောဂါကူးစက်ခံရသူအချို့မှာ ဆေးရုံတက်ရောက်ခဲ့ရပြီး လိုအပ်သည့်ဆေးကုသမှု ခံယူပြီးနောက် ဆေးရုံမှဆင်းခဲ့ကြောင်း၊ အဆိုပါဗိုင်းရပ်စ်သစ်မှာ ကူးစက်မှုမြန်ဆန်ပြီး ဖျားနာခြင်း၊ လည်ချောင်းနာခြင်း၊ နှာရည်ယိုခြင်းနှင့် ကြွက်သားများနာကျင်ခြင်းကဲ့သို့သောလက္ခဏာများ ဖြစ်ပေါ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနရှိ ပင်မကျန်းမာရေးစောင့်ရှောက်မှုဒါရိုက်တာ ခါမေးလ်အယ်ရှခ်ရာက ပြောကြားသည်။ ဗိုင်းရပ်စ်သစ်ရောဂါ ကူးစက်နိုင်ခြေရှိသည့် လူများစုမှာ အသက်အရွယ်ကြီးသူများနှင့် နာတာရှည်ရောဂါရှိသူများဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

**ဆင်ဟွာ**

# ရွှေဘိုခရိုင်အတွင်း ဖြစ်ပေါ်နေသော စပါး၊ ဆန်ဈေးနှုန်းများနှင့် စီးထွက်မှုအခြေအနေ



စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်မှ အခြားတိုင်းဒေသကြီး/ပြည်နယ်များသို့ ဆန်စီးထွက်မှုအနေဖြင့် ဩဂုတ်လ (ပထမပတ်)တွင် ရန်ကုန်သို့ အိတ်ရေ ၁၂၀၀၀၊ မန္တလေးသို့ အိတ်ရေ ၂၃၄၀၀၊ နေပြည်တော်သို့ အိတ်ရေ ၅၀၀၀၊ ရှမ်း(တောင်)သို့ အိတ်ရေ ၄၀၀၀၊ ရှမ်း(မြောက်)သို့ အိတ်ရေ ၄၀၀၀၊ ပခုက္ကူသို့ အိတ်ရေ ၆၀၀ စုစုပေါင်း အိတ်ရေ ၄၉၀၀၀ တန်အားဖြင့် ၂၄၅၀ တန် စီးထွက်ခဲ့ပြီး ယခုအပတ်တွင် ရန်ကုန်သို့ အိတ်ရေ ၁၂၅၀၀၊ မန္တလေးသို့ အိတ်ရေ ၂၆၉၀၀၊ နေပြည်တော်သို့ အိတ်ရေ ၅၅၀၀၊ ရှမ်း(တောင်)သို့ အိတ်ရေ ၄၅၀၀၊ ရှမ်း(မြောက်)သို့ အိတ်ရေ ၄၅၀၀၊ ပခုက္ကူသို့ အိတ်ရေ ၆၀၀ စုစုပေါင်းအိတ်ရေ ၅၄၅၀၀ တန်အားဖြင့် ၂၇၂၅ တန် စီးထွက်ခဲ့သည့်အတွက် ယခင်အပတ်နှင့် နှိုင်းယှဉ်လျှင် ယခုအပတ်အတွင်း အိတ်ရေ ၅၅၀၀ တန် အားဖြင့် ၂၇၅ တန် ပိုမိုစီးထွက်ခဲ့ကြောင်း သိရသည်။

ရွှေဘိုမြို့၏ဩဂုတ်လ(ဒုတိယပတ်)တွင် ဖြစ်ပေါ်နေသော စပါး၊ ဆန် ဈေးနှုန်းများမှာ ရွှေဘိုပေါ်ဆန်းစပါး တင်း ၁၀၀ လျှင် ငွေကျပ် ၃၂၅၀၀၀၀၊ ရွှေဘိုပေါ်ဆန်း ဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၁၃၀၀၀၀၊ ရောမင်းစပါး တင်း ၁၀၀ လျှင် ငွေကျပ် ၂၇၀၀၀၀၀၊ ရောမင်းဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၁၃၀၀၀၀ နှင့် ၂၀၂၂-၂၀၂၃ ခုနှစ် ရွှေဝါထွန်း (နွေစပါး) တင်း ၁၀၀ လျှင် ငွေကျပ် ၁၈၀၀၀၀၀၊ ရွှေဝါထွန်းဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင်ငွေကျပ် ၇၇၀၀၀ ဖြင့်အရောင်းအဝယ်ဖြစ်နေကြောင်း သိရှိရသည်။ **DOCA (စစ်ကိုင်း)**

# ကော့သောင်းကုန်သွယ်ရေးစခန်းမှ ပို့ကုန်တန်ချိန် ၂၂၁၈ တန်တင်ပို့

ကော့သောင်းကုန်သွယ်ရေးစခန်းသည် ထိုင်းနိုင်ငံသို့ ရေထွက်ပစ္စည်းများကို FOB စနစ်ဖြင့် အဓိကတင်ပို့နေသော ပို့ကုန်အသာစီးရသည့် စခန်းတစ်ခုဖြစ်သည်။ အဓိကတင်ပို့နေသော ပစ္စည်းများမှာ ငါးမျိုးစုံ၊ ပုစွန်၊ ရေဘဝဲ၊ ကဏန်း၊ ကင်းမွန် (စို/ခြောက်)၊ ငါးပါကင်၊ ဆီအုန်း၊ သီဟိုဠ်စေ့နှင့် ပြောင်းတို့ဖြစ်သည်။

၂၀၂၃ ခုနှစ် ဩဂုတ် ၉ ရက်မှ ၁၃ ရက်အထိ စုစုပေါင်းကုန်သွယ်မှုအနေဖြင့် ပို့ကုန်တန်ချိန် ၂၂၁၈ တန်နှင့် သွင်းကုန်တန်ချိန် ၁၈၉ တန်ဖြစ်သည်။ အများဆုံးတင်ပို့နိုင်သည့် ပို့ကုန်ပစ္စည်း ၁၀ မျိုးမှာ ဆီအုန်းတန်ချိန် ၄၈၅ တန်၊ ပလာတူးတန်ချိန် ၃၅ ဒသမ ၆၅ တန်၊ ငါးချဉ်ပေါင်တန်ချိန် ၆၀ ဒသမ ၉၆၀ တန်၊ ပလာလန်းတန်ချိန် ၄၁ ဒသမ၂၉၅ တန်၊ စစ်ကလပ်တန်ချိန် ၂၄ ဒသမ ၅၁ တန်၊ ငါးပုလွေတန်ချိန် ၈၉ ဒသမ၂၃ တန်၊ ကုလားငှုတန်ချိန် ၅ ဒသမ ၂၈ တန်၊ ငါးခွေးလျှာတန်ချိန် ၁၄ ဒသမ ၆၀ တန်၊ ပုစွန်တန်ချိန် ၁၀ ဒသမ ၇၆ တန်နှင့် ငါးစက္ကူတန်ချိန် ၄ ဒသမ ၈၀ တန်တို့ဖြစ်သည်။

အများဆုံး တင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်းများမှာ ဒီဇယ်ဆီတန်ချိန် ၁၅၀၀၊ ဓာတ်ဆီတန်ချိန် ၂၆၄၊ ဆပ်ပြာအမျိုးမျိုး တန်ချိန်ခုနစ်တန်၊ ပီလောပီနံမှုန့်တန်ချိန် ၉၀၊ ဘက်ထရီအရေအတွက် ၁၁၀၄၊ ကားတာယာအရေအတွက် ၅၃၄၄ တို့ဖြစ်သည်။

စက်သုံးဆီဈေးနှုန်းများအနေဖြင့် ဓာတ်ဆီ တစ်ဂါလန်လျှင် ငွေကျပ် ၁၃၀၅၀၊ ဒီဇယ် ၁ ဂါလန်လျှင် ငွေကျပ် ၁၂၁၅၀ ဖြင့် တည်ငြိမ်လျက်ရှိကြောင်း သိရှိရသည်။

၂၀၂၃ ခုနှစ် ဩဂုတ် ၁၄ ရက် ပြင်ပငွေလဲနှုန်းမှာ မြန်မာငွေကျပ်တစ်သိန်းလျှင်ဘတ် ၁၀၀၀၊ တစ်ဘတ်လျှင် မြန်မာငွေကျပ် ၁၀၀ ခန့်ဖြစ်သည်။

# သာယာဝတီခရိုင်အတွင်း မတ်ပဲဈေးနှုန်းနှင့် စီးထွက်မှုအခြေအနေ

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင်တွင် မတ်ပဲဈေးနှုန်းများမှာ ဩဂုတ်လ(ဒုတိယပတ်) တွင် ပိဿာ ၂၀ ပါ တစ်တင်းလျှင် ငွေကျပ် ၇၆၅၀၀ ဖြစ်ကြောင်း သိရှိရသည်။ စီးထွက်မှုအနေဖြင့် ဇူလိုင်လ (နောက်ဆုံးပတ်) တွင် ရန်ကုန်သို့ မတ်ပဲအိတ် ၉၁၉၀၀ ခန့်အထိ တင်ပို့နိုင်ခဲ့ပြီး ဩဂုတ်လ (ပထမပတ်) တွင် အိတ်လုံးရေ ၅၉၄၀၀ ခန့်အထိ တင်ပို့ခဲ့ကြောင်း၊ ဇူလိုင်လ (နောက်ဆုံးပတ်) နှင့် ဩဂုတ်လ(ပထမပတ်) နှိုင်းယှဉ်ပါက ဩဂုတ်လ(ပထမပတ်)၌ တင်ပို့မှု အနည်းငယ်လျော့နည်းသွားရခြင်းမှာ မိုးရွာသွန်းမှုများပြား၍ လမ်းခရီးအခက်အခဲများကြောင့် တင်ပို့မှုလျော့နည်းသွားရခြင်းဖြစ်ကြောင်း သိရှိရသည်။

**DOCA(ပဲခူး)**

# မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်၏ ကုန်သွယ်မှုအခြေအနေ

မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်အနေဖြင့် ၁၃-၈-၂၀၂၃ ရက်တွင် ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၄၉ သန်း၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၀ ဒသမ ၅၄၁ သန်း၊ ကုန်သွယ်မှုပမာဏကန်ဒေါ်လာ ၁ ဒသမ ၅၉၀ သန်း ဆောင်ရွက်နိုင်ခဲ့သည်။

အများဆုံး တင်ပို့ခဲ့သည့် ပို့ကုန်ပစ္စည်းများမှာ ကြက်သွန်နီ ၄၂၃ ဒသမ ၀ တန်၊ ဆန်ကွဲ ၁၀၂ ဒသမ ၅ တန်၊ နနွင်းတက် ၉၃ ဒသမ ၃ တန်၊ ရော်ဘာ ၇၀ တန်၊ ပုစွန်ဖွဲ ၆၆ တန်၊ ငါးရှဉ့် ၆၂ ဒသမ ၀၈တန်၊ ကြေးနီ ၃၄ တန်၊ ပဲလွန်း ၃၃ ဒသမ ၅ တန်၊ ငါးမှုန့် ၃၃ တန်နှင့် လျှော်ဖြူ ၁၇ ဒသမ ၅၀၇ တန်တို့ဖြစ်သည်။ အများဆုံးတင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်းများမှာ ယာဉ်နှင့် ယာဉ်ယန္တရားများ၊ ဒီဇယ်မီးစက်၊ ဘယ်ယာရိန်များ၊ အရက်၊ ဖိနပ်အမျိုးမျိုး၊ ပလတ်စတစ်လိပ်၊ စီထရစ်အက်ဆစ်၊ ပန်းသီး၊ စက်ဘီးများ၊ စက္ကူဘူးတို့ဖြစ်သည်။

၂၀၂၃ ခုနှစ် ဩဂုတ် ၁ ရက် မှ ၁၃ ရက်အထိ ပို့ကုန်တန်ဖိုး ကန်ဒေါ်လာ ၁၃ ဒသမ ၅၂၃ သန်း၊ သွင်းကုန်တန်ဖိုး ကန်ဒေါ်လာ ၁၀ ဒသမ ၃၆၉ သန်းနှင့် စုစုပေါင်း ကုန်သွယ်မှုတန်ဖိုး ကန်ဒေါ်လာ ၂၃ ဒသမ ၈၉၂ သန်း ဆောင်ရွက်နိုင်ခဲ့သည်။ MACCS စနစ်အရ ငွေလဲနှုန်း တစ်ယွမ်လျှင် ၂၉၃ ဒသမ ၀၈၂၅ ကျပ်ဖြင့် တွက်ချက်ထားရှိခြင်းဖြစ်ပြီး လက်ရှိတွင် ကုန်သွယ်မှု လမ်းကြောင်းကောင်းမွန်လျက်ရှိကြောင်း သိရှိရသည်။

## ၁၄ - ၈ - ၂၀၂၃ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး၊ ရွှေ ဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ |
| ၁ | မြစ်ကြီးနား | ၄၀၀၀ | | ၁၃၀၀၀ | ၉၅၀၀ | ၂၂၀၀၀ | ၂၅၀၀ | ၉၀၀၀ | ၈၀၀၀ | ၅၀၀၀ | ၆၅၀၀ | ၁၀၀၀ | ၈၅၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၅၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၅၀၀၀ |
| ၂ | လားရှိုး | ၃၉၀၀ | ၃၅၀၀ | ၁၄၀၀၀ | ၈၅၀၀ | ၂၂၀၀၀ | ၃၅၀၀ | ၇၀၀၀ | ၈၀၀၀ | ၃၀၀၀ | ၅၅၀၀ | ၁၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၆၀၀ | | ၁၆၀၀၀ | ၈၂၀၀ | ၁၉၀၀၀ | ၃၀၀၀ | ၉၀၀၀ | ၉၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၆၈၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၄၀၀၀ | | ၁၂၀၀၀ |
| ၄ | တောင်ကြီး | ၃၂၀၀ | ၂၇၅၀ | ၉၀၀၀ | ၉၀၀၀ | ၂၂၀၀၀ | ၃၀၀၀ | ၇၅၀၀ | ၈၅၀၀ | ၄၅၀၀ | ၅၃၀၀ | ၆၀၀ | ၈၅၀၀ | ၆၅၀၀ | ၄၅၀၀ | ၃၅၀၀ | ၃၆၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၁၀၀၀၀ |
| ၅ | လှိုင်ကော် | ၃၈၀၀ | ၂၉၀၀ | ၁၇၀၀၀ | ၈၈၀၀ | ၃၈၀၀၀ | ၃၃၀၀ | ၁၀၀၀၀ | ၇၂၀၀ | ၅၅၀၀ | ၄၅၀၀ | ၈၀၀ | ၈၀၀၀ | ၆၈၀၀ | ၃၇၀၀ | ၃၅၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၇၀၀၀ | ၁၀၀၀၀ |
| ၆ | ဘားအံ | ၂၇၀၀ | | ၁၁၀၀၀ | ၈၀၀၀ | ၁၆၀၀၀ | ၂၇၀၀ | ၉၀၀၀ | ၈၀၀၀ | ၅၅၀၀ | ၆၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၃၀၀၀ | ၃၂၀၀ | ၃၅၀၀ | ၁၀၅၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၂၃၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၂၉၀၀ | | ၁၅၆၀၀ | ၈၀၀၀ | ၁၇၀၀၀ | ၂၈၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၃၆၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၀၀၀၀ |
| ၈ | ထားဝယ် | ၃၅၅၀ | | ၁၇၅၀၀ | ၇၇၀၀ | ၁၈၀၀၀ | ၂၇၀၀ | ၉၅၀၀ | ၈၃၀၀ | ၄၈၀၀ | ၅၀၀၀ | ၈၀၀ | ၇၉၀၀ | ၅၅၀၀ | ၄၀၀၀ | ၃၅၀၀ | ၃၇၀၀ | ၁၃၅၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၃၁၀၀ | | ၁၆၀၀၀ | ၈၁၀၀ | ၁၈၀၀၀ | ၂၈၀၀ | ၁၀၀၀၀ | ၉၅၀၀ | ၄၄၀၀ | ၇၅၀၀ | ၈၀၀ | ၁၁၀၀၀ | ၇၀၀၀ | ၄၆၀၀ | ၄၀၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၉၀၀၀ | ၂၄၀၀၀ | |
| ၁၀ | ရန်ကုန် | ၃၀၀၀ | ၂၇၀၀ | ၁၅၀၀၀ | ၅၅၀၀ | ၁၇၀၀၀ | ၂၈၀၀ | ၁၁၀၀၀ | ၉၀၀၀ | ၉၀၀၀ | ၅၀၀၀ | ၆၀၀ | ၇၅၀၀ | ၇၅၀၀ | ၄၀၀၀ | ၃၈၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၉၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၂၉၀၀ | | ၁၄၀၀၀ | ၈၇၀၀ | ၁၇၀၀၀ | ၂၅၀၀ | ၈၀၀၀ | ၇၅၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၀၀ | ၆၅၀၀ | ၅၈၀၀ | ၄၅၀၀ | ၃၂၀၀ | ၃၇၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၈၀၀၀ |
| ၁၂ | စစ်တွေ | ၃၂၅၀ | ၃၀၅၀ | ၁၆၀၀၀ | ၉၅၀၀ | ၁၈၀၀၀ | ၂၉၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၅၅၀၀ | ၇၅၀၀ | ၆၀၀ | ၈၂၀၀ | ၇၀၀၀ | ၃၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၂၆၀၀၀ | ၂၆၀၀၀ | |
| ၁၃ | ဟားခါး | ၄၇၅၀ | | ၁၈၅၀၀ | | ၃၀၀၀၀ | ၃၀၀၀ | ၈၀၀၀ | | | ၄၀၀၀ | ၁၀၀၀ | | ၇၀၀၀ | | ၄၀၀၀ | ၅၀၀၀ | ၁၈၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | | ၁၂၀၀၀ |
| ၁၄ | မုံရွာ | ၅၄၀၀ | | ၁၃၅၀၀ | ၉၈၀၀ | ၁၉၀၀၀ | ၂၃၀၀ | ၇၅၀၀ | ၈၅၀၀ | ၆၀၀၀ | ၅၀၀၀ | ၈၀၀ | ၇၈၀၀ | ၇၀၀၀ | ၄၀၀၀ | ၂၆၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၇၀၀၀ | ၂၆၀၀၀ | ၈၀၀၀ |
| ၁၅ | မန္တလေး | ၄၀၀၀ | ၂၇၅၀ | ၁၅၀၀၀ | ၉၈၀၀ | ၂၂၀၀၀ | ၂၂၀၀ | ၇၂၀၀ | ၈၀၀၀ | ၅၀၀၀ | ၇၅၀၀ | ၈၀၀ | ၉၉၀၀ | ၆၈၀၀ | ၆၀၀၀ | ၂၈၀၀ | ၃၆၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၁၆ | ပခုက္ကူ | ၄၀၀၀ | | ၁၃၀၀၀ | ၈၅၀၀ | ၁၈၀၀၀ | ၂၅၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၆၅၀၀ | ၆၀၀၀ | ၆၀၀ | ၇၇၀၀ | ၇၇၀၀ | ၃၀၀၀ | ၃၀၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၂၃၀၀၀ | ၁၇၀၀၀ | ၂၃၀၀၀ | ၇၅၀၀ |
| ၁၇ | မကွေး | ၃၈၀၀ | | ၁၄၅၀၀ | ၉၀၀၀ | ၁၈၀၀၀ | ၂၈၀၀ | ၇၅၀၀ | ၇၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၇၅၀၀ | ၈၀၀၀ | ၅၅၀၀ | ၃၂၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၇၅၀၀ |
| ၁၈ | ပြည် | ၂၇၅၀ | | ၁၄၀၀၀ | ၉၇၀၀ | ၂၅၀၀၀ | ၂၇၀၀ | ၉၈၀၀ | ၉၅၀၀ | ၄၅၀၀ | ၆၅၀၀ | ၆၀၀ | ၇၀၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၅၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၉ | ပဲခူး | ၂၈၀၀ | | ၁၄၅၀၀ | ၉၅၀၀ | ၁၆၀၀၀ | ၂၈၀၀ | ၈၀၀၀ | ၇၅၀၀ | | ၇၅၀၀ | ၄၅၀ | ၈၄၀၀ | ၆၂၀၀ | ၃၁၀၀ | ၃၁၀၀ | ၃၆၅၀ | ၁၁၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၆၅၀၀ |
| ၂၀ | ပျဉ်းမနား | ၃၄၀၀ | | ၁၅၀၀၀ | ၈၀၀၀ | ၁၉၀၀၀ | ၂၅၀၀ | ၇၈၀၀ | ၈၂၀၀ | ၄၂၀၀ | ၅၂၀၀ | ၄၀၀ | ၇၂၀၀ | ၆၂၀၀ | ၄၀၀၀ | ၃၀၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၂၁ | နေပြည်တော် | ၃၄၀၀ | | ၁၅၅၀၀ | ၈၀၀၀ | ၂၀၀၀၀ | ၂၆၀၀ | ၈၀၀၀ | ၈၂၀၀ | ၄၅၀၀ | ၅၄၀၀ | ၄၀၀ | ၇၅၀၀ | ၆၂၀၀ | ၄၂၀၀ | ၃၂၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၁၈၅၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၂၂ | ကလေး | ၄၃၀၀ | ၄၂၀၀ | ၁၄၅၀၀ | ၉၅၀၀ | ၂၂၀၀၀ | ၂၅၀၀ | ၄၅၀၀ | ၇၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၇၀၀ | ၈၃၀၀ | ၆၃၀၀ | ၄၀၀၀ | ၃၇၀၀ | ၃၃၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၁၇၀၀၀ | ၂၈၀၀၀ | ၈၀၀၀ |

မှတ်ချက်။ (၁) ဧည့်မထဆန် တစ်ပြည်လျှင် မုံရွာတွင် ငွေကျပ် ၃၀၀၊ ပခုက္ကူတွင် ငွေကျပ် ၂၀၀၊ ကလေးတွင် ငွေကျပ် ၁၀၀၊ ငစိန်ဆန်တစ်ပြည်လျှင် ကလေးတွင် ငွေကျပ် ၂၀၀၊ ပဲဆီ တစ်ပိဿာလျှင် မန္တလေးတွင် ငွေကျပ် ၁၀၀၀၊ စားအုန်းဆီတစ်ပိဿာလျှင် တောင်ကြီး၊ မုံရွာနှင့် မကွေးတွင် ငွေကျပ် ၅၀၀၊ မန္တလေးတွင် ငွေကျပ် ၈၀၀၊ ပခုက္ကူနှင့်ပြည်တွင် ငွေကျပ် ၃၀၀၊ ကြက်သွန်နီ တစ်ပိဿာလျှင် မော်လမြိုင်တွင် ငွေကျပ် ၂၀၀၊ မုံရွာနှင့်ပခုက္ကူတွင် ငွေကျပ် ၁၀၀၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် မြစ်ကြီးနား၊ လားရှိုးနှင့်မုံရွာတွင် ငွေကျပ် ၅၀၀၊ ကျိုင်းတုံတွင် ငွေကျပ် ၂၀၀၊ ပခုက္ကူတွင် ငွေကျပ် ၁၀၀၀၊ (ကြူကုတ်စ) တစ်ပိဿာလျှင် ကျိုင်းတုံတွင် ငွေကျပ် ၂၀၀၊ တောင်ကြီးနှင့်မြိတ်တွင် ငွေကျပ် ၅၀၀၊ နနွင်းတက်တစ်ပိဿာလျှင် မြစ်ကြီးနား၊ တောင်ကြီးနှင့်ပခုက္ကူတွင် ငွေကျပ် ၅၀၀၊ ချင်းတစ်ပိဿာလျှင် မြစ်ကြီးနားနှင့်ပခုက္ကူတွင် ငွေကျပ် ၅၀၀၊ တောင်ကြီးတွင် ငွေကျပ် ၃၀၀၊ မန္တလေးတွင် ငွေကျပ် ၁၅၀၀၊ မြေပဲတစ်ပိဿာလျှင် မြိတ်တွင် ငွေကျပ် ၁၀၀၀၊ ပခုက္ကူတွင် ငွေကျပ် ၂၀၀၊ မန်ကျည်းသီးတစ်ပိဿာလျှင် လားရှိုးတွင် ငွေကျပ် ၅၀၀၊ မြိတ်တွင် ငွေကျပ် ၃၀၀၊ အာလူးတစ်ပိဿာလျှင် မြိတ်တွင် ငွေကျပ် ၄၀၀၊ သကြားတစ်ပိဿာလျှင် လားရှိုးတွင် ငွေကျပ် ၃၀၀၊ မုံရွာတွင် ငွေကျပ် ၄၀၀၊ ဝက်သားတစ်ပိဿာလျှင် ပခုက္ကူတွင် ငွေကျပ် ၁၀၀၀၊ ငါးမြစ်ချင်းတစ်ပိဿာလျှင် ပျဉ်းမနားနှင့်နေပြည်တော်တွင် ငွေကျပ် ၂၀၀၀ ဈေးတက်ခဲ့သည်။

(၂) ဧည့်မထဆန် တစ်ပြည်လျှင် ထားဝယ်တွင် ငွေကျပ် ၅၀၊ (ကြူကုတ်စ) နှင့် ကုလားပဲ တစ်ပိဿာလျှင် မြစ်ကြီးနားတွင် ငွေကျပ် ၅၀၀၊ ချင်းတစ်ပိဿာလျှင် ပဲခူးတွင် ငွေကျပ် ၅၀၀၊ အာလူးတစ်ပိဿာလျှင် ပခုက္ကူတွင် ငွေကျပ် ၂၀၀၊ ကြက်သားတစ်ပိဿာလျှင် ပခုက္ကူတွင် ငွေကျပ် ၁၀၀၀ ဈေးကျခဲ့သည်။

# ကျောင်းကျန်းမာရေးလုပ်ငန်းကို တစ်မျိုးသားလုံး၏ ကျန်းမာရေးအဆင့်အတန်းမြင့်မားစေရန် ဦးတည်ပြီး ဆောင်ရွက်နေ

**မုံရွာ ဩဂုတ် ၁၄**

၂၀၂၃-၂၀၂၄ ပညာသင်နှစ် စစ်ကိုင်းတိုင်းဒေသကြီး ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုများ အထိမ်းအမှတ်အခမ်းအနားကို ဩဂုတ် ၁၄ ရက် နံနက်ပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကျောင်းများမှတစ်ဆင့် ကျန်းမာရေးအသိပညာပေး သတင်းစကားများ၊ ကျန်းမာရေးနှင့် ညီညွတ်သည့် အလေ့အကျင့်များသည် ကျောင်းသားလူငယ်များမှတစ်ဆင့် ပြည်သူလူထုအတွင်းသို့ ရောက်ရှိသည့်အတွက် ကျောင်းကျန်းမာရေးလုပ်ငန်းကို တစ်မျိုးသားလုံး၏ ကျန်းမာရေးအဆင့်အတန်း မြင့်မားစေရန် ဦးတည်ပြီး ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ကျောင်းသားလူငယ်များ၏ ကျန်းမာရေးပြည့်စုံကောင်းမွန်နေရုံသာမက ဇလငါးတန်ပြည့်စုံသည့် လူငယ်များမွေးထုတ်နိုင်ရန်အတွက် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ၊ အခြားနီးနွယ်ဌာနများ၊ အဖွဲ့အစည်းများနှင့် မိဘပြည်သူလူထုတို့ ပူးပေါင်းပြီး ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုများ အထိမ်းအမှတ် Video Clip ကို ကြည့်ရှုအားပေးပြီး အခမ်းအနားသို့ တက်ရောက်လာကြသော ကျောင်းသား ကျောင်းသူများအား သန့်ချဆေးများ တိုက်ကျွေးကြကာ အာဟာရဖြည့်စွက်စာများနှင့် သွားတိုက်ဆေးများ ပေးဝေကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုများ အထိမ်းအမှတ် မှတ်တမ်းဓာတ်ပုံများကို လိုက်လံကြည့်ရှုအားပေးကြောင်း သိရသည်။ **တိုင်းဒေသကြီး (ပြန်/ဆက်)**



တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုများ အထိမ်းအမှတ် မှတ်တမ်းဓာတ်ပုံများ ကြည့်ရှုအားပေးစဉ်။

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဩဂုတ် ၁၄**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ဖြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဩဂုတ် ၁၃ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Zin Mar” အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် မြို့သစ်(၅) ရပ်ကွက်နေ လှသင်းနွယ်(ခ) ဇင်မာအား နံနက် ၁၁ နာရီ ၄၅ မိနစ်တွင်လည်းကောင်း၊ “San Oo Maung” အကောင့်ပိုင်ရှင်ဖြစ်သူ မဟာအောင်မြေမြို့နယ် မဟာအောင်မြေ အနောက်ရပ်ကွက်ရှိ ပေါင်းလဲဘုန်းကြီးကျောင်းတိုက်နေ ဉူးဆန္ဒာဝရ(ခ) ဆန်းဦးမောင်အား မွန်းလွဲ ၁ နာရီ မိနစ် ၂၀ တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၅-၈-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| 95 Ron | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| HSD (500 ppm) | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| HSD (50 ppm) | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| HSD (10 ppm) | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၉၁ | ၂၂၆၈ |
| 95 Ron | ၂၂၉၉ | ၂၃၇၉ |
| HSD (500 ppm) | ၂၃၂၃ | ၂၃၉၉ |
| HSD (50 ppm) | ၂၃၉၇ | ၂၄၇၄ |
| HSD (10 ppm) | ၂၃၉၇ | ၂၄၇၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် လေးဦး တွေ့ရှိ

**(၁၄-၈-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ (၁၃-၈-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၄-၈-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၆၂၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၁၁) ရာခိုင်နှုန်းဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## မုတ်သုံလေ အားအသင့်အတင့်ရှိ

**နေပြည်တော် ဩဂုတ် ၁၄**

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

**မိုး/ဇလ**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း ပေါက်တောမြို့နယ် ကြိမ်နီပြင် IDP စခန်းရှိ အိမ်ထောင်စုများအား ထောက်ပံ့ပစ္စည်းများပေးအပ် ပေါက်တောမြို့နယ်အတွင်း စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေး ကွင်းဆင်းဆောင်ရွက်

စစ်တွေ ဩဂုတ် ၁၄

**ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ပေါက်တောမြို့နယ် ကြိမ်နီပြင် IDP စခန်းရှိ အိမ်ထောင်စုများအား ထောက်ပံ့ပစ္စည်းများပေးအပ်ပြီး ပေါက်တောမြို့နယ်အတွင်း စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေး ကွင်းဆင်းဆောင်ရွက်ကြသည်။**



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် IDP စခန်းရှင်းလင်းဆောင်၌ အိမ်ထောင်စုများနှင့် တွေ့ဆုံရာ ပြည်နယ်ဝန်ကြီးချုပ်က ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း (မိုခါ)တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများ များစွာရှိကြောင်း၊ ယခုအခါ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို မိမိတို့အစိုးရအဖွဲ့အနေဖြင့် နိုင်ငံတော်အကြီးကဲ၏ လမ်းညွှန်မှုဖြင့်ဆောင်ရွက်နေပါကြောင်း၊ မုန်တိုင်းသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနေသကဲ့သို့ အိမ်ထောင်စုများအတွက်လည်း စားရေရိက္ခာနှင့် တည်ဆောက်ရေးပစ္စည်းများ ထောက်ပံ့ပေးလျက်ရှိကြောင်း၊ IDP စခန်းတွင် နေထိုင်ကြသူများအနေဖြင့် စခန်းတာဝန်ခံများ၏ ဦးဆောင်မှုဖြင့် စည်းစည်းလုံးလုံးဖြင့်နေထိုင်ကြစေလိုကြောင်း၊ ယခုထောက်ပံ့ပေးအပ်မည့် ထောက်ပံ့ပစ္စည်းများကိုလည်း အိမ်ထောင်စုများ မျှတစွာခွဲဝေ သုံးစွဲကြစေလိုကြောင်းနှင့် လိုအပ်ချက်များရှိပါကလည်း တင်ပြပေးကြစေလိုကြောင်းပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆန်၊ Family Kit၊ ရေသန့်၊ ခြင်ထောင်၊ တာပေါ်လင်၊ သွပ်ပြားများနှင့် သစ်များကို ပေးအပ်ကြရာ မီးဘေးသင့်အိမ်ထောင်စုဝင်များက လက်ခံရယူကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပေါက်တောမြို့သို့သွားရောက်ပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ဌာနဆိုင်ရာများ၊ မြို့မိ၊ မြို့ဖများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် တွေ့ဆုံရာ ပြည်နယ်ဝန်ကြီးချုပ်က ရခိုင်ပြည်နယ်သည် တည်ငြိမ်အေးချမ်းပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်နိုင်သည့် အခြေအနေများစွာရှိနေသည့် ပြည်နယ်တစ်ခုဖြစ်ကြောင်း၊ ယခုအချိန်တွင် မြို့နယ်တစ်ခု၊ ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်ခု ထုတ်လုပ်နိုင်ရမည်ဖြစ်ကြောင်း လိုအပ်သည့်ကူညီထောက်ပံ့မှုများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပြည်သူ့ဆေးရုံသို့သွားရောက်၍ ဆေးရုံတက်ရောက်ကုသမှုခံယူနေကြသည့် လူနာများကို အားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ်၍ဆရာဝန်၊ ဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကာ ထောက်ပံ့ငွေများ ပေးအပ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပေါက်တောမြို့နယ် နတ်တောင်ပြင်ကျေးရွာ၌ စိုက်ပျိုးရေးဦးစီးဌာနနှင့် တောင်သူများပူးပေါင်းပြီး မိုးစပါး SRI ငါးကေ စံပြကွက် စိုက်ပျိုးအောင်မြင်နေမှုနှင့် မိုခါမုန်တိုင်းသင့်တောင်သူများသို့ နိုင်ငံတော်မှထောက်ပံ့ပေးသော မိုးစပါးပေါ်ဆန်းရင် ၁၀ ဧကစံပြစိုက်ခင်း စိုက်ပျိုးထားရှိမှုတို့ကို သွားရောက်ကြည့်ရှုအားပေးပြီး တောင်သူများနှင့်တွေ့ဆုံကာ စိုက်ပျိုးရာသီအချိန်မီ ထွန်ယက်စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးနည်းစနစ်မှန်ကန်ရေးနှင့် လိုအပ်သည့်နည်းပညာများအား သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **တင်ထွန်း(ပြန်/ဆက်)**

# ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

**နေပြည်တော် ဩဂုတ် ၁၄**

ဆိုင်ကလုန်းမုန်တိုင်းမိုခါ တိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူ စားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။



ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့် စားသောက်ကုန်များ၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် အရောင်းဆိုင်များ၏ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းမိသားစုများက တစ်ခဲနက် ဝယ်ယူအားပေးကြကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲ ဖြစ်ပေါ်နေချိန်တွင် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# အာဆီယံ ယူ-၂၃ ပြိုင်ပွဲမတိုင်မီ မြန်မာ ယူ-၂၃ အသင်း ကူဝိတ်နှင့် ခြေစမ်းကစား

**ရန်ကုန် ဩဂုတ် ၁၄**

၂၀၂၃ အာဆီယံ ယူ-၂၃ ချန်ပီယံရှစ်ပြိုင်ပွဲယှဉ်ပြိုင်ရန် ထိုင်းနိုင်ငံသို့ ရောက်ရှိနေသည့် မြန်မာ ယူ-၂၃ အသင်းသည် ပြိုင်ပွဲမတိုင်မီ နောက်ဆုံး ခြေစမ်းပွဲအဖြစ် ဩဂုတ် ၁၄ ရက် ညပိုင်းက ကူဝိတ် ယူ-၂၃ အသင်းနှင့် ခြေစမ်းပွဲယှဉ်ပြိုင်ကစားရာ ကူဝိတ်အသင်းက တစ်ဂိုး - ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

မြန်မာ ယူ-၂၃ အသင်းသည် ပြိုင်ပွဲကျင်းပမည့် ထိုင်းနိုင်ငံသို့ ကြိုတင်သွားရောက်ပြီး ပြိုင်ပွဲမတိုင်မီ နိုင်ငံတကာခြေစမ်းပွဲ ကစားခြင်းဖြစ်သည်။ မြန်မာအသင်းသည် ကူဝိတ်အသင်းကို ခြေရည်တူကစားနိုင်ခဲ့ပြီး ပွဲပြီးခါနီးတွင် ပေးလိုက်ရသည့် ဂိုးကြောင့် အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။

မြန်မာ ယူ-၂၃ အသင်းသည် ပြည့်ဖြိုးသူ (ဂိုး)၊ ဉာဏ်လင်းထက်၊ လတ်ဝေဘုန်း၊ သက်ဟိန်းစိုး၊ ရှင်းသန့်အောင်၊ အာကာကျော်၊ စိုးမင်းဦး၊ ခွန်ကျော်ဇင်ဟိန်း၊ ချစ်အေး၊ မိုးဆွေ၊ စွမ်းထက်တို့ဖြင့် ပွဲထွက်ခဲ့သည်။ ပထမပိုင်းတွင် ဂိုးမရှိ သရေကျနေပြီး ကူဝိတ်အသင်းအတွက် အနိုင်ဂိုးကို ၉၀+၅ မိနစ်တွင် အယ်လ်ဝါဒီက သွင်းယူခဲ့သည်။ ကူဝိတ် ယူ-၂၃ အသင်းမှာလည်း စက်တင်ဘာတွင် ယှဉ်ပြိုင်ရမည့် အာရှဖလား ယူ-၂၃ ခြေစစ်ပွဲအတွက် ကြိုတင်ပြင်ဆင်နေသည့် အသင်းဖြစ်သည်။

အာဆီယံ ယူ-၂၃ ချန်ပီယံရှစ်ပြိုင်ပွဲကို ဩဂုတ် ၁၇ ရက်မှ ၂၆ ရက်အထိ ထိုင်းနိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် ထိုင်း၊ ကမ္ဘောဒီးယား၊ ဘရူနိုင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေသည်။ **ရဲရင့်လွင်**



# AFC Cup အကြိုခြေစစ်ပွဲအဖြစ် ရန်ကုန်ယူနိုက်တက်နှင့် ဘရူနိုင်းကလပ် ယှဉ်ပြိုင်မည်

**ရန်ကုန် ဩဂုတ် ၁၄**

၂၀၂၃-၂၀၂၄ ရာသီ AFC Cup အကြိုခြေစစ်ပွဲအဖြစ် မြန်မာကလပ် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ဘရူနိုင်းကလပ် DPMM အသင်းတို့ ဩဂုတ် ၁၆ ရက် ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ယခုရာသီ AFC Cup ပြိုင်ပွဲတွင် မြန်မာကလပ်နှစ်သင်း ယှဉ်ပြိုင်ခွင့်ရထားပြီး ရှမ်းယူနိုက်တက်အသင်းသည် နောက်ဆုံးအဆင့်မှ စတင်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ရန်ကုန်ယူနိုက်တက်အသင်းမှာမူ ခြေစစ်ပွဲအဆင့်မှ စတင်ကစားရခြင်းဖြစ်သည်။ AFC Cup ပြိုင်ပွဲ အာဆီယံဇုန် အကြိုခြေစစ်ပွဲအဖြစ် ဩဂုတ် ၁၆ ရက်တွင် ရန်ကုန်ယူနိုက်တက် (မြန်မာ) နှင့် DPMM (ဘရူနိုင်း)၊ ဖနွမ်းပင်ခရောင်း (ကမ္ဘောဒီးယား) နှင့် Young Elephant (လာအို) တို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး အနိုင်ရသည့်နှစ်သင်းမှာ ခြေစစ်ပွဲ Play-off အဆင့် တက်ရောက်ကစားခွင့်ရမည်ဖြစ်သည်။ ရန်ကုန်ယူနိုက်တက်နှင့် DPMM ပွဲမှ အနိုင်ရသည့်အသင်းမှာ Play-off အဆင့်တွင် အင်ဒိုနီးရှားကလပ် မာကာဆာအသင်းနှင့် အဝေးကွင်း၊ ဖနွမ်းပင်ခရောင်းနှင့် Young Elephant ပွဲမှ အနိုင်ရသည့်အသင်းမှာ Play-off အဆင့်တွင် စင်ကာပူကလပ် တမ်ပနိစ်ရိုဗာအသင်းနှင့် အဝေးကွင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ရန်ကုန်ယူနိုက်တက်အသင်းသည် ခြေစစ်ပွဲအောင်မြင်ရန် အဆင့်နှစ်ဆင့်ကျော်ဖြတ်ရမည်ဖြစ်သည်။ ရန်ကုန်ယူနိုက်တက်အသင်းသည် AFC Cup ပြိုင်ပွဲတွင် ရှစ်ကြိမ်မြောက် ယှဉ်ပြိုင်ခွင့်ရခြင်းဖြစ်သည်။ ရန်ကုန်ယူနိုက်တက်အသင်းသည် ပြည်တွင်းလိဂ်ပြိုင်ပွဲတွင် ဒုတိယနေရာ၌ ရပ်တည်နေသည်။ **ရဲရင့်လွင်**

## ချင်းတွင်းမြစ်ရေ ဖောင်းပြင်မြို့တွင် စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော် ဩဂုတ် ၁၄**

ယနေ့နံနက် ၇ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်လက်မခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခန့်မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဖောင်းပြင်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

# လူထုအခြေပြုဗဟိုဌာန Community Centre (Lashio) တွင် လူငယ်စကားဝိုင်းကျင်းပ



**လားရှိုး ဩဂုတ် ၁၄**

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် လူ့စွမ်းအားအရင်းအမြစ်များဖြစ်သည့် အနာဂတ်ခေါင်းဆောင်လူငယ်များ ဘက်စုံဖွံ့ဖြိုး တိုးတက်စေရန်ရည်ရွယ်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် လူငယ် စကားဝိုင်းကို ယနေ့နံနက် ၁၀ နာရီက လူထုအခြေပြုဗဟိုဌာန(လားရှိုး)ရှိ ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တွဲဖက်ပြည်နယ်ရုံး(လားရှိုး)မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်နန်းသန္တာဦးက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လားရှိုးခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ကေသွယ်ဟန်က ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်သည်။

လူငယ်စကားဝိုင်းကို အ.ထ.က (၇)လားရှိုးမှ ကျောင်းသားကျောင်းသူများဖြစ်သည့် မောင်စွမ်းထက်လင်း၊ မောင်းဖြိုးမင်းကိုကိုအောင်၊ မအေးချမ်းခိုင်၊ မဆုဝတီနန်း၊ မဟန်သော်တာငြိမ်းတို့ကလူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်အကြောင်းနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသည့် ကျောင်းသားကျောင်းသူလေးများက မေးမြန်းခြင်း၊ ပြန်လည်ဆွေးနွေးခြင်းများ ပြုလုပ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ရေတာရှည်မြို့နယ်၌ လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု (အခြေခံ)တောင်သူသင်တန်းဖွင့်

**ရေတာရှည် ဩဂုတ် ၁၄**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် အမှတ်(၄၈) စက်မှုလယ်ယာစခန်း၌ လယ်ယာသုံးစက်ကိရိယာ အစိတ်အပိုင်းများတပ်ဆင်ခြင်း၊



ပြင်ဆင်ထိန်းသိမ်းခြင်း၊ စနစ်တကျမောင်းနှင်ခြင်းလုပ်ငန်းများ ကျွမ်းကျင်စွာ အသုံးချတတ်စေရန်ရည်ရွယ်၍ ဩဂုတ် ၁၄ ရက်က လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု(အခြေခံ) တောင်သူသင်တန်းကို အခမ်းအနားဖွင့်လှစ်ပေးသည်။

ရှေးဦးစွာ တောင်ငူခရိုင် စက်မှုလယ်ယာဦးစီးဌာနမှူး ဦးကျော်မင်းဦးက သင်တန်းဖွင့်လှစ်ပေးရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး တောင်ငူခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေဝင်းအောင်နှင့် ဌာနဆိုင်ရာများ၊ သင်တန်းသားများက ခင်းကျင်းပြသထားသည့် လယ်ယာသုံးစက်များကို စိတ်ပါ ဝင်စားစွာ ကြည့်ရှုလေ့လာကြသည်။

အဆိုပါသင်တန်းကို ဩဂုတ် ၁၄ ရက်မှ ၂၅ ရက်အထိ စာတွေ့လက်တွေ့သင်ကြားပို့ချသွားမည်ဖြစ်ပြီး တောင်သူ သင်တန်းသား ၃၀ တက်ရောက်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# နေပြည်တော်၌ ၅၀ ကီလိုမီတာ ခရီးရှည်မြင်းစီးပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဩဂုတ် ၁၄**

မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် 50km Endurance (၅၀ ကီလိုမီတာ ခရီးရှည်ပြိုင်ပွဲ) မြင်းစီးပြိုင်ပွဲကို ဩဂုတ် ၂၀ ရက်တွင် နေပြည်တော်၌ ကျင်းပမည်ဖြစ်သည်။

"ဒီပြိုင်ပွဲက နိုင်ငံတကာ မြင်းစီးအားကစားနည်း ဖြစ်ပါတယ်။(၃၃)ကြိမ်မြောက် ဆီးဂိမ်းအတွက်ရည်ရွယ်ပြီး ဝင်ရောက်ယှဉ်ပြိုင်ဖို့ အရည်အချင်းစစ်တာပါ။ ထိုင်းနိုင်ငံမှာ ကျင်းပမယ့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲမှာ ထည့်သွင်းကျင်းပဖို့ ရှိတယ်။ ဒါကြောင့် ကျွန်တော်တို့က ကမ္ဘာ့မြင်းစီးအဖွဲ့ချုပ်ရဲ့ နည်းစနစ်အရဆိုလို့ရှိရင် ပြိုင်ပွဲကို (ဝမ်းစတား)လို့ သတ်မှတ်တယ်။ ဝမ်းစတားအဆင့်ရဖို့ကို နောက်အားလုံးပေါင်း လေးကြိမ်ပြိုင်ရမယ်။ ဒါက ပထမဆုံး အကြိမ်ဖြစ်ပါတယ်။ ကီလို ၅၀ ရှိမယ်၊သူ့ရဲ့ထုံးစံက ၅၀ နဲ့ ၈၀ ကြားနှစ်ကြိမ်စီးရမယ်။ နောက် ၈၀ နဲ့ ၁၀၀ ကြားက နှစ်ကြိမ်စီးရမယ်၊ အရည်အချင်းစစ်ရမှာပါ။ အားလုံးပေါင်း လေးကြိမ်ပြည့်မယ့်သူက ဝမ်းစတား အဆင့်ကို ရမှာပါ။ အဲဒါမှ နိုင်ငံတကာပြိုင်ပွဲကို ဝင်ပြိုင်ခွင့်ရှိတယ်"ဟု မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဌေးကျော်က ပြောသည်။ အဆိုပါပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာ၊ ပုဂံ နှင့် ရန်ကုန်တိုင်းဒေသကြီးမှ အားကစားသမား မြင်းနှင့် လူ ၂၃ ဦး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။ **အာကာစိုး**



# "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဩဂုတ် ၁၄**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **" KIA အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံအကြမ်းဖက်သမားများက ကသာမြို့နယ်၊ မိုးတားလေးရွာအတွင်းသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်မှုကြောင့် ကလေးငယ်တစ်ဦးအပါအဝင် အပြစ်မဲ့ပြည်သူ ၅ ဦး ဒဏ်ရာရရှိခဲ့"** ခေါင်းစဉ်ဖြင့် ဩဂုတ် ၁၆ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"PDF အမည်ခံ အကြမ်းဖက်သမားများက နွားထိုးကြီးမြို့နယ် မင်းရွာကျေးရွာရှိ အပြစ်မဲ့ပြည်သူများအား လက်နက်ငယ်များဖြင့် ပစ်ခတ်သတ်ဖြတ်၊ ကျေးရွာစာသင်ကျောင်းသား မီးရှို့ဖျက်ဆီး၊ ကူညီရေးအသင်းယာဉ်အား အဝေးထိန်းမိုင်းများဖြင့် ဖောက်ခွဲသည့်ဖြစ်စဉ်"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# စံချိန်တင်ပြောင်းရွှေ့ကြေးဖြင့် ကိုင်စီဒိုကို ချယ်ဆီးအသင်း ခေါ်ယူ

ပရီမီယာလိဂ်ကလပ် ချယ်ဆီးအသင်းသည် ဗြိတိန်စံချိန်တင် ပြောင်းရွှေ့ကြေး ပေါင်၁၁၅သန်းဖြင့် ဘရိုက်တန်ကွင်းလယ်ကစားသမား မိုက်စ်ကိုင်စီဒိုကိုခေါ်ယူရန် သဘောတူညီမှုရရှိပြီဖြစ်ကြောင်း သိရသည်။

သောကြာနေ့တွင် အသက် ၂၁ နှစ်အရွယ် အီကွေဒေါကစားသမားအတွက် ပေါင် ၁၁၁ သန်းဖြင့် ခေါ်ယူရန် လီဗာပူးအသင်းက သဘောတူညီမှု ရရှိထားသော်လည်း ကိုင်စီဒို၏ ဦးစားပေးမှာ ချယ်ဆီးအသင်းဖြစ်သည့်အတွက် လက်လွှတ်ဆုံးရှုံးခဲ့ရသည်။ ကိုင်စီဒိုသည် ယခုနှစ်ရာသီတွင် ချယ်ဆီးအသင်း၏ ရှစ်ဦးမြောက်ခေါ်ယူသည့် ကစားသမားဖြစ်လာမည်ဖြစ်သည်။ **အောင်ဇော်**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၄ - ၈ - ၂၀၂၃

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၆၀ ကျပ် | ၂၅၁၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၅၃၅ ကျပ် | ၂၅၈၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၂၈၅ ကျပ် | ၂၃၃၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၃၉၅ ကျပ် | ၂၄၄၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၉၀၀ | ၈၉၀၀ | ၃၄၂၂ | ၃၀၄၅၅၈၀၀ |
| MTSH | ၃၁၀၀ | ၃၁၀၀ | ၈၇၉၀ | ၂၇၂၄၉၂၀၀ |
| MCB | ၇၆၀၀ | ၇၆၀၀ | ၂၀ | ၁၅၂၀၀၀ |
| FPB | ၁၆၅၀ | ၁၆၅၀ | ၁၈၉ | ၃၀၅၈၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၂၃၀၀ | ၂၃၅၀ | ၁၆၅၁ | ၃၇၉၇၃၅၀ |
| AHPC | ၀ | ၀ | ၀ | ၀ |
| MAEPC | ၁၉၀၀ | ၁၉၀၀ | ၃၈၄၅ | ၇၃၀၅၅၀၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News

## စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ်(အမျိုးသမီး) ဗိုလ်လောင်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲစစ်ဆေးခြင်း

၁။ စစ်တက္ကသိုလ်ဗိုလ်လောင်း၊ တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်း၊ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းနှင့် တပ်မတော်ဆေးတက္ကသိုလ်(အမျိုးသမီး)ဗိုလ်လောင်း လျှောက်လွှာတင်သွင်းသူများသည် ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို အောက်ပါအတိုင်းဖြေဆိုကြရမည်-

(က) **တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းနှင့် တပ်မတော်ဆေးတက္ကသိုလ်(အမျိုးသမီး) ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့**တွင် အောက်ပါအတိုင်း ဖြေဆိုရမည်-

(၁) **အင်္ဂလိပ်စာ** **၀၉၀၀** နာရီမှ **၁၁၀၀** နာရီအထိ။
(၂) **ဇီဝဗေဒ** **၁၃၀၀** နာရီမှ **၁၅၀၀** နာရီအထိ။

(ခ) **တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်နေ့**တွင် အောက်ပါအတိုင်း ဖြေဆိုရမည်-

(၁) **အင်္ဂလိပ်စာ** **၀၉၀၀** နာရီမှ **၁၁၀၀** နာရီအထိ။
(၂) **သင်္ချာ** **၁၃၀၀** နာရီမှ **၁၅၀၀** နာရီအထိ။

(ဂ) **စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့**တွင် အောက်ပါအတိုင်း ဖြေဆိုရမည်-

(၁) **အင်္ဂလိပ်စာ** **၀၉၀၀** နာရီမှ **၁၁၀၀** နာရီအထိ။
(၂) **သင်္ချာ** **၁၃၀၀** နာရီမှ **၁၅၀၀** နာရီအထိ။

၂။ စာမေးပွဲများကို မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်အလိုက် အောက်ဖော်ပြပါနေရာများတွင် ဖြေဆိုကြရမည်-

(က) **နေပြည်တော်** အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ ဆင်ဖြူရှင်ခန်းမ။
(ခ) **မြစ်ကြီးနားမြို့** တိုင်းစစ်ဌာနချုပ်၊ ဗလမင်းထင်ခန်းမ။
(ဂ) **လားရှိုးမြို့** တိုင်းစစ်ဌာနချုပ်ခန်းမ။
(ဃ) **တောင်ကြီးမြို့** တိုင်းစစ်ဌာနချုပ်၊ သံလွင်ခန်းမ။
(င) **ခိုလမ်မြို့** တိုင်းစစ်ဌာနချုပ်၊ အောင်ဇေယျခန်းမ။
(စ) **ကျိုင်းတုံမြို့** တိုင်းစစ်ဌာနချုပ်၊ ပြည်ငြိမ်းအေးခန်းမ။
(ဆ) **မော်လမြိုင်မြို့** တိုင်းစစ်ဌာနချုပ်၊ အောင်ဆန်းခန်းမ။
(ဇ) **မြိတ်မြို့** တိုင်းစစ်ဌာနချုပ်၊ တိုင်းရန်အောင်ခန်းမ။
(ဈ) **ရန်ကုန်မြို့** တပ်မတော်ဆေးတက္ကသိုလ်(ပင်မစာသင်ဆောင်)။
(ည) **ပုသိမ်မြို့** တိုင်းစစ်ဌာနချုပ်၊ ဧရာဝတီခန်းမ။
(ဋ) **အမ်းမြို့** တိုင်းစစ်ဌာနချုပ်၊ အမ်းတောင်ခန်းမ။
(ဌ) **မုံရွာမြို့** အထက(၂)၊ အလုံတပ်မြို့။
(ဍ) **မန္တလေးမြို့** တိုင်းစစ်ဌာနချုပ်၊ ရန်အောင်မြင်ခန်းမ။
(ဎ) **တောင်ငူမြို့** တိုင်းစစ်ဌာနချုပ်၊ အေးချမ်းဖြိုးခန်းမ။

၃။ ဗိုလ်လောင်းသင်တန်းဝင်ခွင့် အရည်အချင်းစစ်စာမေးပွဲဖြေဆိုရန်အတွက် သတ်မှတ်ချက်နှင့်ပြည့်စုံပြီး ဖြေဆိုခွင့်ရသူများအား သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အကြောင်းကြားပေးမည်။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင် ဖော်ပြထားသည့် ခုံအမှတ်ဖြစ်သည်။ မိမိတို့လျှောက်လွှာထုတ်ယူရာ တိုင်းစစ်ဌာနချုပ်များတွင် **ဖြေဆိုရမည့်ခုံအမှတ်နှင့် ဖြေဆိုရမည့်နေရာများ**ကို သွားရောက်ကြည့်ရှုနိုင်သည်။

၄။ စာမေးပွဲဖြေဆိုရန်လာရောက်သည့်အခါ **နိုင်ငံသားစိစစ်ရေးကတ်**ကို တစ်ပါတည်းယူဆောင်လာရမည်။ **နိုင်ငံသားစိစစ်ရေးကတ်** တင်ပြနိုင်ခြင်းမရှိသူများအား ဖြေဆိုခွင့်မပြုပါ။

၅။ အသေးစိတ်သိရှိလိုပါက **သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်၊ စာစစ်ဌာနများ**တွင် စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**




## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 79W/10681 Kenbo 110 ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းနိုင် ၁၄/မအပ (နိုင်)၁၂၁၄၂၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မအူပင်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 81W/70306 Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သန္တာအောင် ၁၄/မမက(နိုင်)၃၄၀၀၆၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မအူပင်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 56W/35946 Luojia Dream 110 ယာဉ်လက်ဝယ်ရှိသူ ဦးစိန်မြင့်လှိုင် ၁၄/ပတန (နိုင်) ၁၇၀၉၆၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မအူပင်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 63W/87868 Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မျိုးသန့် ၁၄/ကလန(နိုင်)၁၂၇၁၄၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မအူပင်)**

## ကန့်ကွက်နိုင်ပါကြောင်း

ကလောမြို့နယ်၊ ကလောမြို့၊ ရပ်ကွက်(၁၁)နန်းသဲတွင်ရှိသော The HoltelKalaw Hill Lodge ဟိုတယ်လိုင်စင်မှာ ဦးဝင်းတင် ၁၂/အစန(နိုင်)၁၆၈၁၀၆ အမည်ပေါက်မှ ဦးဝင်းတင် ၁၂/အစန(နိုင်)၁၆၈၁၀၆၊ ဦးဘော့စ်နက် ၁/မကန(နိုင်)၀၃၈၂၇၈၊ ဦးဒီပ ၉/ပတန(နိုင်)၀၅၆၃၀၂ သုံးဦးပိုင် အမည်ဖြင့် ဟိုတယ်လိုင်စင်ပြန်လည်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက အထောက်အထားစုံလင်စွာဖြင့် ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဝင်းတင်၊ ဦးဘော့စ်နက်၊ ဦးဒီပ**
**ဖုန်း-၀၉-၉၇၆၆၃၁၄၆၅**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရွှေပြည်သာမြို့၊ အိမ်တော်ရာ(၁)လမ်းနေ မယ်လဘင်သန်း(ခ)ဦးတင်မောင်သန်း၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်နေ အာသာသန်း(ခ) ဦးခင်မောင်သန်း၊ မြောင်းမြမြို့၊ အမှတ်(၈)ရပ်ကွက်၊ ဗိုလ်ဗထူးလမ်း အမှတ်(၈၆)နေ ကဲနက်သန်း၊ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာဆေးတပ်ရင်းနေ ဒေါ်လီသန်းနှင့် မြောင်းမြမြို့၊ အမှတ်(၈)ရပ်ကွက်၊ ဗိုလ်ဗထူးလမ်း၊ အမှတ်(၈၆)နေ ဒေါ်မော်လီသန်းတို့မှ မြောင်းမြမြို့၊ အမှတ်(၈)ရပ်ကွက်ရှိ မြေစာရင်း ရပ်ကွက်အမှတ်(၁၁)ဆာကြူလာ ဦးပိုင်အမှတ်(၈၉)၊ ဧရိယာ(၀.၉၂၄)ဧကရှိမြေအား လူနေထိုင်ရန် ဂရန်သက်တမ်းတိုး လျှောက်ထားမှုတွင် ဂရန်စာချုပ်မူရင်းသည် မည်သူတစ်ဦးတစ်ယောက်မျှ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်းနှင့် အမွေဆက်ခံထားခြင်းမရှိဘဲ သဘာဝဘေးအန္တရာယ်ကြောင့် ပျောက်ဆုံးသွားပါသဖြင့် ဂရန်စာချုပ်မူရင်း မတင်ပြနိုင်ခြင်း အပေါ် ကန့်ကွက်လိုသူများရှိပါက အထောက်အထား ပြည့်စုံစွာဖြင့် ကြော်ငြာသည့်ရက်မှ(၁၄) ရက်အတွင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ စာဖြင့်သော်လည်းကောင်း၊ လူဖြင့်သော်လည်းကောင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ထားသူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ မယ်လဘင်သန်း(ခ)ဦးတင်မောင်သန်း၊ အာသာသန်း(ခ) ဦးခင်မောင်သန်း၊ ကဲနက်သန်း၊ ဒေါ်လီသန်း၊ ဒေါ်မော်လီသန်းတို့ အမည်ဖြင့် လူနေထိုင်ရန် ဂရန်သက်တမ်းတိုးလျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြောင်းမြမြို့နယ်**

## အယူခံမှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့ အကြောင်းကြားစာ

## (တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၁၄)

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## ၂၀၂၂ ခုနှစ်၊ တရားမအယူခံမှုအမှတ် - ၄၅၇

ဒေါ်စံပယ် (ခ) ဒေါ်ဂိုရဝတီ **နှင့်** ဦးကျော်စိန် ပါ ၁၁
(ကွယ်လွန်သူ ဦးခင်မောင်၏
တရားဝင်ကိုယ်စားလှယ်)

**အယူခံတရားလို** **အယူခံတရားပြိုင်များ**

၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်နေ့စွဲပါ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်မှ ၂၀၁၁ ခုနှစ်၊ တရားမကြီးမှု အမှတ် ၂၈၃ ကို အယူခံမှု။

အယူခံတရားပြိုင်အမှတ် (၃) ဒေါ်အမာ၊ နယ်မြေ (၃)၊ အမှတ် (၁၂)၊ စိုက်ပျိုးရေးရပ်ကွက်၊ အေးသာယာမြို့သစ်၊ တောင်ကြီးမြို့ (ယခင်လိပ်စာ၊ ယခုလိပ်စာမသိ)နေ သိစေရမည်။

ယခုအမှုတွင် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်က ချပေးသည့် ဒီကရီကို အယူခံတရားလိုက အယူခံရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုအယူခံမှုကို ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်နေ့တွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက်ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူကိုယ်စားလှယ်ဖြစ်စေ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်ကအယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကိုအမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ကန့်ကွက်လိုလျှင် အမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ချိန်းဆိုထားသည့်အချိန်အတွင်း သင်က ကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြား အစီရင်ခံစာတင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်နေ့ ဤရုံးတော်တံဆိပ် ရိုက်နှိပ်၍ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(တင်မေလတ်)
လက်ထောက်ညွှန်ကြားရေးမှူး
တရားမတရားစီရင်ရေးဌာန
ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

## တရားမကျင့်ထုံးကိုဥပဒေအမိန့် -၅ နည်းဥပဒေ-၂၀)

## ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံး

## ၂၀၂၃ ခုနှစ်၊ တရားမကြီးအမှုအမှတ် - ၁၈

ဦးကျော်ကျော်လွင် **နှင့်** ဒေါ်မြသွေး
**(တရားလို)** **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၈)ရပ်ကွက်၊ အင်ကြင်းလမ်း၊ အမှတ် (၄၅) နေ ဒေါ်မြသွေး(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌တရားလိုက "မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ပြုလုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ (သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ သင်ကိုယ်စားရုံးတော် အခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ သို့တည်း မဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက်ဖြစ်စေ၊ ၎င်းရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၄ ရက် (၁၃၈၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ပါနေ့တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့် အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်၊ သင်က ထုချေလွှာတင်သွင်းလိုပါလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၃ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဉာဏ်လင်းထက်)**
**မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံး**

## ကရင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဘားအံမြို့

## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၃-၂၀၂၄ခုနှစ်၊ ဘဏ္ဍာရေးနှစ်အတွင်း ကရင်ပြည်နယ်အစိုးရအဖွဲ့ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် အောက်ဖော်ပြပါလုပ်ငန်းအား လုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံသားလုပ်ငန်းရှင်များသို့ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ကြာအင်းဆိပ်ကြီးခရိုင် - စုပေါင်းရုံး(၂)ထပ်တည်ဆောက်ခြင်း (၂၂၀၀၀)စတုရန်းပေ (RC)

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ရုံးချိန်အတွင်း အောက်ပါအတိုင်း လာရောက်ဝယ်ယူနိုင်ပါသည်-

(က) **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၁၆-၈-၂၀၂၃ရက်
(ခ) **တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်းရမည့်ရက်** - ၃၀-၈-၂၀၂၃ရက်
(ဂ) **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၅-၉-၂၀၂၃ရက်၊ (အင်္ဂါနေ့) ၁၀:၀၀နာရီ

အသေးစိတ်အချက်အလက်များသိရှိလိုပါက ကရင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၊ တယ်လီဖုန်း-၀၅၈-၂၁၈၈၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ကရင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ ကေတုမတီမြို့၊ အမှတ်(၃၁)၊ နန္ဒကျော်ထင်လမ်း၊ တပင်ရွှေထီး ရပ်ကွက်နေ ဒေါ်အေးအေးဝင်း (ဘ) ဦးကိုမောင် ၂/လကန(နိုင်)၀၄၁၅၄၃ သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည် အမှတ်အသားကို တောင်ငူမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် တစ်ဦးတည်းမူပိုင်အဖြစ် သုံးစွဲရန်တရားဝင်မှတ်ပုံတင်ပြီးဖြစ်ပါသည်-




အထက်ဖော်ပြပါ အမှတ်တံဆိပ်အမည်အမှတ်အသားကို အသုံးပြု၍ မုန့်ဖတ်ခြောက်၊ မုန့်ဟင်းခါးခြောက် စားသောက်ကုန်များကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တဝန်းတွင် ထုတ်လုပ်ဖြန့်ချိရောင်းချသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ တံဆိပ်အမှတ်အသားကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ဆင်တူယိုးမှားထင်ယောင်ထင်မှားဖြစ်စေရန်နှင့် တုပသုံးစွဲခြင်းမပြုလုပ်ကြပါရန် သတိပေးတားမြစ်အပ်ပါသည်။ အဆိုပါတားဖြစ်ချက်များကို လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူမည်ဖြစ်ပါကြောင်းကို တင်အသိပေးကြေညာအပ်ပါသည်။ ၎င်းတံဆိပ်အမှတ်အသားနှင့် ပတ်သက်၍(အမည်တူ)ကန့်ကွက်လိုပါက သတင်းစာပါရှိသည့်ရက်မှစတင်၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်အေးအေးဝင်း ၂/လကန(နိုင်)၀၄၁၅၄၃**
**ဖုန်း - ၀၉-၄၅၄၆၀၈၉၉၄**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

## (တရားမကျင့်ထုံးဥပဒေအမိန့် - ၅၊ နည်းဥပဒေ - ၁ နှင့် ၅ )

## ဇေယျာသီရိခရိုင်တရားရုံးတော်

## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၂

ဦးအောင်ကျော်ဆန်း **နှင့်** (၁) ဦး L ဇော်ရာ
(၂) ဦးစိန်ဝင်း
(၃) ဦးဇန်လျန်ဆန်း

**တရားလို** **တရားပြိုင်များ**

ယခင်က (၁) ဦးLဇော်ရာ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ကံ့ကော်အိမ်ရာ၊ အခန်း (၁၁)၊ တိုက်(၂၃၉)ရပ်နေ၊ (၂) ဦးစိန်ဝင်း နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ သုခဒီပရပ်ကွက်၊ စစ်တောင်း(၁၅)လမ်း၊ အမှတ် (၂၂၉၇၇)ရပ်နေနှင့် (၃) ဦးဇန်လျန်ဆန်း နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ သုခဒီပရပ်ကွက်၊ အမှတ် (၁၁/ပုဗ္ဗသီရိမြောက်)ရပ်နေ (ယခုနေရပ် လိပ်စာမသိသူများ) သိစေရမည်။

သင့်အပေါ်၌ ဦးအောင်ကျော်ဆန်းက မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုအရ လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ခုနှစ်၊ ဩဂုတ်လ ၃၀ ရက် (၁၃၈၅ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်နေ့) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင်အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စား လှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၃ခုနှစ်၊ ဩဂုတ်လ ၁၀ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မျိုးကျော်အောင်)**
**ခရိုင်တရားသူကြီး**
**ဇေယျာသီရိခရိုင်တရားရုံး**

## စာအုပ်စာပေ လူ့မိတ်ဆွေ

## အမည်မှန်နှင့် ဖခင်အမည်မှန်

သဲကုန်းမြို့နယ်၊ ပုတီးကုန်းမြို့၊ မြို့မ (၈)လမ်းနေ အလက လင်းလဲကျောင်းမှ ဒုမှူးပြဒေါ်ရည်မြတ်မွန်၏ အမည်မှန်မှာ ဒေါ်ရီမြတ်မွန် ၇/သကန(နိုင်)၁၀၃၈၉၉ ဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးကြံရှင်(ခ)ဦးကျန်ရှင် ဖြစ်ပါကြောင်း။

## မိဘအမည်မှန်

ပြင်ဦးလွင်မြို့နယ်၊ နယ်လ်ဆင်ကိုယ်ပိုင်အထက်တန်းကျောင်း Grade-2 မှ မောင်ရဲရင့်ထူး၏ မိဘအမည်မှန် မှာ ဦးဝင်းမိုးထွဋ် ၁၂/ဗတထ(နိုင်)၀၀၉၀၆၆နှင့် ဒေါ်အိအိခိုင် ၁၂/ဒဂတ(နိုင်)၁၂၄၂၇ ဖြစ်ပါကြောင်း။

**ဦးဝင်းမိုးထွဋ်-ဒေါ်အိအိခိုင်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 81W/56286 CPM SAWARDEE 115 ယာဉ်လက်ဝယ်ရှိသူ ဦးလှနိုင် ၁၄/မအပ(နိုင်)၁၇၅၃၆၇ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မအူပင်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9D/3319, Toyota Probox NCP 51, STATION WAGON (4x2)(R) ယာဉ်လက်ဝယ်ရှိသူ ဦးပိုင်ဇင်ဦး ၁၂/ဒပန(နိုင်)၀၅၇၀၃၂ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း) ရန်ကုန်မြို့**

## မိဘအမည်မှန်

တောင်ကြီးမြို့နယ်၊ အထက (ပန်သခွား) Grade-10 မှ ခွန်အောင်သူရဦး နှင့် နန်းခမ်းစိန်ရောင် တို့၏ မိဘ အမည်မှန်မှာ ဦးလှကျော် ၁၃/တကန(နိုင်)၁၂၇၄၅၃ -နန်းမူတန်း ၁၃/တကန(နိုင်)၁၂၇၄၅၅ ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

ပင်လောင်းမြို့နယ်၊ နောင်တရားမြို့၊ ဘုရားဖြူကျေးရွာအုပ်စု၊ နောင်တော(တောင်) ရွာနေ ဦးမြသောင်း၏ သား ဦးပေါစိန် ၁၃/ ပလန(နိုင်)၀၂၂၃၀၈၏ မွေးသက္ကရာဇ် အမှန်မှာ ၂၉-၉-၁၉၆၂ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8B/2108 ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်လှ ၂/လကန(နိုင်)၀၁၀၉၈၇က(ကမ-၃) ပျောက် ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊လှိုင်ကော်**

## အမည်မှန်ဖြစ်ပါကြောင်း

အထက (၁၉) လှိုင်သာယာ (န)မှ ဒေါ်မေဇင်ငြိမ်း လက်ထောက်မူပြ၏ အမည်မှန်မှာ တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်နှင့် အမှုထမ်း စာအုပ်အရ စာလုံးပေါင်းသတ်ပုံ မှန်မှာ ဒေါ်မေဇင်ငြိမ်း ဖြစ်ပါသည်။

**ဒေါ်မေဇင်ငြိမ်း**
**အထက (၁၉) လှိုင်သာယာ(န)**

## မွေးသက္ကရာဇ်နှင့် အမည်မှန်ဖြစ်ပါကြောင်း

အထက (၁၉) လှိုင်သာယာ (န)မှ ဒေါ်စုညီမ်းယု မူပြ၏ အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်မှာ တက္ကသိုလ် ဝင်တန်းအောင်လက်မှတ်နှင့် အမှုထမ်း စာအုပ်အရ (ဒေါ်စုညီမ်းယု) မွေးသက္ကရာဇ်မှာ ၁၆-၁၂-၁၉၈၀) မှာ အမှန်ဖြစ်ပါသည်။

**ဒေါ်စုညီမ်းယု (မူပြ)**
**အထက (၁၉) လှိုင်သာယာ (န)**

## မွေးသက္ကရာဇ်အမှန် ဖြစ်ပါကြောင်း

အထက(၁၉) လှိုင်သာယာ(န)မှ ဒေါ်ကေသွယ်ဦး အထက်တန်းပြ၏ မွေးသက္ကရာဇ်အမှန်မှာ တက္ကသိုလ် ဝင် တန်းအောင်လက်မှတ်နှင့် အမှုထမ်းစာအုပ်အရ ၈-၇-၁၉၇၅ ဖြစ်ပါ ကြောင်း။ **ဒေါ်ကေသွယ်ဦး**
**အထက(၁၉)လှိုင်သာယာ(န)**

## မွေးသက္ကရာဇ် အမှန်ဖြစ်ပါကြောင်း

အထက(၁၉) လှိုင်သာယာ(န)မှ ဒေါ်သန္တာမြင့် (အထက်တန်းပြ)၏ မွေးသက္ကရာဇ်အမှန်မှာ တက္ကသိုလ် ဝင်တန်း အောင်လက်မှတ်နှင့် အမှုထမ်းစာအုပ်အရ ၁၉-၅-၁၉၈၀ ဖြစ်ပါကြောင်း။ **ဒေါ်သန္တာမြင့်**
**အထက(၁၉) လှိုင်သာယာ(န)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇ဖယ/၃၂၉၂၅ ယာဉ်လက်ဝယ်ရှိသူ ဦးဖွဲ့သက်ပိုင်စိုး ၁၀/မဒန(နိုင်)၂၂၅၀၅၅ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 33W/61590, Honda Click 150, M/C ယာဉ်လက်ဝယ်ရှိသူ Khin Thet Htar Co.,Ltd. က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 58W/49404, Kenbo-125, M/C ယာဉ်လက်ဝယ် ရှိသူ Aung Kanbo Co.,Ltd. က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ် ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## ဆရာအတတ်ပညာဦးစီးဌာန
## နေပြည်တော်
## နည်းပြ၊ သရုပ်ပြ လျှောက်လွှာခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန၊ ဆရာအတတ်ပညာဦးစီးဌာနရှိ ပညာရေးဒီဂရီကောလိပ်များတွင် နည်းပြ၊ သရုပ်ပြ ရာထူးနေရာများ လစ်လပ်လျက်ရှိပါသဖြင့် လျှောက်ထားလိုသူများသည် လျှောက်လွှာများကို နီးစပ်ရာပညာရေးဒီဂရီကောလိပ်များတွင် အခမဲ့ရယူ၍ လျှောက်ထားနိုင်ကြပါသည် -

၂။ လျှောက်ထားသူသည် -

(က) တည်ဆဲနိုင်ငံသားဖြစ်မှုဥပဒေနှင့်ကိုက်ညီသောနိုင်ငံသားဖြစ်ရမည်။

(ခ) စာပေဘာသာရပ်များ (မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒ၊ ပထဝီဝင်၊ သမိုင်း၊ ဘောဂဗေဒ) အတွက် ပါရဂူဘွဲ့ (သို့မဟုတ်) မဟာသုတေသနဘွဲ့ (M.Res) (သို့မဟုတ်) မဟာဘွဲ့ရရှိသူ ဖြစ်ရမည်။

(ဂ) ပညာရေးဘာသာရပ်များ(ပညာရေးသဘောတရား၊ ပညာရေးစိတ်ပညာ)နှင့် သင်ပြနည်းဘာသာရပ်များ (မြန်မာစာ၊ အင်္ဂလိပ်စာ၊ ကွန်ပျူတာ၊ သင်္ချာ၊ သိပ္ပံ၊ ပထဝီဝင်၊ သမိုင်း)အတွက် မဟာပညာရေးဘွဲ့ (သို့မဟုတ်)ပညာရေးဘွဲ့၊ ကွန်ပျူတာ ဘာသာရပ်ဆိုင်ရာ မဟာဘွဲ့ရရှိသူဖြစ်ရမည်။

(ဃ) ပညာရေးဖွံ့ဖြိုးမှုဘာသာရပ်များအတွက် (စက်မှု၊ အိမ်တွင်းမှု၊ ပန်းချီ၊ ဂီတ၊ ကာယ၊ စိုက်ပျိုးရေး) ပညာရေးဘွဲ့ရရှိပြီး(သို့မဟုတ်) သက်ဆိုင်ရာဖွံ့ဖြိုးရေးဘာသာရပ်ဘွဲ့ရရှိပြီးသူ ဖြစ်ရမည်။

(င) **၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ(၃၀)ရက်နေ့တွင်** သတ်မှတ်ထားသော ဘာသာရပ်များ၌ ပါရဂူဘွဲ့ရရှိပြီးသူများဖြစ်ပါက အသက်(၄၀)နှစ်ထက် မကျော်လွန်သူ၊ မဟာသုတေသနဘွဲ့(M.Res)၊ မဟာပညာရေးဘွဲ့၊ မဟာဘွဲ့၊ ပညာရေးဘွဲ့ရရှိပြီးသူများဖြစ်ပါက အသက်(၃၈)နှစ်ထက် မကျော်လွန်သူ၊ သက်ဆိုင်ရာဖွံ့ဖြိုးရေးဘာသာရပ်ဘွဲ့ရရှိပြီးသူများဖြစ်ပါက အသက်(၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(စ) ဒေသမရွေးတာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများသည် နည်းပြ၊ သရုပ်ပြ အဖြစ်ပြောင်းလဲ တာဝန်ထမ်းဆောင်လိုပါက မိမိတာဝန်ထမ်းဆောင်နေသည့် ဦးစီးဌာနမှ ခွင့်ပြုချက်ရယူပြီး နီးစပ်ရာပညာရေးဒီဂရီကောလိပ်များသို့ တိုက်ရိုက်လျှောက်ထား၍ စာမေးပွဲဝင်ရောက်ဖြေဆိုနိုင်သည်။

၄။ အခြားဝန်ကြီးဌာနများမှ နိုင်ငံ့ဝန်ထမ်းများသည် သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီမှုရှိပါက မိမိတာဝန်ထမ်းဆောင်နေသည့် ဦးစီးဌာနမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူ၍ နီးစပ်ရာပညာရေးဒီဂရီကောလိပ်များသို့ တိုက်ရိုက်လျှောက်ထား၍ စာမေးပွဲဝင်ရောက်ဖြေဆိုနိုင်သည်။

၅။ လျှောက်လွှာပုံစံနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲတင်ပြရမည် -

(က) ပညာအရည်အချင်း အထောက်အထားအတွက် ဘွဲ့လက်မှတ်နှင့် အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်မိတ္တူ

(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ

၆။ **လျှောက်လွှာများကို (၁၄-၉-၂၀၂၃)ရက် (ကြာသပတေးနေ့)နောက်ဆုံးထား၍** လူကိုယ်တိုင်ဖြစ်စေ၊ အမြန်ချောပို့ဖြင့်ဖြစ်စေ နီးစပ်ရာပညာရေးဒီဂရီကောလိပ်များသို့ ပေးပို့ လျှောက်ထားနိုင်သည်။

၇။ သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီသည့် လျှောက်ထားသူများသည် မိမိလျှောက်လွှာ တင်သွင်းခဲ့သည့် သက်ဆိုင်ရာ ပညာရေးဒီဂရီကောလိပ်များတွင် အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ရေးဖြေစာမေးပွဲ ဝင်ရောက်ဖြေဆိုရမည်၊ ဖြေဆိုရမည့်ခုံအမှတ်နှင့် နေရာကို သက်ဆိုင်ရာပညာရေးဒီဂရီကောလိပ်များတွင် ကြေညာမည်ဖြစ်ပါသည် -

**(က) မြန်မာစာ (၃-၁၀-၂၀၂၃) နံနက်(၉)နာရီမှ (၁၀)နာရီ**

**(ခ) အင်္ဂလိပ်စာ (၃-၁၀-၂၀၂၃) နံနက်(၁၀)နာရီမှ (၁၁)နာရီ**

**(ဂ) အထွေထွေဗဟုသုတ(၃-၁၀-၂၀၂၃)နံနက်(၁၁)နာရီမှ (၁၂)နာရီ**

၈။ လူတွေ့စာမေးပွဲများကို သက်ဆိုင်ရာပညာရေး ဒီဂရီကောလိပ်များတွင် (၇-၁၀-၂၀၂၃) ရက်နေ့မှ (၈-၁၀-၂၀၂၃)ရက်နေ့များတွင် ကျင်းပမည်ဖြစ်ပါသည်။

**ဆရာအတတ်ပညာဦးစီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## အလုပ်သမားဝန်ကြီးဌာန
## အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန
## ဝန်ထမ်းများလျှောက်လွှာခေါ်ယူခြင်း
## ၁၃၈၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁ ရက်
## (၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂ ရက်)

၁။ အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများတွင် သတ်မှတ်အရည်အချင်း ပြည့်မီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ရာထူး | ရာထူးနေရာ | ပညာအရည်အချင်း သတ်မှတ်ချက် |
|---|---|---|---|
| (က) | ဒုတိယဦးစီးမှူး (၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) | ၅ နေရာ | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ (ဥပဒေဘွဲ့၊ ကွန်ပျူတာဘွဲ့ ရရှိပြီးသူများကို ဦးစားပေးခန့်ထားမည်။) |
| (ခ | အငယ်တန်းစာရေး (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ၂၁ နေရာ | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ |

၂။ လျှောက်ထားသူများသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက ၃၁-၈-၂၀၂၃ ရက်နေ့တွင် အသက် (၁၈) နှစ်ပြည့်ပြီး (၃၀) နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။ ဤဦးစီးဌာနမှ ဝန်ထမ်းဖြစ်ပါက အသက်(၃၅) နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(ဂ) ကျန်းမာရေးကောင်းမွန်ပြီး နေရာဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။ အနည်းဆုံး(၅)နှစ် တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ဝန်ခံကတိလက်မှတ်ရေးထိုးနိုင်ရမည်။

(ဃ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ် (Dismissal) ခြင်း၊ ရာထူးမှထုတ်ပယ် (Removal) ခြင်း၊ ရာထူးခန့်ထားခြင်းမှ အမိန့်စာ ပယ်ဖျက်ခံရသူများ လျှောက်ထားခွင့်မရှိပါ။

၃။ လျှောက်လွှာတွင် အောက်ပါအချက်များကို ပြည့်စုံစွာဖော်ပြရမည်-

(က) လျှောက်ထားသူအမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ်

(ခ) မွေးသက္ကရာဇ်(အသက်)

(ဂ) လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ

(ဃ) ပညာအရည်အချင်း၊ အောင်မြင်သည့်ခုနှစ်နှင့် အောင်မြင်ခဲ့သည့် ကျောင်း/ တက္ကသိုလ်

(င) အဖအမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်

(စ) ဝန်ထမ်းဖြစ်လျှင် အလုပ်အကိုင်ရာထူးနှင့် ဌာန

(ဆ) ဝန်ထမ်းမဟုတ်လျှင် အလုပ်သမားမှတ်ပုံတင်အမှတ်နှင့် မှတ်ပုံတင်သည့်ရက်စွဲ

(ဇ) ဆက်သွယ်ရန်လိပ်စာနှင့် တယ်လီဖုန်းအမှတ်

(ဈ) အမြဲတမ်းနေရပ်လိပ်စာ (အပြည့်အစုံ)

၄။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ စာရွက်စာတမ်းများ ပူးတွဲတင်ပြရမည်-

(က) အမှတ်စဉ် (၁)(က)(ခ) ပညာအရည်အချင်းအတွက် ဘွဲ့လက်မှတ်မိတ္တူ (ဖြေဆိုခွင့်ကတ်ပြားထုတ်ယူချိန်တွင် မူရင်းတင်ပြနိုင်ရမည်။)

(ခ) အမှတ်စဉ် (၁)(က)(ခ)အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ (ဖြေဆိုခွင့်ကတ်ပြားထုတ်ယူချိန်တွင် မူရင်းတင်ပြနိုင်ရမည်။)

(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ(ဖြေဆိုခွင့်ကတ်ပြားထုတ်ယူချိန်တွင် မူရင်းတင်ပြနိုင်ရမည်။)

(ဃ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် အလုပ်သမားမှတ်ပုံတင်မိတ္တူ (ဖြေဆိုခွင့်ကတ်ပြားထုတ်ယူချိန်တွင် မူရင်းတင်ပြနိုင်ရမည်။)

(င) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာမြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ (၁)လအတွင်း ရရှိသည့် ထောက်ခံချက်မူရင်း

(စ) ကျန်းမာရေးကောင်းမွန်ကြောင်း ကျန်းမာရေးဦးစီးဌာန၏ ဆေးစစ်ချက်ပုံစံမူရင်း

(ဆ) လွန်ခဲ့သော (၁) လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၄) ပုံ (၁$\frac{1}{2}$" x ၁$\frac{3}{4}$"(ကျောဘက်တွင် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးရန်)

(ဇ) တာဝန်ကျရာ မည်သည့်ဒေသမဆို သွားရောက်နိုင်ကြောင်း ကတိပြုလွှာ

(ဈ) အစိုးရဌာနတစ်ခုခုတွင် တာဝန်ထမ်းဆောင်နေသူဖြစ်လျှင် လက်ရှိ တာဝန်ထမ်းဆောင်လျက်ရှိသော ရာထူး၊ လစာနှုန်း၊ ဌာနနှင့် အဖွဲ့အစည်း အမည်နှင့် ဝန်ကြီးဌာနအဖွဲ့အစည်း၏ ခွင့်ပြုမိန့်မူရင်း

၅။ လျှောက်ထားသူများသည် လျှောက်လွှာပုံစံများအား အလုပ်သမားဝန်ကြီးဌာန Website www.mol.gov.mm တွင် download ရယူ၍ ထုတ်ယူ လျှောက်ထားနိုင်သည်။

၆။ လျှောက်လွှာများကို အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန၊ ရုံးချုပ်၊ နေပြည်တော်၊ ရုံးအမှတ် (၅၁) သို့ ပေးပို့လျှောက်ထားနိုင်ပြီး ၃၁-၈-၂၀၂၃ ရက်နေ့ ရုံးချိန်အတွင်း နောက်ဆုံးထားလျှောက်ထားရမည်။ သတ်မှတ်ချက်နှင့် မကိုက်ညီသူများနှင့် သတ်မှတ်ရက်ထက် နောက်ကျရောက်ရှိသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၇။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ၂-၉-၂၀၂၃ ရက်နေ့နှင့် ၃-၉-၂၀၂၃ ရက်နေ့ ရုံးချိန်အတွင်း ထုတ်ပေးမည်ဖြစ်ပြီး ဘွဲ့လက်မှတ်မူရင်း၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့် အလုပ်သမားမှတ်ပုံတင်မူရင်းတို့ မတင်ပြနိုင်ပါက ဖြေဆိုခွင့်ကတ်ပြား ထုတ်ပေးမည်မဟုတ်ပါ။

၈။ လျှောက်ထားသူများသည် အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတနှင့် ကွန်ပျူတာဘာသာရပ်စသည့်အရည်အချင်းစစ်စာမေးပွဲအား ဖြေဆိုရမည်ဖြစ်ပါသည်။

၉။ ဖြေဆိုခွင့်ရရှိသူအမည်စာရင်းနှင့် ခုံနံပါတ် တို့ကို ရုံးအမှတ်(၅၁)၊ အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန၊ အလုပ်သမားဝန်ကြီးဌာန ကြော်ငြာသင်ပုန်းနှင့် ဝန်ကြီးဌာန Website www.mol.gov.mm တွင် ကြေညာပေးထားမည်ဖြစ်ပါသည်။

၁၀။ အရည်အချင်းစစ်စာမေးပွဲအစီအစဉ် -

**ဒုတိယဦးစီးမှူးရာထူး**

(က) ၆-၉-၂၀၂၃ ရက်နေ့၊ နံနက် ၉:၃၀ နာရီမှ ၁၁:၃၀ နာရီအထိ အထွေထွေဗဟုသုတ မေးခွန်းလွှာ၊ မွန်းလွဲ ၁၃:၀၀ နာရီမှ၁၅:၀၀ နာရီအထိ အင်္ဂလိပ်စာမေးခွန်းလွှာ

(ခ) ၇-၉-၂၀၂၃ ရက်နေ့၊ နံနက် ၀၉:၃၀ နာရီမှ ၁၁:၃၀ နာရီအထိ ကွန်ပျူတာစစ်ဆေးခြင်း

**အငယ်တန်းစာရေးရာထူး**

(က) ၁၃-၉-၂၀၂၃ ရက်နေ့၊ နံနက် ၉:၃၀ နာရီမှ ၁၁:၃၀ နာရီအထိ အထွေထွေဗဟု သုတမေးခွန်းလွှာ၊ မွန်းလွဲ ၁၃:၀၀ နာရီမှ၁၅:၀၀ နာရီအထိ အင်္ဂလိပ်စာမေးခွန်းလွှာ

(ခ) ၁၄-၉-၂၀၂၃ ရက်နေ့၊ နံနက် ၉:၃၀ နာရီမှ ၁၁:၃၀ နာရီအထိ ကွန်ပျူတာစစ်ဆေးခြင်း

၁၁။ အရည်အချင်းစစ်ဆေးရေးစာမေးပွဲကို ရုံးအမှတ်(၅၁)၊ အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာန၊ အလုပ်သမားဝန်ကြီးဌာန၊ နေပြည်တော်တွင် ကျင်းပပြုလုပ်ပါမည်။ အသေးစိတ်သိရှိလိုပါက အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)၊ စီမံရေးရာဌာနခွဲ ဖုန်း-၀၆၇-၃၄၃၀၂၈၆ နှင့် ၀၆၇-၃၄၃၀၂၉၃ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

ကန့်ဘလူမြို့၊ အမှတ်(၂) ရပ်ကွက်၊ အကွက်အမှတ်(၃၆၇၅)၊ အကွက်အမည်(ဇီးတောကွင်း)၊ ဦးပိုင်အမှတ်(၂/၄၅)၊ မြေကွက်အမှတ်(၃/၁၉၂)၊ ဧရိယာ(၀.၆၈)ဧကကို ပိုင်ရှင်အမည်ပြောင်းရန်၊ ကန့်ဘလူမြို့၊ အမှတ်(၅) ရပ်ကွက်နေ ဦးမင်းမင်းထွေးမှ လျှောက် ထား လာ သ ည့် အ တွ က် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူရှိပါက ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ (၂၉)ရက်နေ့ မတိုင်မီ ဆိုင်ရာ စာရွက်စာတမ်းများနှင့်အတူ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြော်ငြာလိုက်သည်။

**အုပ်ချုပ်ရေးမှူး၊**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊**
**ကန့်ဘလူမြို့**

## ဘိုးဘပိုင်အမည်ပြောင်း လျှောက်ထားကြောင်း ကြော်ငြာစာ

ကျိုက်ထိုမြို့နယ်၊ တောင်သူစုရပ်ကွက်၊ သဇင်လမ်း၊ အကွက်အမှတ်(၂၅)၊ တောင်သူစုအကွက် ဦးပိုင်အမှတ်(၂၅ᵃ)၊ မြေဧရိယာ (၀.၁၈၇) ဧကရှိ မြေကွက်အား မူလပိုင်ရှင်ဖြစ်သူ ဦးသက်နိုင်ဦး အမည်မှ ဒေါ်သန်းသန်းမြင့်၏ အမည်သို့ ပြောင်းလဲပေးပါရန် ကျိုက်ထိုမြို့နယ် လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာန၏ (၁-က) စာရင်းတွင် ၂၀၂၃ခုနှစ်၊ ဩဂုတ်လ ၁၃ရက်မှ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၀ရက်နေ့မတိုင်မီ ရက်ပေါင်း (၃၀)အတွင်း မည်သူမဆို အထောက်အထား ခိုင်လုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်
**စာရင်းအင်းဦးစီးဌာနမှ**
**ကျိုက်ထိုမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာချက်

စစ်တွေမြို့၊ ဆတ်ရိုးကျရပ်ကွက်နေ ဦးသန်းဝင်း ၁၁/စတန(နိုင်)၀၃၄၃၉၀က စစ်တွေမြို့၊ အနောက်စံပြရပ် ကွက်၊ အကွက်အမှတ်(၄၃)၊ ဂျိန်ခါနာ အနောက်အကွက်၊ ဦးပိုင်အမှတ် (၁၁-ဌ)၊ မြေဧရိယာ(၀.၀၂၇၅)ဧကအား လူနေအိမ်ဆောက် လုပ်နေထိုင်ရန်အတွက် မြေငှားဂရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ကန့်ကွက်လွှာတင်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ စစ်တွေမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5K/6212, Mitsubishi Canter FE & 4 B/Van(4X2) ယာဉ်လက်ဝယ်ရှိသူ ဦးကျော် စိန်ဝင်း ၁၂/သဃက(နိုင်)၁၅၃၈၇၅ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံးခွဲ**
**(ရွှေသာကြီး) ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 60W/99005, Honda Wave-110, M/C ယာဉ်လက်ဝယ် ရှိသူ ဦးစိုးသူဟိန်း ၁၄/ကကတ(နိုင်) ၁၇၆၇၇၅ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 23W/46516 ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ထွန်း ၇/ပခန(နိုင်)၁၅၃၄၇၀ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 66W/66398 ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းနောင်လတ် ၇/သနပ(နိုင်)၁၂၄၆၄၉ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ပဲခူး)**

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
## ပြန်လည်ထူထောင်ရေးဦးစီးဌာန
## လျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်လည်ထူထောင်ရေးဦးစီးဌာန(ရုံးချုပ်)၊ တိုင်းဒေသကြီး/ပြည်နယ်များရှိ စခန်း/ဂေဟာများတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများ အတွက် လျှောက်လွှာတင်သွင်းနိုင်ပါသည် -

| စဉ် | ရာထူး(လစာနှုန်း) | လစ်လပ်ဦးရေ | ပညာအရည်အချင်း |
|---|---|---|---|
| (က) | အငယ်တန်းစာရေး (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ၃၀ဦး | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူ |
| (ခ) | ပစ္စည်းထိန်း-၅ (၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀) | ၁၀ ဦး | အခြေခံပညာ အထက်တန်းအဆင့် |
| (ဂ) | ယာဉ်မောင်း-၅ (၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀) | ၅ ဦး | အခြေခံပညာ မူလတန်းအဆင့်/ ယာဉ်မောင်းလိုင်စင်(ခ) ရရှိသူ |

၂။ လျှောက်ထားသူများသည် -
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊
- (ခ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်၊
- (ဂ) ( ၈-၉-၂၀၂၃)ရက်နေ့တွင် အသက်(၂၈)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်၊
- (ဃ) ဌာနတွင် အနည်းဆုံး (၃)နှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်၊
- (င) လုပ်ငန်းလိုအပ်ချက်အရ တိုင်းဒေသကြီး / ပြည်နယ်များရှိ စခန်း/ ဂေဟာများတွင် တာဝန်ထမ်းဆောင်နိုင်ရမည်၊
- (စ) ဌာန၌လက်ရှိတွင်ဝန်ထမ်းအိမ်ရာမစီစဉ်ပေးနိုင်သဖြင့် မိမိအစီအစဉ်နှင့် နေထိုင်နိုင်သူဖြစ်ရမည်။

၃။ အငယ်တန်းစာရေးရာထူးအတွက် ရေးဖြေစာမေးပွဲကို နေပြည်တော်တွင် (၁၆-၉-၂၀၂၃)ရက်နေ့၌ ဖြေဆိုရမည်ဖြစ်ရာ ဖြေဆိုခွင့်လက်မှတ်များကို ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ရုံးအမှတ် (၂၃)တွင် (၁၃-၉-၂၀၂၃) ရက်နေ့မှ (၁၅-၉-၂၀၂၃)ရက်နေ့ထိ ရုံးချိန်အတွင်းထုတ်ပေးမည်ဖြစ်ပြီး မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတ ဘာသာရပ်များကို ရေးဖြေစာမေးပွဲ ဖြေဆိုသွားရန်နှင့် ရေးဖြေစာမေးပွဲအောင်မြင်သူများကို (၂၃-၉-၂၀၂၃)ရက်နေ့တွင် လူတွေ့စစ်ဆေး ရွေးချယ်ခန့်အပ်သွားမည်ဖြစ်ပါသည်။

၄။ ပစ္စည်းထိန်း-၅ ရာထူးနှင့် ယာဉ်မောင်း-၅ ရာထူးနေရာများအတွက် (၁၇-၉-၂၀၂၃)ရက်နေ့တွင် လူတွေ့စစ်ဆေးရွေးချယ်ခန့်အပ်သွားမည်ဖြစ်ပါသည်။

၅။ လျှောက်ထားသူသည် လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ အထောက်အထားများ ပူးတွဲတင်ပြရမည် -
- (က) ကိုယ်တိုင်ရေးလျှောက်လွှာ၊
- (ခ) ကိုယ်ရေးရာဇဝင်အကျဉ်း၊
- (ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊
- (ဃ) ဘွဲ့လက်မှတ်မိတ္တူနှင့်(၁၀)တန်းအောင်လက်မှတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)၊ (အငယ်တန်းစာရေးရာထူး အတွက်သာ)
- (င) ပညာအရည်အချင်းအတွက် အထောက်အထား၊ အောင်မြင်ခဲ့သည့် ကျောင်းထောက်ခံစာတစ်ခုခု တင်ပြရန်၊ (ပစ္စည်းထိန်း- ၅ နှင့် ယာဉ်မောင်း-၅ အတွက်သာ)
- (စ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်ထောက်ခံချက်မူရင်း၊
- (ဆ) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ထောက်ခံချက်မူရင်း (လွန်ခဲ့သော တစ်လအတွင်း)၊
- (ဇ) အလုပ်သမားမှတ်ပုံတင်ကတ်ပြားမူရင်းနှင့်မိတ္တူ၊
- (ဈ) ပတ်(စ်)ပို့ဓာတ်ပုံ(၃)ပုံ (လွန်ခဲ့သော ၆ လခန့်) (ဓာတ်ပုံကျောဘက်တွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ်ရေးရန်)၊
- (ည) ကျန်းမာရေးကောင်းမွန်ကြောင်း ဆေးထောက်ခံချက် မူရင်း၊
- (ဋ) အိမ်ထောင်စုစာရင်းမူရင်းနှင့်မိတ္တူ၊
- (ဌ) အခြားတက်ရောက်ထားသည့် သင်တန်းများရှိပါက သင်တန်းဆင်း လက်မှတ်များ၊
- (ဍ) ယာဉ်မောင်းလိုင်စင် (မူရင်းနှင့်မိတ္တူ) (ယာဉ်မောင်း-၅ ရာထူး အတွက်သာ)

၆။ အရည်အချင်းသတ်မှတ်ချက်နှင့် မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်၊ စာတမ်းအချက်အလက်နှင့် မပြည့်စုံသူများနှင့် သတ်မှတ်ရက်ထက် နောက်ကျရောက်ရှိလာသော လျှောက်လွှာများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။ အသေးစိတ်သိရှိလိုပါက ပြန်လည်ထူထောင်ရေးဦးစီးဌာန(ရုံးချုပ်) ရုံးအမှတ် (၂၃)သို့ လူကိုယ်တိုင်ဖြစ်စေ ဖုန်း ၀၆၇-၃၄၀၄၅၉၅ ထံသို့ဖြစ်စေ ဆက်သွယ် မေးမြန်းနိုင်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## လျှောက်လွှာခေါ်ယူခြင်း
## ကြော်ငြာစာအမှတ် - ၁/၂၀၂၃
## ၁၃၈၅ ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၁၄ ရက်
## (၂၀၂၃ ခုနှစ် ဩဂုတ်လ ၁၅ ရက်)

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် လစာနှုန်း ကျပ် (၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) ရရှိသော အောက်ဖော်ပြပါ ဒုတိယဦးစီးမှူးရာထူး (၂၅၀) နေရာ အတွက် လျှောက်လွှာတင်သွင်းနိုင်ပါသည်-

| ပညာအရည်အချင်း | အရေအတွက် |
|---|---|
| (က) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူ (စီးပွားရေးတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူ သို့မဟုတ် တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီး စာရင်းကိုင် ဒီပလိုမာလက်မှတ်တစ်ခုခုရရှိပြီးသူ များအား ဦးစားပေးခန့်ထားမည်) | ၂၅၀ ဦး |

၂။ လျှောက်ထားသူသည် -
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊
- (ခ) **၁၅-၉-၂၀၂၃ ရက်နေ့**တွင် အသက်**(၂၇)နှစ်**ထက်မကျော်လွန်သူ ဖြစ်ရမည်၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက် (၃၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်၊
- (ဂ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်၊
- (ဃ) ကွန်ပျူတာကျွမ်းကျင်စွာအသုံးပြုနိုင်သူဖြစ်ရမည်၊
- (င) ပြည်တွင်းအခွန်များဦးစီးဌာန၊ ရုံးအမှတ်(၄၆)၊ နေပြည်တော် (ရုံးချုပ်)နှင့် အခွန်ထမ်းကိုယ်တိုင် အခွန်စည်းကြပ်သည့်စနစ် ကျင့်သုံးသည့်ရုံးများတွင် အမြဲတမ်းတာဝန်ထမ်းဆောင်နိုင် ရမည်၊
- (စ) ရွေးချယ်ခန့်ထားခြင်းခံရပါက ပြည်တွင်းအခွန်များဦးစီးဌာနတွင် အနည်းဆုံး (၅)နှစ် တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ကတိဝန်ခံချက် လက်မှတ်ရေးထိုးရမည်။

၃။ လျှောက်လွှာတွင်ပါရှိသောအချက်များကို ပြည့်စုံစွာရေးသွင်းရမည် ဖြစ်ပြီး လျှောက်လွှာပုံစံကို ပြည်တွင်းအခွန်များဦးစီးဌာန၏ Website ဖြစ်သည့် www.ird.gov.mm တွင် Download ရယူနိုင်ပါသည်။ (လျှောက်လွှာရောင်းချခြင်း / ထုတ်ပေးခြင်းမပြုပါ။)

၄။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲပါရှိ ရမည် -
- (က) ရက်သတ္တပတ်(၂)ပတ်အတွင်း ရိုက်ကူးထားသော (၁"x၁.၂၅") အရွယ် ပတ်စ်ပို့ဓာတ်ပုံ(၃)ပုံ
- (ခ) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ
- (ဂ) ဘွဲ့လက်မှတ်မိတ္တူ
- (ဃ) အလုပ်သမားမှတ်ပုံတင်မိတ္တူ
- (င) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ
- (စ) အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူ
- (ဆ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်(မူရင်း)
- (ဇ) ကျန်းမာကြောင်းဆေးလက်မှတ် (မူရင်း)
- (ဈ) သက်ဆိုင်ရာမြို့နယ်မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ပြစ်မှုကင်းရှင်း ကြောင်း ထောက်ခံချက် (မူရင်း)

၅။ လျှောက်လွှာကိုပြည်တွင်းအခွန်များဦးစီးဌာန၊ ရုံးအမှတ်(၄၆)၊ နေပြည်တော်(ရုံးချုပ်)သို့ လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့် ဖြစ်စေ၊ စာတိုက်မှဖြစ်စေ၊ အမြန်ချောပို့စနစ်ဖြင့်ဖြစ်စေ ၁၅-၉-၂၀၂၃ ရက်နေ့ ရုံးချိန်အတွင်း နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်။

၆။ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက လျှောက်လွှာအား သက်ဆိုင်ရာဝန်ကြီးဌာန/ အဖွဲ့အစည်း၏ ခွင့်ပြုချက်ဖြင့် တင်ပြလျှောက်ထားရမည်။

၇။ လျှောက်လွှာပိတ်ရက်ထက်ကျော်လွန်ပေးပို့လာသောလျှောက်လွှာ များ/ သတ်မှတ်စည်းကမ်းချက်နှင့် မကိုက်ညီသည့် လျှောက်လွှာများ/ ပြည့်စုံမှုမရှိသော လျှောက်လွှာများအား လက်ခံမည်မဟုတ်ပါ။

၈။ ရေးဖြေစာမေးပွဲတွင် မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတ ဘာသာရပ်များ ဖြေဆိုရမည်ဖြစ်ပြီး ရေးဖြေစာမေးပွဲကျင်းပမည့် နေ့ရက်နှင့်နေရာကို မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာ များတွင် ထပ်မံကြေညာပေးမည်။

၉။ ရေးဖြေစာမေးပွဲအောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးခြင်းနှင့် ကွန်ပျူတာကျွမ်းကျင်မှု စစ်ဆေးခြင်းများ ဆောင်ရွက်မည်ဖြစ်သည်။

၁၀။ အသေးစိတ်သိရှိလိုပါက ပြည်တွင်းအခွန်များဦးစီးဌာန၊ လူ့စွမ်းအား အရင်းအမြစ်စီမံခန့်ခွဲမှုဌာနခွဲ တယ်လီဖုန်းအမှတ် ၀၆၇-၃၄၃၀၀၁၂ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## မွေးမြူရေးသုတေသနဦးစီးဌာန(ရေဆင်း၊ နေပြည်တော်)
## လျှောက်လွှာခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးသုတေသနဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးနေရာများအတွက် လျှောက်လွှာများတင်သွင်းနိုင် ပါသည်-

| စဉ် | ရာထူး/လစာနှုန်း(ကျပ်) | လစ်လပ်နေရာ | ပညာအရည်အချင်း |
|---|---|---|---|
| (က) | ဒုတိယဦးစီးမှူး (၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) | (၆) နေရာ | B.Com/ B.Ecom (Eco/Stats)/ B.Act/ B.B.A/ B.P.A/ B.P.S/ B.B.Sc. (Accounting and Finance/Applied Statistics)/ B.C.Sc/ B.C.Tech/ A.G.T.I (EP/ E.C/ Civil)/ B.A.Sc |
| (ခ) | သုတေသနလက်ထောက်-၂ (၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) | (၃) နေရာ | B.V.Sc./ D.V.M, B.Sc.(Zool/ Marine Science/Fisheries and Aquaculture Science/ Microbiology/ Biochemi-stry/ Biotechnology/ B.A.Sc. |
| (ဂ) | ဒုတိယလက်ထောက်ဦးစီးမှူး (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | (၃) နေရာ | တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိသူ/ စိုက်/ မွေးဒီပလိုမာရရှိသူ |
| (ဃ) | သုတေသနလက်ထောက်-၄ (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | (၃) နေရာ | တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိသူ/ စိုက်/မွေးဒီပလိုမာရရှိသူ |
| (င) | အငယ်တန်းစာရေး (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | (၄) နေရာ | တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိသူ |
| | | | စုစုပေါင်း (၁၉) နေရာ |

၂။ လျှောက်ထားသူသည် -
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။
- (ခ) (၃၁-၈-၂၀၂၃)ရက်တွင် အသက်(၃၀)နှစ်၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက်(၄၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
- (ဂ) မဟာဘွဲ့ရပြီးသူများအတွက် အသက်(၃၅)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။
- (ဃ) ဒုတိယဦးစီးမှူးနှင့် သုတေသနလက်ထောက်-၂ ရာထူးနေရာများတွင် လျှောက်ထား သူများအနေဖြင့် အနည်းဆုံးလုပ်သက်တစ်ဆက်တည်း(၅)နှစ် တာဝန်ထမ်းဆောင် နိုင်သူဖြစ်ရမည်။
- (င) ဒုတိယလက်ထောက်ဦးစီးမှူး၊ သုတေသနလက်ထောက်-၄ နှင့် အငယ်တန်းစာရေး ရာထူးနေရာများတွင် လျှောက်ထားသူများအနေဖြင့် အနည်းဆုံးလုပ်သက် တစ်ဆက် တည်း(၃)နှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
- (စ) ကျန်းမာရေးကောင်းမွန်ပြီး ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။
- (ဆ) အစိုးရဌာနတစ်ခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း(Dismissal)၊ ရာထူးမှ ထုတ်ပယ်ခြင်း (Removal) ရာထူးခန့်ထားခြင်း အမိန့်စာမှပယ်ဖျက်ခံရသူများ လျှောက်ထားခွင့်မရှိပါ။

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ မအူပင်မြို့၊ အမှတ်(၅)ရပ်ကွက်၊ အကွက်အမှတ် (၅-G၊ အလယ်ပိုင်းရပ်ကွက်)၊ ဦးပိုင်အမှတ်(၅၅-ခ)၊ ဧရိယာ၀ ဒသမ ၀၂၁ ဧကရှိမြေသည် ဒေါ်စန်းစန်းအေး အမည်ဖြင့် (၂-၂-၂၀၂၃)မှ (၁-၂-၂၀၅၃)ထိ နှစ်(၃၀) မြေငှားဂရန်ရရှိထားပြီး ဒေါ်စန်းစန်းအေးထံမှ မအူပင်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်မှူးရုံး၏ ၂၄-၄-၂၀၂၃ရက်စွဲပါစာချုပ် အမှတ် (၁၄/၂၀၂၃) ဂရန်မြေ အရောင်း အဝယ်စာချုပ်ဖြင့် မအူပင်ခရိုင်၊ မအူပင်မြို့၊ (၅)ရပ်ကွက်၊ မင်းလမ်း၊ အမှတ်(၁၃၇) နေ ဦးမင်းခန့်ကျော် ၁၄/မအပ(နိုင်)၁၇၅၆၁၆၊ ဒေါ်ဆွေဆွေမြင့် ၁၄/မအပ(နိုင်)၁၃၉၈၆၂ တို့မှ ဝယ်ယူ၍ မြေငှားဂရန်အမည်ပြောင်း ရရှိရေးအတွက် မြေငှားဂရန်စာချုပ်၊ မအူပင်မြို့နယ် စာချုပ်စာတမ်း မှတ်ပုံတင်မှူးရုံး၏ ဂရန်မြေအရောင်းအဝယ်စာချုပ်နှင့် အခြားလိုအပ်သည့် စာရွက်စာတမ်း အထောက်အထားများနှင့် အတူ လျှောက်ထားလာမှုနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူကိုမဆိုယခု လျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လိုသူများသည် မအူပင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်နှင့်အညီ မြေငှားဂရန်အမည်ပြောင်း ထုတ်ပေးမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မအူပင်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ မအူပင်မြို့၊ အမှတ်(၅)ရပ်ကွက်၊ အကွက်အမှတ် (၅ G၊ အလယ်ပိုင်းရပ်ကွက်)၊ ဦးပိုင်အမှတ်(၅၅-က)၊ ဧရိယာ၀ ဒသမ ၀၄၁ ဧကရှိမြေသည် ဒေါ်စန်းစန်းအေး အမည်ဖြင့် (၃၀-၈-၂၀၀၇)မှ (၂၉-၈-၂၀၃၇)ထိ နှစ်(၃၀)မြေငှားဂရန်ရရှိထားပြီး ဒေါ်စန်းစန်းအေးထံမှ မအူပင်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်မှူးရုံး၏ (၂၄-၄-၂၀၂၃) ရက်စွဲပါစာချုပ်အမှတ် (၁၄/၂၀၂၃) ဂရန်မြေ အရောင်းအဝယ်စာချုပ်ဖြင့် မအူပင်ခရိုင်၊ မအူပင်မြို့၊ (၅)ရပ်ကွက်၊ မင်းလမ်း၊ အမှတ်(၁၃၇)နေ ဦးမင်းခန့်ကျော် ၁၄/မအပ(နိုင်)၁၇၅၆၁၆၊ ဒေါ်ဆွေဆွေမြင့် ၁၄/မအပ(နိုင်)၁၃၉၈၆၂ တို့မှ ဝယ်ယူ၍ မြေငှားဂရန် အမည်ပြောင်းရရှိရေးအတွက် မြေငှားဂရန်စာချုပ်၊ မအူပင်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်မှူးရုံး၏ ဂရန်မြေအရောင်း အဝယ်စာချုပ်နှင့် အခြားလိုအပ်သည့် စာရွက်စာတမ်းအထောက်အထားများနှင့်အတူ လျှောက်ထားလာမှုနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့်.. ကန့်ကွက်တင်ပြနိုင်သူမည်သူကိုမဆိုယခု လျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့် ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လိုသူများသည် မအူပင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်နှင့်အညီ မြေငှားဂရန်အမည်ပြောင်းထုတ်ပေးမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မအူပင်မြို့**

## ဖခင်အမည်မှန်

မင်္ဂလာဒုံမြို့နယ်၊ ဆရာဇော် ကိုယ်ပိုင်အထက်တန်းကျောင်း Grade-10(A)မှ မချိုဇင်ဦး၏ ဖခင်အမည်မှန်မှာ ဦးဇော်နိုင် ၁၂/ကမန (နိုင်)၁၁၅၂၂၇ ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ကျွန်မ မမာမာခိုင် ၅/အရတ(နိုင်)၀၈၅၉၀၂၏ နိုင်ငံကူးလက်မှတ် (MF-154719) သည် ၃လပိုင်းတွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၈၇၁၅၉၂၁၉၆

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းခရိုင်၊ ဇီးကုန်းမြို့နယ် (အထက) ဝွေးပင်ကုန်းကျောင်း Grade-10 မှ မောင်မြင့်မြတ်ပိုင်၏ ဖခင်အမည်မှန်မှာ ဦးကျော်ထွန်းမြင့် ၇/ဇကန(နိုင်)၀၅၉၁၅၃ ဖြစ်ပါသည်။

**ဦးကျော်ထွန်းမြင့်**

## အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်နေ ဦးထွန်းထွန်းနိုင် ၉/မလန(နိုင်)၁၆၈၂၇၆၏သား မှော်ဘီမြို့နယ်၊ အမက မူလွန်ဆပ်သွားတော Grade-1မှ မောင်အောင်ချမ်းမြေ့အားမောင်ဝေဖြိုးပိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ဝေဖြိုးပိုင်**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 26W/44555 ယာဉ်လက်ဝယ်ရှိသူ ဦး နေရန်အောင် ၉/ပဥလ(နိုင်)၀၃၇၈၇၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ပြင်ဦးလွင်)

## ငြင်းချက်ထုတ်ရန် ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ချမ်းမြသာစည်မြို့နယ်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၂၁

ဦးဆာမြူရယ်(ခ)ဦးဆာမိုးရီ **နှင့်** ဦးကျော်ဇံ
**တရားလို** **တရားပြိုင်**

မန္တလေးမြို့ ၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာမြို့သစ်၊ အကွက်(မမ-၁၀)နေ ဦးကျော်ဇံ (ဘ)ဦးချစ်မောင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တွင် တရားလို ဦးဆာမြူရယ်(ခ)ဦးဆာမိုးရီက " ကတိပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ် ဩဂုတ်လ ၂၃ ရက် (၁၃၈၅ ခုနှစ် ဝါခေါင်လဆန်း ၇ ရက်) မွန်းမတည့်မီ ၁၀ နာရီ တွင် အထက်က အမည်ရေးသားပါရှိသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် တရားရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေသည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီ ပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ် ဩဂုတ်လ ၁၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ထိုက်ထိုက်ထွန်း)**
**တွဲဖက်မြို့နယ်တရားသူကြီး(၃)**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာချက်

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ငန်းတေးဈေးလမ်း၊ ငန်းတေးရပ်၊ အမှတ်(၁၁၁)(N-1)နေ ကျွန်ုပ် ဦးဝင်းနောင်စိုးမှ အောက်ဖော်ပြပါ အမည်တံဆိပ်(၇)မျိုး

(၁) The Best
(၂) WOW
(၃) အကောင်းစား
(၄) ONE
(၅) ရိုးရာ
(၆) Natural

(၇) ရွှေလာဘ်အနက်မှ သင့်လျော်သော အမည်တံဆိပ်တစ်ခုဖြင့် သောက်ရေသန့် ထုတ်လုပ်ရောင်းချရန် စီစဉ်ထားရှိပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတစ်ဝန်းတွင်ရှိသော သောက်ရေသန့်စက်ရုံများမှ အမည်တူရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ် ဦးဝင်းနောင်စိုးထံ လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ၊ Viber ဖြင့် ဆက်သွယ်၍ဖြစ်စေ၊ Email ပို့၍ဖြစ်စေ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်း မပြုပါက သတင်းစာကြေညာချက်နှင့်အတူ အသုံးပြုလိုသောအမည်တံဆိပ်အမည်ဖြင့် အစားအသောက်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ အမည်တူထောက်ခံချက်ဆက်လက် လျှောက်ထားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဆက်သွယ်ရန်**
ဖုန်း-၀၉- ၇၉၉၉၉၂၉၃၆၊ Viber- ၀၉-၇၉၉၉၉၂၉၃၆
**E.mail: ngng. marshi @ gmail.com**

**ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ အကျယ်အဝန်း ပေ(၂၀x၆၀)ရှိသော (ဆ)ရပ်ကွက်၊ သုနန္ဒာ(၁၃)လမ်း၊ အမှတ်(၁၇၅/က)၊ မြေအမည်ပေါက် ဦးစိုးနိုင်-ဒေါ်တင်ရီ အမည်ဖြင့်တည်ရှိသော အိမ်အပါအဝင် အကျိုးခံစားခွင့်တို့နှင့်ပတ်သက်၍ အများသိစေရန် အသိပေးကြေညာခြင်း**

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူသည် အထက်ဖော်ပြပါမြေနှင့်အိမ်အား မြေအမည်ပေါက်သူကိုယ်တိုင်နှင့် ခင်ပွန်း၏ အမွေဆက်ခံခွင့်ရှိသူဖြစ်သော ဒေါ်တင်ရီ ၁၂/ဥကမ(နိုင်)၀၁၂၅၀၀က ရောင်းချရန် ကမ်းလှမ်းသည့်အတိုင်း ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေနှင့်အိမ် ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူများ၊ ကန့်ကွက်မည့်သူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံ သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဖော်ပြပါမြေနှင့် အိမ်အားဝယ်ယူခြင်းကို ဥပဒေနှင့်အညီ ပြီးပြတ်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးခိုင်ငွေး(LL.B, DBL, DIL)** | **ဒေါ်ခိုင်ဦးသူ (LL.B,DBL,DIL)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၉)** | **အထက်တန်းရှေ့နေ(စဉ်-၃၇၉၅၄)** |

**အမှတ်-၈၇၊ ဈေးကြီးလမ်း၊ မကျည်းတန်းတောင်/ရှေ့ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၂၅၈၈၀**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ပေါက်တောရပ်ကွက်၊ ဝိသာခါလမ်း၊ အမှတ်(၅)နေ ဒေါ်တင်တင်အေး၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။ ကျွန်ုပ်၏အမှုသည် ဒေါ်တင်တင်အေးနှင့် မိသားစုသည် အထက်ပါလိပ်စာတွင် ကောင်းသောဂုဏ်သတင်းဖြင့် အေးချမ်းသာယာစွာ နေထိုင်ကြသူများဖြစ်ကြပါသည်။ ဦးထွန်းကြည်၊ ဒေါ်တင်တင်အေးတို့တွင် သားသမီး(၅)ယောက်ထွန်းကားခဲ့ပါသည်။ ဦးထွန်းကြည်သည် ၃၀-၄-၂၀၂၃ရက်က ကွယ်လွန်သွားသဖြင့် မိသားစုပူဆွေးသောကရောက်နေပါသည်။ သားဖြစ်သူ မောင်သော်ဇင်ထွန်းသည် လွန်ခဲ့သော (၈)နှစ်က မိဘသဘောမတူသူနှင့် အိမ်ထောင်ပြုသွားသည့်အပြင် မိဘ၊ ညီအစ်ကို မောင်နှမများကို စိတ်ဆင်းရဲအောင်ပြုခဲ့သဖြင့် မောင်သော်ဇင်ထွန်းအား ထိုစဉ်ကပင် အမွေစား၊ အမွေခံသားအဖြစ်မှ အပြီးအပိုင်စွန့်လွှတ်ထားပြီးဖြစ်ပါသည်။ မောင်သော်ဇင်ထွန်းနှင့်ပတ်သက်သော အရှုပ်အရှင်းပြဿနာအရပ်ရပ်တို့သည် မိခင်ဒေါ်တင်တင်အေးအပါအဝင် ညီအစ်ကိုမောင်နှမများနှင့် တစ်စုံတစ်ရာ သက်ဆိုင်မှုလုံးဝမရှိကြောင်း အသိပေးကြေညာလိုက်ပါသည်။ ကျွန်ုပ်အမှုသည် မိသားစုအား အကြောင်းအမျိုးမျိုးပြ၍ ဖုန်းဖြင့်ဆက်သွယ်ခြင်း၊ ဂုဏ်သိက္ခာကျဆင်းအောင် ပြောဆိုခြင်း၊ ကိုယ်တိုင်လာရောက်တွေ့ဆုံနှောင့်ယှက်ခြင်းများပြုပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | | |
|---|---|---|---|
| **ဦးခင်ဇော်(မရမ်းကုန်း)** | **ဦးစိုးဝင်းမြင့်** | **ဒေါ်မျိုးသူဇာနွင်း** | **ဒေါ်ခိုင်ဇင်ထွန်း** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၁၀၆၂၃)** | **(စဉ်-၁၁၀၀၀)** | **(စဉ်-၁၄၂၁၆)** | **(စဉ်-၁၃၉၈၂)** |
| **ဖုန်း-၀၉-၂၅၃၂၂၅၁၅** | **ဖုန်း-၀၉-၄၄၁၃၆၈၅၄၅** | **ဖုန်း-၀၉-၂၅၄၂၁၈၀၂၄** | **ဖုန်း-၀၉-၇၇၄၉၄၈၉၄၅** |

## လုပ်ငန်းအမှတ်တံဆိပ်သတိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစိုးမြင့် ၁၂/ဥကတ(နိုင်)၁၈၅၃၀၁၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးကြေညာလိုက်သည်-

**စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် - ၆၆၃၉/၂၀၂၃**

အထက်ဖော်ပြပါ "i Star" လုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားကို ကျွန်ုပ်၏မိတ်ဆွေမှ ရန်ကုန်မြို့စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် ၂၁-၇-၂၀၂၃ရက်၌ မှတ်ပုံတင်ခဲ့ပြီးဖြစ်ပါသည်။ ထို့ကြောင့် ဖော်ပြပါလုပ်ငန်းအမှတ်တံဆိပ်ကို အသုံးပြု၍ ဖုန်းအမျိုးမျိုးပြင်ဆင်ခြင်း၊ ဖုန်းနှင့်ဖုန်းအပိုပစ္စည်းများဖြစ်သော ဖုန်းကာဗာအမျိုးမျိုး၊ ဖုန်းအားသွင်းကြိုး၊ အားသွင်းခေါင်းနှင့်ဖုန်းအပို ပစ္စည်းအမျိုးမျိုးတို့ကို ပုံစံအမျိုးမျိုးဖြင့် Internet, Website, Facebook ခေတ်နှင့် အညီ ပေါ်လာသည့်နည်းပညာအစရှိသည်တို့ အပါအဝင် ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းတွင် ဖြန့်ဖြူးရောင်းသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါလုပ်ငန်းအမှတ်တံဆိပ်အမည် အမှတ်အသားတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ ဆင်တူယိုးမှားပြုလုပ်ခြင်း၊ ထင်ယောင်ထင်မှားပြုလုပ်ခြင်း၊ တစ်နည်းနည်းဖြင့် တုပပြုလုပ်ပြီးသုံးစွဲခြင်းမပြုရန် သတိပေးကြေညာအပ်ပါသည်။ ယင်းသို့ အထက်ပါလုပ်ငန်းအမှတ်တံဆိပ်အား တုပပြုလုပ်ဆောင်ရွက်သည်များကို တွေ့ရှိပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရီရီသန့်**
**LL.B, D.B.L, D.M.L, D.I.L(W.I.P.O-Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၉၃၉)**
**အမှတ် (၅၂၅/ခ)၊ မင်းရဲကျော်စွာ(၄)လမ်း၊ (၇) ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၃၀၆၆၁၆၄ ၊ ၀၉-၇၉၆၆၀၀၂၁၇**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၄)၊ ရွှေစင်(၅)လမ်း၊ မြေကွက်အမှတ် (၄၃၈)၊မြေပေအကျယ်ပေ(၄၀x၆၀)၊ စတုရန်းပေ(၂၄၀၀)ရှိ ဦးကိုကို အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော ပျဉ်ထောင်အုတ်ညှပ်လုံးချင်း နေအိမ် အပါအဝင်ကို အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ပိုင်ဆိုင်လက်ဝယ်ထားရှိသူများဖြစ်ကြသော ဦးညဏ်လှိုင်ဝင်း ၇/ပမန(နိုင်)၁၀၄၂၄၀ နှင့် ဒေါ်ဇင်မာလှိုင် ၇/ပမန(နိုင်)၁၀၉၇၄၁ တို့က အထက်ပါ အိမ်ခြံမြေကွက်ကို မိမိတို့သာတရားဝင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်း၍ မိမိတို့မှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြု ပြောဆိုသဖြင့်အဆိုပါ အိမ်ခြံမြေကွက်အားအပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မွန်မွန်ဆွေ ၅/ကမန(နိုင်)၀၄၉၁၁၈၃ က ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကိုစရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်ရီရီသန့်**
**LL.B, D.B.L, D.M.L, D.I.L(W.I.P.O-Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၉၉၃၉)**
**အမှတ် (၅၂၅/ခ)၊ မင်းရဲကျော်စွာ(၄)လမ်း၊ (၇) ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၃၀၆၆၁၆၄ ၊ ၀၉-၇၉၆၆၀၀၂၁၇**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅ ၊ နည်းဥပဒေ-၂၀)
## မဟာအောင်မြေခရိုင်တရားရုံးတော်
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၁၁၄

ဦးအောင်ကျော်စံ **နှင့်** ဒေါ်ကြူကြူမွှေး
**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ဟေမမာလာတောင်ရပ်ကွက်၊ ဘီးတန်း၊ ၄၁(အေ)လမ်း၊ ၇၈x၇၉လမ်းကြား၊ အကွက်အမှတ်(၆၆၅)၊ အမှတ်(၃၁)နေ ဒေါ်ကြူကြူမွှေး (ဘ) ဦးကံငွေး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ချေးယူငွေကျပ်သိန်း(၄၀၀)နှင့်နစ်နာကြေးငွေကျပ်သိန်း(၁၀၀)၊ စုစုပေါင်းငွေကျပ်သိန်း(၅၀၀)တိတိရလိုမှုပေးစေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ခုနှစ် ဩဂုတ်လ ၂၈ရက် (၁၃၈၅ခုနှစ် ဝါခေါင်လဆန်း ၁၂ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင်အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ခုနှစ် ဩဂုတ်လ ၁၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စုစုလှိုင်)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**မဟာအောင်မြေခရိုင်တရားရုံး**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊
## အမှတ်(၂)တည်ဆောက်ရေး၊
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း
## (တင်ဒါအမှတ် - ၅ /၂၀၂၃ -၂၀၂၄)

၁။ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန၊ အမှတ်(၂) တည်ဆောက်ရေးမှ စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခန္တီးခရိုင်၊ လဟယ်မြို့၏ အနောက်တောင်ဘက် (၂)မိုင်ခန့်အကွာတွင် ဆောင်ရွက်လျက်ရှိသော ဟွေထိုက် အသေးစားရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ကျပ်သန်း(၂၀၀)အထက် တန်ဖိုးရှိ တည်ဆောက်ရေးသုံး ပစ္စည်းဖြစ်သော ဒီဇယ်ဆီ (ပရီမီယံ) ဂါလန်(၈၀၀၀၀) စီမံကိန်းလုပ်ငန်းခွင်စခန်း အရောက်ဝယ်ယူပို့ဆောင်ခြင်း (Lot- 16) အား ပြည်တွင်းတိုင်းရင်းသားလုပ်ငန်းရှင်ကုမ္ပဏီများသို့ မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံ ဆောင်ရွက်လိုပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံများနှင့် အသေးစိတ်အချက်အလက်များကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ အမှတ်(၂)တည်ဆောက်ရေး၊ လက်ထောက် ညွှန်ကြားရေးမှူး(မြို့ပြ)(၂)ရုံး၊ မန္တလေးမြို့တွင် သတ်မှတ်ရက်၊ ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။ လာရောက်ဝယ်ယူရာတွင် ကုမ္ပဏီတစ်ခုလျှင် ကိုယ်စားလှယ်တစ်ဦးသာ ကိုဗစ် - ၁၉ ရောဂါဆိုင်ရာအကာအကွယ် (Mask နှင့် Face Shield)များ ဝတ်ဆင်၍ လာရောက်ဝယ်ယူပေးပါရန် မေတ္တာရပ်ခံပါသည် -

| | | |
|---|---|---|
| **တင်ဒါလျှောက်လွှာပုံစံများစတင်** | - | ၁၅-၈-၂၀၂၃ ရက်၊ |
| **ရောင်းချမည့်ရက်နှင့်အချိန်** | | နံနက် ၉:၀၀နာရီ |
| **တင်ဒါလျှောက်လွှာပုံစံများနောက်ဆုံး** | - | ၂၈-၈-၂၀၂၃ ရက်၊ |
| **ရောင်းချမည့်ရက်နှင့်အချိန်** | | ၁၆:၀၀နာရီ |
| **တင်ဒါအဆိုပြုလွှာများတင်သွင်း** | - | ၂၈-၈-၂၀၂၃ ရက် |
| **ရမည့်ရက်နှင့်အချိန်** | | ၁၆: ၀၀ နာရီ |
| **ဆက်သွယ်ရန်ဖုန်း** | - | ၀၉-၄၂၄၀၄၁၀၉၀၊ ၀၉-၄၀၂၆၂၇၁၁၂ |

**တင်ဒါကော်မတီ**
**စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ပြည်ကြီးတံခွန်မြို့နယ်တရားရုံး
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၈၂

ဦးကိုကိုနိုင် **နှင့်** တပ်သား ကျင်ခန့်ထန်
**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ၆၁(အေ)လမ်း၊ ၁၂၂x၁၂၂(အေ) လမ်းကြား၊ ( င)ရပ်နေ တပ်သား ကျင်ခန့်ထန်(ဘ) ဦးလွန်ကျင်ဟောက် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌တရားလို ဦးကိုကိုနိုင် က မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှု လျှောက်ထား စွဲဆိုချက် ရှိသည်ဖြစ်၍၊ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်တို့၏ကိုယ်စားလှယ် ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပ ပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၃ ခုနှစ် ဩဂုတ်လ ၁၈ ရက် (၁၃၈၅ခုနှစ် ဝါခေါင်လဆန်း ၂ရက်)မွန်းမတည့်မီ (၁၀:၀၀) နာရီ တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကိုထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ် ဩဂုတ်လ ၁၁ရက်တွင် ဤရုံးတော်တံဆိပ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ထွန်းမင်းဦး)**
**တွဲဖက်မြို့နယ်တရားသူကြီး(၃)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စစ်ကိုင်းမြို့၊ ပန်းဘဲတန်းရပ်ကွက်၊ ကွင်း/ အကွက်အမှတ်နှင့်အမည် (၆/၂၆၊ ပန်းဘဲတန်း)၊ ဦးပိုင်အမှတ်(၄၅/ဟ-၁/၂)၊ မြေဧရိယာ ၀ ဒသမ ၀၇၇ဧက ရှိမြေသည် ဗိုလ်မှူးတင်မြင့်(ငြိမ်း) အမည်ဖြင့် မြေငှားဂရန်အမှုတွဲအမှတ် RP No. 35 of 2006-2007 (30 Years) မြေငှားဂရန် သက်တမ်းမှာ ၃-၅-၂၀၀၆ မှ ၂-၅-၂၀၃၆ရက်ထိဖြစ်ကြောင်း၊ အဆိုပါ မြေငှားဂရန်အနက် ဦးပိုင်အမှတ်(၄၅/ဟ-၁/၂-ခ)၊ မြေဧရိယာ ၀ ဒသမ ၀၄၀ဧကရှိမြေအား ၈-၉-၂၀၁၇ရက်တွင် ဦးတင်မြင့် ၁၂/ဒဂန(နိုင်)၀၁၀၄၉၀မှ ဦးမိုးမြင့်မောင် ၅/စကန(နိုင်) ၀၂၈၃၂၆သို့ အရပ်ကတိစာချုပ် ချုပ်ဆိုရောင်းချခဲ့၍ ဦးမိုးမြင့်မောင်မှ အဆိုပါဂရန်မြေကွက်အား လွန်ခဲ့သော(၆)နှစ်ခန့်ကဝယ်ယူခဲ့ပြီး လက်ရှိနေထိုင်သည်မှာ မှန်ကန်ကြောင်းကို ၁၅-၅-၂၀၂၃ရက်တွင် စစ်ကိုင်းမြို့နယ်တရားရုံး၌ ကျမ်းကျိန်ဆိုခဲ့ပြီး ၁၈-၅-၂၀၂၃ရက်တွင် ဦးမိုးမြင့်မောင်(ဘ)ဦးနီဝင်းမှ ဦးအောင်ကျော်မင်း (ဘ) ဦးသန်းမောင်- ဒေါ်အိအိခင် (ဘ) ဦးခင်မောင်လတ်တို့သို့ တရားဝင် မြေကွက်အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ စစ်ကိုင်းမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ တရားဝင်မှတ်ပုံတင်ထားရှိခဲ့ပါသည်။ ယခုအခါ လက်ရှိဝယ်ယူပိုင်ဆိုင်နေထိုင်သူ ဦးအောင်ကျော်မင်း-ဒေါ်အိအိခင်တို့အမည်ဖြင့် မြေငှားဂရန် ခွဲစိတ်/ အမည်ပြောင်း လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူ မည်သူမဆို ယင်းမြေကွက်နှင့်ပတ်သက်ပြီး ယနေ့မှစ၍ ၁၅ရက်အတွင်း စစ်ကိုင်း ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ (ရုံးချိန်အတွင်း) တရားဝင်ပိုင်ဆိုင်မှု အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးမှတင်ပြလာခြင်းကို လက်ခံစဉ်းစားမည်မဟုတ်ဘဲ တည်ဆဲမြေယာအက်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့**

## အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အောင်ဆန်းရပ်ကွက်နေ ဦးအောင်အောင်ချို ၁၂/အစန(နိုင်)၁၈၁၅၉၅၏သမီး မစုစုထက်လှိုင်၏ အမည်မှန်မှာ မစုစုစန္ဒာချိုဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မစုစုစန္ဒာချို**

## အမည်ပြောင်းနှင့်မိဘအမည်မှန်

ရွှေဘိုမြို့၊ T.W.S ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-3(B)မှ မောင်ဇမ္ဗူဘုန်းနိုင်အား မောင်ဟန်စစ်ထင်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်နှင့် ၎င်း၏မိဘအမည်မှန်မှာ ဦးစစ်နိုင်စိုး ၅/ကဘလ(နိုင်)၁၄၃၀၂၀ နှင့် ဒေါ်အေးမွန်မွန်ဝင်း ၅/ကဘလ(နိုင်)၁၅၁၇၁၅ ဖြစ်ပါသည်။

**မောင်ဟန်စစ်ထင်**
**ဦးစစ်နိုင်စိုး-ဒေါ်အေးမွန်မွန်ဝင်း**

## ဖခင်အမည်မှန်

အမရပူရမြို့၊ အမှတ်(၂)၊ အခြေခံပညာအထက်တန်းကျောင်း၊ Grade-8(A) မှ မောင်လင်းခန့်ကျော်၏ ဖခင်အမည်မှန်မှာ ဦးဇော်အောင်ဦး ၅/မမန(နိုင်)၀၇၇၁၂၀ ဖြစ်ပါကြောင်း။

**ဦးဇော်အောင်ဦး**

## လူပျောက်ကြော်ငြာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ်(မ-၇/၉)၊ ၆၂လမ်း၊ ၁၀၁ x ၁၀၂ လမ်းကြားနေ ဦးအလေးဖာ(ခ)ဦးဇော်ဆန်း၊ ဒေါ်ရှင်တို့၏ သမီးဖြစ်သူ မသဉ္ဇာသင်းစု(ခ) ကျင်းကျင်းသည် ၁၀-၇-၂၀၂၃ ရက်က နေအိမ်မှ သူငယ်ချင်း နှင့်အတူ အပြင်သို့ ထွက်လည်ပြီး အိမ်သို့ပြန်လည်ရောက်ရှိခြင်းမရှိဘဲ ပျောက်ဆုံးလျက်ရှိပါသည်။ သမီးဖြစ်သူ မသဉ္ဇာသင်းစု(ခ) ကျင်းကျင်းအား တွေ့ရှိပါက ကျွန်ုပ်တို့ထံသို့ လာရောက်အကြောင်းကြားပို့ဆောင်ပေးပါရန်နှင့် လက်ခံထားပါက (၁၀)ရက်အတွင်း ပြန်လည်ပို့ဆောင်ပေးပါရန် ပြန်လည်ပို့ဆောင်ခြင်းမရှိဘဲ လက်ခံထားပါက တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဆက်သွယ်ရန်**
**ဦးအလေးဖာ(ခ)ဦးဇော်ဆန်း-ဒေါ်ရှင် (မိဘများ)**
**အကွက်အမှတ်(မ-၇/၉)၊ မြို့သစ်(၁)ရပ်ကွက်၊ ၆၂လမ်း၊ ၁၀၁x၁၀၂လမ်းကြား ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း- ၀၉-၄၃၁၄၆၈၈၈၊ ၀၉-၉၇၁၄၈၈၈၈၉**

## အလိမ္မာ စာမှာရှိ

# မန်းမေတ္တာ ကားရောင်းဝယ်ရေးကုမ္ပဏီ (ထားဝယ်ရုံးခွဲ)မှ ကားအရစ်ကျဝယ်ယူထားသူများနှင့် အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်တို့မိတ်ဆွေကုမ္ပဏီဖြစ်သော မန်းမေတ္တာကားရောင်းဝယ်ရေးကုမ္ပဏီ(ထားဝယ်ရုံးခွဲ)မှ ရောင်းချသည့် ကားများအား အောက်ဖော်ပြပါ လူကြီးမင်းတို့သည် အရစ်ကျဝယ်ယူအသုံးပြုခဲ့ကြပါသည်။ ၎င်းတို့မှာ ၁။ ဒေါ်ဖြူဖြူလွင် (4Q-5293)၊ (1R-8164) (4R-1722)၊ ၂။ ဦးအောင်ဇော်ဦး (7P-9258)၊ (9P-8092)၊ ၃။ ဦးကိုကိုမင်း (3P-6672)၊ (3P-6674)၊ ၄။ ဦးနိုင်မျိုးသွင် (9P-8096)၊ ၅။ ကိုဦးဦး(5Q-2072)၊ ၆။ ဒေါ်အေးအေးကြူ (1P-3568)၊ (3P-7433)၊ ၇။ ဒေါ်သန်းသန်းနွယ် (5R-1491)၊ ၈။ ဦးအောင်နေဝင်း (4Q-3395)၊ ၉။ ဦးလှထွန်း (3Q-1916)၊ ၁၀။ ဦးသူရိန်မင်းမျိုး (2S-9177)၊ ၁၁။ ဦးထွန်းထွန်းလတ် (5Q-8948)၊ ၁၂။ ဦးအေးကို (6Q-8857)၊ ၁၃။ ဦးမောင်လေး (7R-1250)၊ ၁၄။ ဦးညီညီ (7Q-7185)၊ (၁၅)ဒေါ်ဝင်းပြည့်ပြည့်ငွေး (4R-3985)၊ ၁၆။ ဦးဖိုးစည် (IS-1766)၊ ၁၇။ ဦးတင်မင်းလွင် (1S-5634)၊ ၁၈။ ဦးစိုးရွှေ (4R-3261) ၁၉။ ဒေါ်မြင့်သန်း (2S-9169)၊ ၂၀။ ကိုနေလင်းသူ (6Q-8851)၊ ၂၁။ ကိုထွန်းလင်းဦး(6Q-5704)၊ ၂၂။ ကိုနေမျိုးစိုး (7Q-3963)၊ ၂၃။ ဒေါ်အိအိထွေး (5Q-5513)၊ ၂၄။ ဦးဇာနည်ထက် (1Q-1311)၊ ၂၅။ ဦးထိုက်(7Q- 7064)၊ ၂၆။ ဦးထက်မြတ်ကျော် (5Q-1975)၊ ၂၇။ ဦးအောင်ငွေး (5Q-8986)၊ ၂၈။ ဦးအောင်မျိုးထက် (3Q-7301)၊ ၂၉။ ဦးစိုးဝင်း (3R-9756)၊ ၃၀။ ဦးစိုးပိုင် (7Q-7158)၊ ၃၁။ ဦးရဲဝင်းစိုး (9Q-9690)၊ ၃၂။ ဦးကြည်စိုး (7Q-7876)၊ ၃၃။ ဦးညီလေးခိုင် (1R-8114)၊ ၃၄။ ဦးမင်းဇင်ဦး (1Q-2595)၊ ၃၅။ ဦးဇော်လင်း (5Q-8990)၊ ၃၆။ ဦးမင်းနိုင် (5R-2078)၊ ၃၇။ ဒေါ်တင့်တင့်ငွေး (6R-7331)၊ ၃၈။ ဦးလှထွေး (2Q-6754)၊ ၃၉။ ဦးမင်းကိုဦး(6Q-8973)၊ ၄၀။ ဦးပြည့်ဖြိုးဟိန်း (6Q-6392)၊ ၄၁။ ဦးမောင်မောင်စန်း (9P-9230)၊ ၄၂။ ဦးထွန်းနိုင် (ကစ) ဦးကျော်ထက်ခိုင် (1Q-7563)၊ ၄၃။ ဒေါ်ချောရတနာစိုင်း (6Q-9674)၊ ၄၄။ ဒေါ်မြတ်ငွေး (4Q-9629)၊ ၄၅။ ဦးစိုးဇော်ခိုင် (5Q-7166) တို့ ဖြစ်ပါသည်။

ထိုကဲ့သို့ မော်တော်ယာဉ်များအား အရစ်ကျဝယ်ယူရာတွင် လူကြီးမင်းတို့နှင့် ကျွန်ုပ်တို့မိတ်ဆွေကုမ္ပဏီကြားတွင် နှစ်ဦးသဘောတူ မော်တော်ကားရောင်းဝယ်ရေးကတိစာချုပ်များချုပ်ဆို၍ နှစ်ဦးသဘောတူ ကတိပဋိညာဉ်ပြုကာ ဝယ်ယူခဲ့ကြခြင်းဖြစ်ပါသည်။အထက်ပါ လူကြီးမင်းတို့ဝယ်ယူထားသည့် ကားများနှင့်ပတ်သက်၍ လူကြီးမင်းတို့ဘက်မှ ကုမ္ပဏီသို့ ပေးသွင်းရန်ကျန်ရှိနေသော ကားအရစ်ကျကျန်ငွေများနှင့်ပတ်သက်၍ ကျွန်ုပ်တို့မိတ်ဆွေကုမ္ပဏီ(ထားဝယ်ရုံးခွဲ)မှ အရစ်ကျရောင်းချထားသော ကားများနှင့်ပတ်သက်သည့် သက်ဆိုင်ရာ အရစ်ကျငွေစာရင်းအဝင်နှင့် အရစ်ကျပေးသွင်းရန် ကျန်ငွေစာရင်းများ အရစ်ကျပေးသွင်းရန် စတင်ပျက်ကွက်သည့် ကာလများမှာ သက်ဆိုင်ရာစာရင်းစစ်အဖွဲ့များမှ စစ်ဆေးပြီး ဖြစ်ပါသောကြောင့် လူကြီးမင်းတို့ဘက်မှ မိမိတို့ဝယ်ယူထားသော မော်တော်ယာဉ်များနှင့် ပတ်သက်၍ လူကြီးမင်းတို့ဘက်မှ ပေးသွင်းရန်ကျန်ရှိနေသော ကားအရစ်ကျ ကျန်ငွေများနှင့် ပတ်သက်၍ မည်ကဲ့သို့ ဆက်လက်ဆောင်ရွက်ပေးမည့် ကိစ္စရပ်များနှင့် ပေးသွင်းရန် ပျက်ကွက်ခဲ့သည့်လများအပေါ် ကျွန်ုပ်တို့မိတ်ဆွေကုမ္ပဏီ၏ နစ်နာမှုများအတွက် လူကြီးမင်းတို့နှင့် ကျွန်ုပ်တို့မိတ်ဆွေ ကုမ္ပဏီတို့အကြား ချုပ်ဆိုခဲ့သော စာချုပ်ပါ ကတိပဋိညာဉ်များအရ ဖြေရှင်းပေးရန် လိုအပ်နေပါသောကြောင့် အဆိုပါ ကိစ္စများအား ရင်ဆိုင်ဖြေရှင်းရန် အတွက် ယခုကြေညာပါသည့်ရက် မှ (၁)လအတွင်း မန်းမေတ္တာ ကားရောင်းဝယ်ရေး ကုမ္ပဏီ၏ မန္တလေးရုံးချုပ်သို့ ကိုယ်တိုင် လာရောက်ဖြေရှင်းပေးကြရန်နှင့်အကယ်၍ သတ်မှတ်ရက်အတွင်း ဖြေရှင်းရန် ပျက်ကွက်ခဲ့ပါက လူကြီးမင်း တို့နှင့် ကျွန်ုပ်တို့မိတ်ဆွေ ကုမ္ပဏီတို့ကြားချုပ်ဆိုထားခဲ့သော စာချုပ်ပါကတိပဋိညာဉ်များအရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မန်းမေတ္တာကားရောင်းဝယ်ရေးကုမ္ပဏီ(ထားဝယ်ရုံးခွဲ)မှ ကားအရစ်ကျ ဝယ်ယူထားသူများနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်နွယ်နွယ်သန်း ( LL.B )(စဉ်-၁၀၈၃၇) ဒေါ်လင်းသီရိကျော်(LL.B ) (စဉ်-၁၄၈၀၉)**

**တရားလွှတ်တော်ရှေ့နေများ**

**အကွက်(၈၅၂)၊ ချမ်း/တောင်ရပ်ကွက် ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း- ၀၉-၅၀၄၁၁၃၉၊ ၀၉-၄၃၁၇၁၂၅၃**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## ( တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀ )
## ချမ်းမြသာစည်မြို့ နယ်တရားရုံး
## ၂၀၂၃ ခုနှစ် တရားမကြီးမှုအမှတ်-၁၁၈

ဒေါ်ဝါဝါအောင် **နှင့်** တပ်ကြပ် စိုးဝင်း
**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ အိမ်အမှတ်(၅)၊ စက်မှု(၂) ၆၀x၆၁ လမ်းကြား၊ ကနောင်မင်းကြီးလမ်း၊ ပြည်ကြီးတံခွန်မြို့နယ်နေ တပ်ကြပ်စိုးဝင်း (ဘ)ဦးခင်အောင် သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ဝါဝါအောင်က “ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆို ပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ် ဩဂုတ်လ ၂၄ ရက် ( ၁၃၈၅ ခုနှစ် ဝါခေါင်လဆန်း ၈ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင်အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်း နှင့်သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ် ဩဂုတ်လ ၁၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မဂျီဂျာဆိုင်းပန်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## မြို့နယ်သမဝါယမအသင်းစုလီမိတက်
## ရေနံ့ဂိုဒေါင်မြေလေလံထုခွဲရောင်းချမည့်အစီအစဉ်

၁။ မန္တလေးတိုင်းဒေသကြီး၊ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ် သမဝါယမအသင်းစုလီမိတက်ပိုင် ရေနံ့ဂိုဒေါင်မြေနေရာဧရိယာ ၂ ဒသမ ၅၆၃ ဧကကို ဒုတိယအကြိမ် အိတ်ပိတ်လေလံတင်ထုခွဲရောင်းချသွားမည်ဖြစ်ပါသည်။

၂။ စဉ့်ကိုင်မြို့နယ်၊ မြို့သစ်ရပ်ကွက်၊ အကွက်အမှတ်(၂)၊ ဦးပိုင်အမှတ်(၇- ခ/၁)၊ (၇-ခ/၂)၊(၇ - ခ/၃) ဆက်သွယ်ရေးရုံး၊ မိုက္ကရိုဝေ့အနီးတည်ရှိပါသည်။

၃။ အိတ်ပိတ်လေလံဈေးနှုန်းတင်သွင်းလွှာပုံစံ (၁)စောင်လျှင် - ၂၀၀၀၀/- ကျပ်နှုန်း

| | | |
|---|---|---|
| ၄။ | **အိတ်ပိတ်လေလံဈေးနှုန်းတင်သွင်းလွှာ ပုံစံရောင်းချမည့်ရက်** | - ၁၀-၈-၂၀၂၃ ရက် မှ ၁၆-၈-၂၀၂၃ ရက်အထိ |
| ၅။ | အိတ်ပိတ်လေလံဈေးနှုန်းတင်သွင်းလွှာပုံစံ **ရောင်းချမည့်နေရာ** | - မြို့နယ်သမဝါယမအသင်းစုရုံး၊ ရန်နိုင်ရပ်ကွက်၊ စဉ့်ကိုင်မြို့။ |
| ၆။ | **တင်သွင်းရမည့်စပေါ်ငွေ** | - (၅၀၀၀၀၀၀ိ/-) (ကျပ်သိန်းငါးရာ/ - )တိတိ |
| ၇။ | **အိတ်ပိတ်လေလံဈေးနှုန်းတင်သွင်းလွှာ ပုံစံတင်သွင်းရမည့်နောက်ဆုံးရက် အချိန်/နေရာ** | - ၁၆-၈-၂၀၂၃ ရက်၊ (ဗုဒ္ဓဟူးနေ့) - ၁၆ :၀၀ နာရီ - စဉ့်ကိုင်မြို့နယ်သမဝါယမအသင်း စုရုံးလီမိတက်၊ ရန်နိုင်ရပ်၊ စဉ့်ကိုင်မြို့။ |
| ၈။ | **အိတ်ပိတ်လေလံဖွင့်လှစ်မည့် နေ့ရက်၊ အချိန်၊ နေရာ** | - ၁၇-၈-၂၀၂၃ ရက်၊ (ကြာသပတေးနေ့) - နံနက် ၁၀:၀၀နာရီ၊ မြို့နယ်သမဝါယမဦးစီးဌာနရုံး၊ စဉ့်ကိုင်မြို့ |

အသေးစိတ်သိရှိလိုပါက မြို့နယ်သမဝါယမဦးစီးဌာန ရုံး -ဖုန်း- ၀၆၆-၂၀၄၀၀၀၆ မြို့နယ်သမဝါယမအသင်းစုလီမိတက်ရုံး-ဖုန်း-၀၉-၄၂၅၈၆၀၆၀၆

**လေလံတင်ထုခွဲရောင်းချရေးအဖွဲ့**
**မြို့နယ်သမဝါယမအသင်းစုလီမိတက်**
**စဉ့်ကိုင်မြို့နယ်**

## အယူခံမှုဆိုင်ရန်ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့ အကြောင်းကြားစာ
## ( တရားမကျင့်ထုံးဥပဒေအမိန့်- ၄၁၊ နည်းဥပဒေ ၁၄ )
## အောင်မြေသာစံခရိုင်တရားရုံးတော်
## ၂၀၂၃ ခုနှစ် တရားမအယူခံမှုအမှတ် - ၁၉

မအေးရီ (၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ ဦးသိန်းသန်းမင်း) **နှင့်** ၁။ ဦးကြည်သိန်း (၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ ဦးဝင်းတင်)
၂။ ဦးစံရွှင်
၃။ ဒေါ်လှတင်
၄။ ကိုသိန်းဇော်
၅။ မသူသူ
၆။ ကိုအောင်အောင်
၇။ မအေး
၈။ မောင်ဇော်
၉။ ဒေါ်စန်းရီ
၁၀။ မောင်ကျော်ဇေယျ

**အယူခံတရားလို** **အယူခံတရားပြိုင်များ**

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်စွဲပါ ပုသိမ်ကြီးမြို့နယ် တရားရုံးမှ ၂၀၁၈ ခုနှစ်၊ တရားမကြီးမှုအမှတ်-၅၈ ကိုအယူခံမှု။

အယူခံတရားပြိုင်အမှတ်(၉) ဒေါ်စန်းရီ (ဘ)ဦးပိုင်၊ (ဌ)ရပ်ကွက်ကြီး၊ ညောင်ပင်ကုန်းရပ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့(ယခင်လိပ်စာ၊ ယခုလိပ်စာမသိ ) နေ သိစေရမည်။

ယခုအမှုတွင် ပုသိမ်ကြီးမြို့နယ် တရားရုံးတော်က ချပေးသည့် ဒီကရီကို အယူခံတရားလိုက အယူခံရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုအယူခံမှုကို ၂၀၂၃ ခုနှစ် ဩဂုတ် ၂၅ ရက် (၁၃၈၅ ခုနှစ် ဝါခေါင်လဆန်း ၉ ရက်)တွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက်ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ် စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်ကအယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကိုအမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ကန့်ကွက်လိုလျှင် အမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ချိန်းထားသည့် အချိန်အတွင်း သင်ကကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြားအစီရင်ခံစာ တင်သွင်းရမည်။

၂၀၂၃ ခုနှစ် ဩဂုတ် ၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။ **(နန်းကိန်ခမ်း)**

**ဒုတိယခရိုင်တရားသူကြီး (၂)**
**အောင်မြေသာစံခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/တောင်)၊ အောင်သစ္စာ(၈)လမ်း၊ မြေကွက်အမှတ် (၇၁၆/က) (အလျား၂၀ပေx အနံ ၆၀ ပေ)အကျယ်အဝန်းရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဂရန်အမည်ပေါက် ပိုင်ဆိုင်သူ ဒေါ်ဟေမာသက်ဇွန်ဦး ၁၂/သကတ(နိုင်)၁၅၁၂၇၆ မှ မိမိသာလျှင် တရားဝင်ပိုင်ဆိုင်ကြောင်း၊ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာကင်းရှင်းကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေက အဆိုပါမြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင်းဝင်းနွယ်(B.A(ECO)H.G.P)**
**အထက်တန်းရှေ့နေ (စဉ်-၁၁၈၆၉)၊**
**အမှတ်-(၁၂၈/က)၊ ဟိုင်ဆင်ဒူးဝါးလမ်း၊ (၁၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ ။**
**ဖုန်း-၀၉ -၉၅၃၈၀၇၄၄၉**

## အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၁၊ နည်းဥပဒေ-၈ )
## မဟာအောင်မြေခရိုင်တရားရုံးတော်
## ၂၀၂၂ ခုနှစ် တရားမအထွေထွေမှုအမှတ် - ၄၈

BHOME YAUNG SHWE GONE COMPANY LIMITED **လျှောက်ထားသူ**

**(ကိုယ်စားတာဝန်ပေးအပ်ခြင်းခံရသူ ကုမ္ပဏီမန်နေဂျာ ဦးကျော်ဇော)**

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်၊ နှင်းဆီလမ်း၊ အမှတ်(၁၀၄/၁၀၅)၊ ဖဖ-(၆)တွင် နေထိုင်သော BHOME YAUNG SHWE GONE COMPANY LIMITED (ကိုယ်စားတာဝန်ပေးအပ်ခြင်းခံရသူ ကုမ္ပဏီမန်နေဂျာ ဦးကျော်ဇော)က ၂၀၁၇ခုနှစ် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ-၄၃၁(စ) အရ ကုမ္ပဏီ၏အမည်ကို ကုမ္ပဏီမှတ်ပုံတင်စာရင်းတွင် ပြန်လည်ဖော်ပြပေးစေလိုမှု လျှောက်ထားချက်ရှိသဖြင့် အဆိုပါ လျှောက်ထားချက်အပေါ် အကျိုးစီးပွားသက်ဝင်သည်ဟု အဆိုရှိသူ ခပ်သိမ်းတို့အား အဆိုပါအမှုတွင် အမှုသည်အဖြစ် ပါဝင်လိုပါက ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ် နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ခုနှစ် ဩဂုတ်လ ၂၉ ရက် (၁၃၈၅ ခုနှစ်၊ ဝါခေါင်လဆန်း ၁၃ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ရုံးတော်သို့ လာရောက်ရမည်။

၂၀၂၃ ခုနှစ် ဩဂုတ်လ ၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မျိုးမင်း)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**မဟာအောင်မြေခရိုင်တရားရုံး**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(ပပ-၂၂)၊ ဦးပိုင်အမှတ်(၃၅)၊ ၆၆ လမ်းနှင့် ၆၇ လမ်းကြား၊ ၁၃၅ လမ်းနှင့် ၁၃၆ လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဦးအောင်မြထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ် (၆၈၉/၁၉၉၉) ဖြင့် ဦးနိုင်အောင်ကျော်က ဝယ်ယူခဲ့ပြီး ဦးနိုင်အောင်ကျော်ထံမှ မှတ်ပုံတင် အရောင်းအဝယ် စာချုပ်အမှတ် (၂၈၂၆/၂၀၀၁)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ကြည်မြင့်လှ ၂/လကန(နိုင်) ၀၄၅၂၇၅ ၏(SP ရသူ ဦးဝင်းငွေး)က အမည်ပြောင်းမည့်သူ ဒေါ်ကြည်မြင့်လှ၏ မှတ်ပုံတင်၊ အိမ်ထောင်စုဇယားတို့ တင်ပြရမည်ဖြစ်သော်လည်း ငှားရမ်း၍ မရကြောင်း တင်ပြစာ၊ တောဂရန် စာချုပ်နှင့်အတူ အမှုတွဲအမှတ် (၃၃၂၂/၂၀၂၃-၂၀၂၄) ဖြင့် တောမှ မြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ကိုရဲလွင်ဦး ၇/ပတန(နိုင်)၁၁၁၂၇၄ ၏ ပတ်စ်ပို့နံပါတ် MA-428541 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၇၂၇၆၁၁၆၁**

## ပျောက်ဆုံးကြောင်း

ဘုန်းကြီး ဦးစန္ဒောဘာသ (Passport ME 665275) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၉၁၉၀၇၇၄**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၃-၈-၂၀၂၃ ရက်ထုတ် ဤသတင်းစာ၏စာမျက်နှာ (၂၅) ကညန တိုင်းဒေသကြီး ဦးစီးမှူးရုံး(ပဲခူး)၏ ယာဉ်အမှတ် 3M/1123 ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း ကြော်ငြာတွင် ဒေါ်နိုင်နိုင်မာ ၁၂/မကတ အစား ၁၂/ကမတ(နိုင်)၀၄၀၉၂၉ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

### ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်ငွေးမြင့်
### အသက်(၈၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ (ဦးလှငွေ-ဒေါ်ခင်သန်း)တို့၏သမီး၊ (ဦးခင်မောင် - ဒေါ်ခင်သန်းညွန့်) ၏ဇနီး၊ ဒေါက်တာ ခင်မောင်ဦး-ဒေါက်တာညွန့်ညွန့်ဝေ၊ ဦးခင်မောင်သန်း-ဒေါ်သန္တာသွင်၊ ဒေါက်တာခင်မောင်ဝင်း-ဒေါက်တာရွှေစင်ဦး၊ (ဦးစိုးမောင်)-ဒေါ်ခင်သန်းမြင့်၊ ဦးခင်မောင်အေး-ဒေါ်စန်းစန်း၊ ဦးခင်မောင်သိန်း-ဒေါ်ရီရီသန်း၊ ဦးခင်မောင်သောင်း-ဒေါ်ရင်ရင်မြ၊(ဦးခင်မောင်မြင့်)-ဒေါ်စုစီလှသန္တာ၊ (ဦးခင်မောင်ကျော်)၊ (ဦးခင်မောင်အုန်း)၊ ဦးရန်လင်းအောင်-ဒေါ်သူဇာခင်တို့၏မိခင်၊ မြေး(၂၁)ယောက်၊ မြစ်(၁၉)ယောက်တို့၏အဖွားဖြစ်သူ ဒေါ်ခင်ငွေးမြင့်သည် ၁၃-၈-၂၀၂၃ရက်(တနင်္ဂနွေနေ့) ည၉:၅၀နာရီတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ ပင်လုံဆေးရုံကြီးတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၁၄-၈-၂၀၂၃ရက်(တနင်္လာနေ့)ညနေ၃:၃၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၉-၈-၂၀၂၃ရက်(စနေနေ့) နံနက်တွင် ရက်လည်ဆွမ်းကျွေး တရားနာယူမည်ဖြစ်ပါသဖြင့် အမှတ်(၉၅၈)၊ ဖေယျာသီရိလမ်း၊ (၃၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်သို့ ကြွရောက်နိုင်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်ငွေးမြင့်
### အသက် (၈၈)နှစ်

နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်သူဇာခင်၏ မိခင်ဖြစ်သူ ဒေါ်ခင်ငွေးမြင့်သည် ၁၃-၈-၂၀၂၃ရက် (တနင်္ဂနွေနေ့) ၂၁:၅၀ နာရီတွင် (၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ**
**နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန**

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးတင်မောင်ရီ
### ညွှန်ကြားရေးမှူး(ရှာဖွေရေးနှင့် ဖွံ့ဖြိုးရေး)(ငြိမ်း)
### အသက်(၇၀)နှစ်

ရန်ကုန်မြို့၊ 11 D၊ စံပယ်ဖြူကွန်ဒို၊ ဇဝနရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်နေ ဒေါ်ဝင်းမာကို၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ရဲမင်းလှိုင်၊ ဒေါက်တာရည်မွန်ငြိမ်းတို့၏ချစ်လှစွာသောဖခင် မသွန်းရွှေရေးအိမ်၏ချစ်လှစွာသော အဘိုး ဦးတင်မောင်ရီ ညွှန်ကြားရေးမှူး(ရှာဖွေရေးနှင့် ဖွံ့ဖြိုးရေး)(ငြိမ်း)သည် ၁၃-၈-၂၀၂၃ရက် ညနေ ၁၆:၂၃ နာရီတွင် ၎င်းနေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အရာထမ်း၊ အမှုထမ်းများ**
**မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ နီလာလမ်း၊ အမှတ်(၆)၊ တတိယထပ်၊ အကျယ်အဝန်း(ပေ ၄၀ x ပေ ၆၀) တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အပါအဝင် အားလုံးကို ဒေါ်အိသန္တာကျော် (ဘ)ဦးသိန်းသိန်းသန်း (၆/ကဆန(နိုင်)၀၇၉၉၀၄) က မိမိပိုင်ဆိုင်လက်ဝယ်ရှိသော အခန်းဖြစ်ပြီး ရောင်းချလိုကြောင်း ကမ်းလှမ်းလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်များနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်၍ တိုက်ခန်းကို လက်ရောက်ရယူမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စန္ဒာအောင်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၅၂၇)**
**အမှတ်(၂၁)၊ ဥသဘဖရားလမ်း၊ ကျိုက္ကဆံရပ်ကွက်၊**
**ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၁၀၁၁၅၀၇**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဥတ္တရသီရိမြို့၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၁/ဥတ္တရသီရိမြောက်ရပ်၊မြေရေိယာ(၀.၂၂၉ )ဧက၊ မြေကွက်အမှတ်(ဥ-၅၂၇၆)၊ ဦးအေးကို ၉/မနတ(နိုင်)၀၅၁၁၉၅(ဘ)ဦးထွန်းမောင် အမည်ပေါက်နှစ်(၃၀) မြေငှားစာချုပ်မြေကွက်ကို ဒေါ်ဥမ္မာလွင် ၁၂/လကန(နိုင်)၀၂၄၈၆(ဘ) ဦးခင်မောင်လွင်မှ မန္တလေးမြို့ စာချုပ် စာတမ်းမှတ်ပုံတင်ရုံး၏ အထူး/ကိုယ်စားလှယ်လွှဲစာအမှတ် ၁၃၆၀/၂၀၂၃(၂၃-၂-၂၀၂၃) တင်ပြ၍ ဒေါ်စိမ့်သန္တာသက် ၁/မကန(နိုင်) ၂၀၆၀၉၃ (ဘ)ဦးသက်အောင်အမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီဂရီများ အထောက် အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
## ဒေါ်ခင်ခင်ငွေး
### အသက်(၉၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၄)ရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ်(5/D-2A) နေ (ဦးသန်းငွေး) ၏ဇနီး၊ ဦးတင်ဦး-ဒေါ်သီတာငွေး၊ ဒေါ်စန္ဒာငွေး၊ ဦးမျိုးအောင်ငွေး - ဒေါ်အေးအေးမြင့်၊ ဦးတိုးအောင်ငွေး - ဒေါ်နော်ဇာမော်၊ ဦးညီညီဘော်-ဒေါ်နီလာငွေး၊ ဦးဇော်ထွန်း-ဒေါ်မာလာငွေး၊ ဦးအေးသန့် - ဒေါ်ဥမ္မာငွေးတို့၏ ကျေးဇူးရှင် မိခင်ကြီး၊ မြေး(၁၂)ယောက်၊ မြစ်(၆)ယောက်တို့၏ ချစ်လှစွာသော ကျေးဇူးရှင်ဘွားဘွားကြီးသည် ၁၄-၈-၂၀၂၃ ရက် (တနင်္လာနေ့) နံနက် ၀၂:၂၆ နာရီတွင် (၉၆)ပါးသော ရောဂါဖြင့် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၈-၂၀၂၃ ရက် (တနင်္လာနေ့) နံနက် ၀၉:၃၀ နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးဆွေမျိုး မိတ်ဆွေများအား အသိပေးအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

# ဝမ်းနည်းကြေကွဲခြင်း

Pacific High Technology International Co.,Ltd မှ Director ဦးသန်းဝင်း ၏ မိခင်ကြီး ဒေါ်မော်ဟွမ်တုံး အသက်(၉၁)နှစ်သည် ၁၃-၈-၂၀၂၃ ရက်တွင် လားရှိုးမြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် အတူ ဝမ်းနည်းကြေကွဲရပါသည်။

**Pacific High Technology International Co.,Ltd မိသားစု**

### ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အောင်ကျော်စံ ၈/ပခက(နိုင်)၂၆၀၄၁၀ ၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၆၄၀၀၀၂၉၀**

### ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ်၊ ငန်းပြားအုပ်စု၊ အထက(ခွဲ) (ငန်းပြား) Grade-10 မှ မငွေးငွေးနိုင်၏ ဖခင်အမည်မှန်မှာ ဦးတင်ထွန်းအောင် ၈/ဆပဝ(နိုင်)၀၈၄၁၃၇ ဖြစ်ပါကြောင်း။

**ဦးတင်ထွန်းအောင်**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 59W/87463, Luojia 110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဖြူဖြူဖွေး ၁၄/အမန(နိုင်) ၁၂၈၇၇၇ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ပုသိမ်မြို့)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 65W/28831, Honda Wave -110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ပိုင်ဟိန်း ၁၄/ရကန(နိုင်)၁၀၆၈၄၈ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေငြာခြင်း

ပဲခူးမြို့၊ ကလျာဏီရပ်ကွက်၊ ခေမာကျော်စွာလမ်း၊ အမှတ်(၄/၂၉၈) ဟုခေါ်တွင်သည့် အလျားပေ(၄၀) Xအနံ (၆၇.၅) ပေရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အုတ်ညှပ်(၁)ထပ်တိုက်အိမ် (၁)လုံး (ဒေါ်နှင်းနှင်းဝေအမည်ပေါက်အိမ်သုံးလျှပ်စစ်မီတာ(၁) လုံး၊ အဝီစိတွင်း (၁)တွင်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို စာချုပ်အဆက်စပ်ဖြင့် လက်ရှိထားပိုင်ဆိုင်သူများဖြစ်ကြသော ဦးထွန်းအောင်ကျော် ၇/ပခန(နိုင်)၆၂၀၇၂ နှင့်ဇနီး ဒေါ်နှင်းနှင်းဝေ ၇/ပခန(နိုင်)၃၁၄၄၈၀ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးမြတ်ပိုင်က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေကိုပေးချေခဲ့ပြီးဖြစ်ရာအရောင်းအဝယ်အား ကန့်ကွက်လိုသူများ ရှိပါက ဤကြေငြာပါသည့်ရက်မှစ၍ (၁၀)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနေဇော်လင်း(LL.B.)အထက်တန်းရှေ့နေ (စဉ် - ၄၉၁၂၈/၁၇)**
**အမှတ်(၉၉၅)၊ ရွှေသာလျောင်းလမ်းမ၊ မဇင်းရပ်ကွက်၊ ပဲခူးမြို့၊**
**ဖုန်း-၀၉-၉၇၉၉၇၆၈၀၈**

### ဘုရား၊ သိမ်၊ ကျောင်း၊ ရဟန်း ဒါယကာကြီး
## ဆရာကြီး ဦးမြဝင်း၊ ခရိုင်ပညာရေးမှူး(ငြိမ်း)
### အင်္ဂပူမြို့
### အသက်(၈၇)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့၊ သုံးပင်ကွင်းရပ်ကွက်၊ အိမ်အမှတ်(၁၄၇) နေ (ဦးမောင်လှိုင်-ဒေါ်ပုစိန်)တို့၏သား၊ (ဦးသန်းမောင်-ဒေါ်မြ)တို့၏သားသမက်၊ (ဒေါ်ညွန့်ရည်)၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးသန်းထွန်း)၊ (ဦးသန်းဝင်း- ဒေါ်သန်းလှ)တို့၏ညီ၊ ဦးဟန်မြင့်-(ဒေါ်မြင့်မေ)၊ ဦးခင်ဝင်း-ဒေါ်မြင့်ဆွေတို့၏အစ်ကို၊ ဦးတေဇာဝင်း-ဒေါ်မီမီအောင်၊ ဦးသိန်းအောင်-(ဒေါ်ဥမ္မာဝင်း)၊ ဦးအောင်ကျော်သန်း-ဒေါ်စန္ဒာဝင်း၊ ဦးဇေယျာဝင်း-Leakhana Anna၊ ဦးလင်းလှိုင်-ဒေါ်သိင်္ဂီဝင်းတို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မြေး(၈)ယောက်၊ မြစ်(၁)ယောက်တို့၏ အဘိုးသည် ၁၂-၈-၂၀၂၃ ရက် (စနေနေ့) ညနေ ၆:၀၀ နာရီ တွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၈-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂:၀၀ နာရီတွင် ဟင်္သာတမီးသင်္ဂြိုဟ်စက်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စဉ့်ငူရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၀၀/ဘီ၊ စဉ့်ငူ)၊ မြေ ကွက်အမှတ် (၆၈/ခ)၊ အကျယ်အဝန်း(၃၁ပေx၆၅ပေ)ရှိ မြေအမျိုးအစား-B မြေပိုင် ၃(ခ)ထုတ်ပေးသည့်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဒေါ်ဝင်းကြည်(၁၂/အစန(နိုင်)၀၉၄၉၆၈) ကအမည်ပေါက် ပိုင်ဆိုင်ပြီး၊ ၎င်းထံမှ ဦးခင်ဇော် ၁၂/လမန(နိုင်)၁၆၆၁၄၄ က ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားကာ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသောကြောင့် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်း(မူရင်း)အထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်၍ စာချုပ်ပြုလုပ်ချုပ်ဆိုသွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| ဦးမိုးမင်းဆွေ | ဒေါ်ခင်မာနွယ် | ဒေါ်နန်းစုမြတ်နိုးထွဋ် |
| (LL.B, D.B.L) | (LL.B, D.B.L) | (LL.B) |
| (စဉ်-၁၄၄၀၄) | (စဉ်-၁၄၂၆၂) | (စဉ်-၁၇၅၉၀) |

**တရားလွှတ်တော်ရှေ့နေများ**

| | |
|---|---|
| ဒေါ်ချောရူပါဝင်း(LL.B) | ဒေါ်အေးမြတ်သွေး(LL.B) |
| (စဉ်-၅၂၅၉၃) | (စဉ်-၄၇၉၅၈) |

**အထက်တန်းရှေ့နေများ**

Legal Chance Office: အမှတ်(၄၈)၊နတ်မောက်လမ်းသွယ်(၁)လမ်း၊ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၄၅၇၅၆၈၂၁၊ ၀၉-၄၃၁၆၇၂၉၆၊ ၀၉-၄၂၀၂၂၁၂

### ဖခင် အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ်၊ ငန်းပြား အုပ်စု၊ အထက(ခွဲ)(ငန်းပြား)Grade-11 မှ မယုယုခိုင်နှင်း၏ ဖခင်အမည်မှန်မှာ ဦးဇော်မင်း ၈/ ဆပဝ(နိုင်) ၀၅၅၇၂ ဖြစ်ပါကြောင်း။

**ဦးဇော်မင်း**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 62W/77497, Honda Wave-100, M/C ယာဉ်လက်ဝယ်ရှိသူ ဦးတင့်ဆွေ ၇/သကန(နိုင်)၀၃၈၅၉၆ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ပြည်)ပြည်မြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 52W/39639, Honda Click -125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးထိုက်သူအောင် ၁၄/ပသန(နိုင်)၂၉၇၃၁၆ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၉ယ/၉၆၆၅၁, Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သောင်းဝေ ၆/လလန(နိုင်) ၀၃၇၅၉၄ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ထားဝယ်)**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၁၃)ရပ်ကွက်၊ အောင်ချမ်းသာလမ်း၊ Pyae Sone Chan Thar Residence၊ တိုက်အမှတ်(၄/ခ)၊ (၄-လွှာ)၊ အခန်းအမှတ်(၄၀၃)၊ အကျယ်အဝန်း(၈၉၃-စတုရန်းပေ)ရှိ ကွန်ဒိုတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးအောင်သူရထွန်း(၁၂/ဥကတ(နိုင်)၁၈၀၁၉၅)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ တရားဝင်ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| **ဦးဇော်မျိုးနိုင်** | **ဒေါ်ဆောင်းဝတ်ရည်နှင်း** |
| LL.B, D.B.L | LL.B, D.B.L |
| အထက်တန်းရှေ့နေ (စဉ်-၄၅၆၅၃) | အထက်တန်းရှေ့နေ (စဉ်-၅၀၅၇၃) |

အမှတ်(၇၂/မြေညီ)၊ ငမိုးရိပ်(၁၀)လမ်း၊ အပိုင်း(၄)၊ ငမိုးရိပ်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉ ၂၅၀၂၉၀၇၈၁ ၊ ၀၉ ၇၉၆၇၆၇၇၂၅

❖ စာသင်ကျောင်းဆိုသည်မှာ စာပေသင်ကြားပေးသည့် နေရာသက်သက်သာမဟုတ်ဘဲ ပညာရေး၏ အနှစ်သာရဖြစ်သည့် အသိဉာဏ်ပညာဆိုင်ရာ ဗဟုသုတများ ပေးအပ်ခြင်း၊ စဉ်းစားတွေးခေါ်နိုင်စွမ်း၊ အမှားအမှန်ခွဲခြားသုံးသပ်နိုင်စွမ်းနှင့် နိုင်ငံသား ကျင့်ဝတ်၊ လူမှုကျင့်ဝတ်များကို သင်ကြားပေးသည့် နေရာမျိုး ဖြစ်ရန်လို ...

❖ သို့မှသာ မိမိကိုယ်မိမိ အကျိုးပြုနိုင်သည့်၊ လူမှုပတ်ဝန်းကျင်ကို အကျိုးပြုနိုင်သည့်၊ နိုင်ငံတော်ကို အကျိုးပြုနိုင်သည့် လူကောင်းလူတော် နိုင်ငံ့သားကောင်းများကို မွေးထုတ်ပေးနိုင်မည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ၅ နှစ် သင်တန်းအမှတ်စဉ် (၅) ကျောင်းသား၊ ကျောင်းသူများကို တွေ့ဆုံအမှာစကား ပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်ပြန်ထားသော အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာမှုမရှိသဖြင့် နိုင်ငံခြားငွေများ ဝယ်ယူရောင်းချ လဲလှယ်ပေးခွင့်လိုင်စင်ရ ကုမ္ပဏီ (၁၃) ခုကို ရုပ်သိမ်းကြောင်း ထုတ်ပြန်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်
နေပြည်တော်
သတင်းထုတ်ပြန်ချက်
၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ခွင့်ပြုထုတ်ပေးထားသည့် အောက်ဖော်ပြပါ နိုင်ငံခြားငွေများ ဝယ်ယူရောင်းချလဲလှယ်ပေးခွင့်လိုင်စင်ရ ကုမ္ပဏီ (၁၃) ခုသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်ပြန်ထားသော အမိန့်နှင့်ညွှန်ကြားချက်များကို လိုက်နာမှုမရှိသဖြင့် နိုင်ငံခြားငွေများ ဝယ်ယူရောင်းချလဲလှယ်ပေးခွင့်လိုင်စင် (Money Changer License) အား အမှုဆောင်ကော်မတီ အစည်းအဝေးဆုံးဖြတ်ချက်အရ ရုပ်သိမ်းကြောင်း အများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာအပ်ပါသည်-

( ၁ ) Prime Residence Co., Ltd
( ၂ ) West Line Co., Ltd
( ၃ ) IMA Co., Ltd
( ၄ ) Great Father Great Sons General Trading Co., Ltd
( ၅ ) Gold Foil Co., Ltd
( ၆ ) Big Lion Gems Co., Ltd
( ၇ ) Global International Investment & Development Co., Ltd
( ၈ ) World Fortune International Finance Group Shares Co., Ltd
( ၉ ) Myat Nan Yone Services Co.,Ltd
(၁၀) LP Holding Co., Ltd
(၁၁) Golden Myanmar Asia Crown Travels & Tours Co., Ltd
(၁၂) Yangon KSA Travels & Tours Co., Ltd
(၁၃) Balance Co., Ltd



## ဖားကန့်မြို့နယ် မနမော်၌ မြေပြိုကျမှုကြောင့် ရေမဆေးကျောက်ရှာဖွေသူ ၁၀ ဦးခန့် ပျောက်ပါနစ်မြုပ်၊ ခုနစ်ဦးအား ကယ်ဆယ်ရရှိ

ဖားကန့် ဩဂုတ် ၁၄

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ် မနကျေးရွာ အနောက်ဘက် မနမော်ရှိ မျိုးနွယ်ကုမ္ပဏီ လုပ်ကွက်ကျင်းပောင်းရေကန်၌ ယမန်နေ့ ညနေ ၄ နာရီခန့်က မြေပြိုကျမှုကြောင့် ရေမဆေးကျောက်ရှာဖွေသူ ၁၀ ဦးခန့် ပျောက်ပါသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မနကျေးရွာ၏ အနောက်ဘက်တွင်ရှိသည့် မနမော်သက်တမ်းကုန် လုပ်ကွက်ဟောင်း၌ အမြင့်ပေ ၁၀၀ ခန့်ရှိ မြေစာပုံသည် ရာသီဥတု အခြေအနေကြောင့် မြေပွကာ မြေပြိုကျပြီး အနီးရှိ ရေကန်အတွင်းသို့မြေစာများ ကျရောက်သဖြင့် *စာမျက်နှာ ၁၂ ကော်လံ ၅* ❋

## မြစ်ရေကြီးမှုအခြေအနေ

နေပြည်တော် ဩဂုတ် ၁၄

**စစ်တောင်းမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့် ကျော်လွန်ရောက်ရှိနေပါသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်ပါသည်။

*စာမျက်နှာ ၁၂ ကော်လံ ၅* ❍

## ယနေ့ မာတိကာ

**အိန္ဒိယနိုင်ငံ ဟီမာချယ်ပရာဒက်ရှ်ပြည်နယ်တွင် ရေကြီးမှုနှင့် မြေပြိုမှုများကြောင့် သေဆုံးသူ ၂၁ ဦးရှိ၊ အများအပြား ပျောက်ဆုံးနေ**

နိုင်ငံတကာသတင်း စာ ၁၃

AFC Cup **အကြိုခြေစစ်ပွဲအဖြစ် ရန်ကုန်ယူနိုက်တက်နှင့် ဘရူနိုင်းကလပ် ယှဉ်ပြိုင်မည်**

ပြည်တွင်းသတင်း စာ ၁၆